# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာနေရ**

တရားတည်းဟူသော အမြိုက်ရေကို သောက်ရသူသည် အထူးသန့်ရှင်း ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာ နေရ၏။ ပညာရှိသည် အခါခပ်သိမ်း အရိယာသူတော်ကောင်းတို့ ဟောအပ်သော (ဗောဓိပက္ခိယ) တရား၌ မွေ့လျော်၏။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၉)


၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက် | ၂၀၂၁ ခုနှစ်၊ ဩဂုတ် ၂၄ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၀)၊ အမှတ် (၃၂၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၄/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

## ဘဏ်များနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ငွေသားကို အဓိကသုံးစွဲလျက်ရှိပြီး E-Banking စနစ် သုံးစွဲမှုအားနည်းနေသေး၊ မိမိတို့အား ထိခိုက်စေရန်အတွက် စီးပွားရေးအရ ဘဏ်စနစ်များမှတစ်ဆင့် တိုက်ခိုက်မှုများရှိ၊ ဘဏ်စနစ်သည် နိုင်ငံတစ်ခု၏အသက်ဖြစ်

နေပြည်တော် ဩဂုတ် ၂၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁၄/၂၀၂၁)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။


စာမျက်နှာ ၃ ကော်လံ ၁ ✪



ယနေ့ ဖတ်စရာ

လူမှုကွန်ရက်ပေါ်က ဝါဒဖြန့် သတင်းတု သတင်းများသံသရာ စာ ၁၀

ဘရာဇီးနိုင်ငံမှ ဟေတီနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှု အကူအညီများပေးပို့ စာ ၁၄

အခက်အခဲများကြားမှ အာဖဂန်ပြည်သူများအတွက်အမေရိကန်တို့ရဲ့ ကယ်တင်ရေးလုပ်ငန်းစဉ်များ စာ ၂၆

မြန်မာ့အလင်း

# နိုင်ငံ့စီးပွားဦးမော့လာရေး

ကိုဗစ်-၁၉ ကပ်ရောဂါသည် ကမ္ဘာ့လူသားတို့အပေါ် ကျန်းမာရေးကဏ္ဍကိုသာမက အခြားကဏ္ဍများကိုပါ ထိခိုက်မှုကြီးမားသည်။ ကိုဗစ်-၁၉ ကမ္ဘာအန့်ကူးစက်ပျံ့နှံ့နေစဉ်အတွင်း ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံများ အထိနာခဲ့ရာ နိုင်ငံငယ်များအဖို့မူ ဆိုဖွယ်ရာမရှိတော့။ ရောဂါကူးစက်ပြန့်ပွားမှုကို တားဆီးကာကွယ်နိုင်ရန်အတွက် မြို့များအလုံပိတ်၊ သွားလာမှုများ တားဆီးကန့်သတ်၊ တစ်နေရာနှင့်တစ်နေရာ ကူးသန်းသွားလာမှုများ ရပ်တန့်၊ နယ်စပ်ဖြတ်သန်းမှုများကို ပိတ်ဆို့၊ နိုင်ငံအတွင်းသို့ ရေကြောင်း၊ လေကြောင်းဝင်ပေါက်များ ပိတ်ထားခြင်း အားဖြင့် ရောဂါကူးစက်မှုများ လျှော့ချတားဆီးနိုင်သည်နှင့် တစ်ဆက်တည်းမှာပင် နိုင်ငံစီးပွားရေး ကျုံ့ဝင်သွားခြင်း၊ ကျဆင်းသွားခြင်းတို့ကိုပါ တွေ့ကြုံလာကြရသည်။

နိုင်ငံများစီးပွားရေးကျဆင်းရခြင်းတွင် အထက်၌ ဖော်ပြခဲ့သကဲ့သို့ နိုင်ငံနှင့်တကွ မြို့ရွာဒေသများတွင်ပါ အဝင်အထွက်ပိတ်ဆို့ခဲ့ခြင်းနှင့် ဝယ်ယူစားသုံးသူများက စိုးရိမ်ပူပန်မှုများကြောင့် သုံးစွဲမှုများ လျှော့ချခြင်းတို့ကြောင့်လည်း ပါဝင်သည်။ တစ်နည်းအားဖြင့် စီးပွားရေးကျဆင်းမှုကြောင့် ဝင်ငွေနည်းပါးလာရာမှ စားသုံးမှုလျော့ကျလာခြင်းလည်းဖြစ်သည်။ ကမ္ဘာ့စီးပွားရေးထိပ်တန်းနိုင်ငံကြီး သုံးခု၏ ယမန်နှစ်က စီးပွားရေးအခြေအနေကို ကြည့်လျှင် အမေရိကန်နှင့် ဂျပန်တို့၏ စီးပွားရေးများ မကြုံစဖူး ကျဆင်းခဲ့ပြီး တရုတ်နိုင်ငံကမူ တိုးတက်ခဲ့သည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့စက်ရုံကြီးအဖြစ် တင်စားကြရသည့်အတိုင်း ကိုဗစ်-၁၉ ကပ်ရောဂါကိုပင်အကြောင်းပြုကာ PPE ဝတ်စုံများ၊ ဆေးနှင့်ဆေးပစ္စည်းကိရိယာများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများနှင့် အထည်အလိပ်များ၊ နိုင်ငံတကာဝယ်လိုအား မြင့်တက်မှုကြောင့် ပို့ကုန်များ ပိုမိုတင်ပို့နိုင်ပြီး စီးပွားရေးတိုးတက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် မြန်မာနိုင်ငံသို့ ၂၀၂၀ ပြည့်နှစ်နှစ်စပိုင်းတွင် ဝင်ရောက်လာခဲ့ရာ လက်ရှိ တတိယလှိုင်းကာလအထိ တစ်နှစ်ခွဲခန့် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ကပ်ရောဂါအပြင် နိုင်ငံရေးအပြောင်းအလဲကပါ နိုင်ငံ၏ စီးပွားရေးအပေါ် သက်ရောက်မှုကြီးမားခဲ့သည်။ အထူးသဖြင့် CMP လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ အထိနာခဲ့သလို တောင်သူလယ်လုပ်တို့၏ စိုက်ပျိုးထုတ်ကုန်များ ဈေးကွက်ပျောက်ခဲ့သည်။ ဆင်းရဲမွဲတေမှုနှုန်းမှာ ကိုဗစ်-၁၉ မဖြစ်မီကထက် ၅ ရာခိုင်နှုန်းခန့် ပို၍တက်လာခဲ့သလို ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ကဲ့သို့သော အဖွဲ့အစည်းက မြန်မာနိုင်ငံတွင် လာမည့်လအနည်းငယ်အတွင်း လူပေါင်း ၃ ဒသမ ၄ သန်းခန့် အစာရေစာဝလင်မည်မဟုတ်ကြောင်း ခန့်မှန်းခဲ့သည်ကိုလည်း တွေ့ရသည်။ မြန်မာနိုင်ငံအနေဖြင့် ဆိုခဲ့ပါ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရာတွင် ပြည်တွင်းအားကိုသာ အဓိကအသုံးပြုကြရမှာဖြစ်သည်။ နိုင်ငံ၏ အကျပ်အတည်းကို နိုင်ငံသူ နိုင်ငံသားပြည်သူလူထု၏ အင်အားဖြင့် မဖြစ်မနေဖြေရှင်းကြရမည်ဖြစ်ပြီး အောက်ဆုံးအဆင့်တွင် ရှိနေသော ဝင်ငွေအနည်းပါးဆုံး၊ ထိခိုက်ခံစားရန် အလွယ်ကူဆုံးလူတန်းစားများကို ထောက်ပံ့ကူညီမှု ပြုပေးရမည်ဖြစ်သည်။

နိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာစေရေးအတွက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း မိုးရာသီစိုက်ပျိုးရေးတွင် စပါးကိုသာမက အခြားစိုက်ပျိုးသီးနှံများကိုပါ စနစ်တကျဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွက် စားရေရိက္ခာပေါများလာပြီး ပြည်ပသို့ ပို့ကုန်များ ဆောင်ရွက်နိုင်ကြောင်း၊ အခွန်အခများလျှော့ချပေးခြင်း၊ ဆိုင်းငံ့ပေးခြင်းများ ဆောင်ရွက်လျက်ရှိသော်လည်း လိုအပ်သည်များ ထပ်မံကူညီပေးရန်လိုကြောင်း၊ ပို့ကုန်များ အရည်အသွေး ကောင်းမွန်ရေး ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးမှု စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၁၄/၂၀၂၁)တွင် ပြောကြားခဲ့ရာ ကျရာကဏ္ဍတွင် ကျေပွန်စွာပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ကိုဗစ်-၁၉ကြောင့် ထိခိုက်ဆုံးရှုံးမှုများမှ ရုန်းထွက်ရှင်သန်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## သုဝဏ္ဏဘူမိ Event Park ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေး စင်တာဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၂၃

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိရောက်စွာ ထိန်းချုပ်နိုင်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ကာကွယ်ဆေး ထိုးနှံပေးခြင်းများကို နိုင်ငံအဝန်း၌ သက်ဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ဖြစ်စေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဘူမိ Event Park ရှိ မြန်မာနိုင်ငံ တရုတ် ကုန်သည်ကြီးများအသင်းချုပ် (MCCOC) ၌ ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံရေး စင်တာ ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး ထိုသို့ဆောင်ရွက်လျက်ရှိနေမှုများကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ စင်တာတွင် လူမျိုးဘာသာမရွေး မိမိတို့၏ ကိုယ်ပိုင်အစီအစဉ်ဖြင့် ထိုးနှံရန်အတွက် အသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များကို ကာကွယ်ဆေး ထိုးနှံပေးမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေး ထုတ်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၃

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဩဂုတ် ၂၃ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကုမ္ပဏီ ၂၃ ခုမှ ORAL-Z Tablet ၇၈၆၀၊ Nutrivit - C Tablet ၅၇၄ ခု၊ Enocard 60 MG Injection ၅၂၅၀၊ Tigevar Injection ၃၂၀၀၊ M-NOXA ၁၂၈၀၀၊ ZINC-C Chewable Tablet ၅၀၀၀၊ Vitamin C+ZINC+Vitamin D3 Tablets ၁၀၀၆၄ ခု၊ Vitamin C 5000 MG Tablets ၁၀၀၃၆ ခု၊ Nasal Cannula ၁၀၈၀၊ Oxygen Concentrator ၄၅၈ ခု၊ Oximeter ၄၈၅ ခု၊ Plastic Connector ၄၀၀၊ Oxygen Mask ၇၅၀၀၊ Oxygen Regulator ၆၀၀၊ Oxygen Concentrator Spare Parts ၁၀၂ ခု၊ Oxygen Regulator Spare Parts ၁၀၀၊ ရန်ကုန်ဆိပ်ကမ်းများမှ Oxygen Concentrator ၃၇၀၊ Gas Cylinder ၄၈၀၊ ဆေးဝါးမျိုးစုံ ၂၁ မျိုး ၁၆၃၈၇၃ ဒသမ ၅၆ kg၊ နယ်စပ် (တာချီလိတ်၊ မူဆယ် မြဝတီ၊ ချင်းရွှေဟော်၊ ကော့သောင်း) တွင် ကုမ္ပဏီ ၄၀ မှ Oxygen Cylinder ၅၅၃၂ ခု၊ Oxygen Concentrator ၄၂၅ ခု၊ Mask ၁၀၈၅၀၇ kg၊ Liquid Oxygen ၁၅၃၁၁ ဒသမ ၇၂ $m^3$၊ Liquid Oxygen ၅၉ ဒသမ ၇၁ တန်၊ Flow Meter ၂၆၆၃ ခု၊ PPE ၁၆၀၀၀၊ Oxygen Plant သုံးခု၊ Oxygen Mask ၂၄၀၀၊ Disposable Cap ၁၂၀၀ kg၊ Air Tank လေးခု၊ Refrigerated Air Dryer တစ်ခု၊ Oxygen Bag ၅၀၀ kg၊ Oxygen Compressor လေးခု၊ Cylinder Spare Parts ၁၆၀ kg၊ Face Shield ၁၂၅၀ kg၊ Gloves ၅၄၄၁ kg၊ Regulator Valve နှစ်ခု၊ Trolley ၃၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို ဆက်လက်လက်ခံလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၃

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ် မြဝတီမြို့ရှိ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၁၅ ဦး၊ အမျိုးသမီး ၈၂ ဦး စုစုပေါင်း ၁၉၇ ဦးတို့ကို လက်ခံခဲ့သည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော် ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

အခြေခံအိမ်သုံးဆေးဝါးများ အလွယ်တကူ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရေးအတွက်လည်း လုပ်ဆောင်ပေးလျက်ရှိသည်။

ထိုသို့ လုပ်ဆောင်ပေးလျက်ရှိရာ လူဦးရေထူထပ်ပြီး ရောဂါဖြစ်ပွားမှုနှုန်း မြင့်တက်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း စားရေးအခက်အခဲမရှိစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့၏ ဦးဆောင်မှုနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ ဆီလုပ်ငန်းရှင်များအသင်းနှင့် ဆန် Exporter ကုမ္ပဏီကြီးများက ရွေ့လျားဈေးကား Mobile Market စနစ်ဖြင့် အခြေခံစားကုန်များကို မြို့နယ်အသီးသီးရှိ ဝန်ထမ်းအိမ်ရာများ၊ လူနေရပ်ကွက်များသို့ သက်သာသောဈေးနှုန်းများဖြင့် သွားရောက်ရောင်းချပေးနိုင်ခဲ့ခြင်းကြောင့် စားရေးအခက်အခဲဖြစ်ပေါ်နေမှုများကို တစ်ဖက်တစ်လမ်းမှ ဖြေလျှော့ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ပြည်သူများ၏ ဆေးဝါးလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေး၊ ဆေးဝါးများအား အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စွာ ဝယ်ယူရရှိနိုင်စေရန်အတွက်လည်း အလုံမြို့နယ် လွတ်လပ်ရေးရပ်ကွက် ကမ်းနားလမ်း အမှတ် (၁၀၄/၁၀၈) ၌ ဩဂုတ် ၁၉ ရက်မှစ၍ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်းဝင် ကုမ္ပဏီ ၂၇ ခုမှ အိမ်သုံးဆေးဝါး ၃၂၃ မျိုးကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်ခဲ့သည်။

ယနေ့တွင်လည်း တာမွေမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်တံတားမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လှည်းကူးမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ စမ်းချောင်းမြို့နယ်နှင့် သာကေတမြို့နယ်များ၌ အခြေခံစားကုန်များကိုလည်းကောင်း၊ အလုံမြို့နယ် ကမ်းနားလမ်းအမှတ် (၁၀၄/၁၀၈) နှင့် ပန်းဘဲတန်းမြို့နယ်၊ ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနအဆောက်အအုံတို့၌ ဆေးနှင့်ဆေးပစ္စည်းရောင်းချသော ကုမ္ပဏီ ၄၃ ခုမှ အိမ်သုံးဆေးဝါး ၄၄၉ မျိုးကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိရာ မိဘပြည်သူများအနေဖြင့် လွတ်လပ်စွာ ဝယ်ယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ကြောင့်ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့စေရေးဆောင်ရွက်ရာတွင် အခွန်အခများ လျှော့ချပေးခြင်းနှင့် ဆိုင်းငံ့ပေးခြင်းများဆောင်ရွက်လျက်ရှိသော်လည်း လိုအပ်သည်များအား ထပ်မံကူညီဆောင်ရွက်

- **လက်ရှိအချိန်တွင် မိမိတို့နိုင်ငံ၌ အထည်ချုပ်လုပ်ငန်းများ ပြန်လည်လည်ပတ်လျက်ရှိသဖြင့် အလုပ်သမားပြည်သူများ အဆင်ပြေမှုများရှိ**
- **မိမိတို့နိုင်ငံမှထွက်ရှိသည့် ပို့ကုန်များအရည်အသွေးကောင်းမွန်ရေးအတွက်လည်း ထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်သကဲ့သို့ စက်ရုံများအနေဖြင့် ကိုဗစ်- ၁၉ စည်းကမ်းများနှင့်အညီ ဆောင်ရွက်နေကြ**
- **၎င်းစက်ရုံများအတွက် လိုအပ်သည်ကိုလည်း ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်**
- **စီးပွားရေးဖွံ့ဖြိုးမှုစီမံကိန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်**

*ရှေ့ဖုံးမှ*

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုး၊ ဦးရွှေကြိမ်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

**ရှေ့လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ တိုးတက်မှုရှိစေရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပထမဆုံး ဦးတည်ချက်အနေဖြင့် ရွေးကောက်ပွဲနှင့် ပတ်သက်၍ ရွေးကောက်ပွဲကော်မရှင်၏ တွေ့ရှိချက်များကို ထုတ်ပြန်ဆောင်ရွက်ခဲ့ပြီး မကြာမီအချိန်အတွင်း တွေ့ရှိချက်အနှစ်ချုပ်ကို ပြည်သူလူထုနှင့် နိုင်ငံတော်သို့ ထုတ်ဖော်ပြသသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲမဲမသမာမှုများကြောင့်သာ နိုင်ငံတော်၏ တာဝန်ကို ယူခဲ့ရခြင်းဖြစ်ကြောင်း၊ အဆိုပါ ရွေးကောက်ပွဲရလဒ်နှင့်ပတ်သက်၍ အမျိုးမျိုးပြောကြားနေမှုများရှိပြီး ဒီမိုကရေစီကျင့်စဉ်အရ စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းမဆို ဝေဖန်ပိုင်ခွင့်ရှိသော်လည်း ခိုင်လုံသည့်အကြောင်းအရာနှင့် အကြောင်းပြချက်များရှိရမည်ဖြစ်ကြောင်း၊ သို့သော်မျက်စိ စုံမှိတ်၍ မိမိပြောချင်ရာပြောနေမည်ဆိုပါက ဒီမိုကရေစီ၏ အနှစ်သာရရှိမည်မဟုတ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရှေ့လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်း**

မိမိတို့အနေဖြင့် နေပြည်တော်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေး ပြုလုပ်ခဲ့ကြောင်း၊ နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်သဖြင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုကောင်းမွန်အောင်ဆောင်ရွက်နိုင်ရန် ဦးတည်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနအားလုံးရုံးစိုက်သည့် မြို့တော်ဖြစ်သဖြင့် နေပြည်တော် ဖွံ့ဖြိုးတိုးတက်မှုကို စံပြအဖြစ် ဗဟိုပြု၍ ကျန်တိုင်းနှင့် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ကိုဗစ်-၁၉ ရောဂါ ကာကွယ် ကုသရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် ပထမလှိုင်းနှင့် ဒုတိယလှိုင်း ဖြစ်ပွားခဲ့ချိန်များ၌ ထိခိုက်မှုနည်းပါးခဲ့သော်လည်း တတိယလှိုင်း ဖြစ်ပွားချိန်တွင် ထိခိုက်မှုများရှိခဲ့ကြောင်း၊ သို့သော် မိမိတို့အနေဖြင့် အရေးယူဆောင်ရွက်ရမည့်ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် အရေးပေါ်အစည်းအဝေးများ ပြုလုပ်၍ လုပ်ငန်းများအား ဖိဖိစီးစီးဆောင်ရွက်ခဲ့သည့်အတွက် ယခုအခါ အတိုင်းအတာတစ်ခုအထိ ကူးစက်မှုနှုန်းများ လျော့ကျလာပြီဖြစ်ကြောင်း၊ ကိုဗစ်ရောဂါဖြစ်ပွားသူများနှင့် ထိတွေ့ခဲ့သူများအား စစ်ဆေးပေးခြင်းနှင့် Stay at Home ပြုလုပ်ခြင်းများအပါအဝင် ကြပ်မတ်မှုများပြုလုပ်၍ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ စနစ်တကျကြပ်မတ်ဆောင်ရွက်မှုများကြောင့် ကူးစက်မှုနှုန်းများ လျော့ကျလာခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရောဂါကူးစက်မှုနှုန်းရာခိုင်နှုန်း ထက်ဝက်ခန့်အထိ ကျဆင်းစေရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိကြောင်း။

**၅၀ ရာခိုင်နှုန်း ထိုးနှံပေးနိုင်ရေး ရည်မှန်း**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရရှိရေးနှင့် ပတ်သက်၍ ပြည်ပနိုင်ငံများမှ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ၂၀၂၁ ခုနှစ်အတွင်း မိမိတို့နိုင်ငံ၏ လူဦးရေ ၅၀ ရာခိုင်နှုန်း ထိုးနှံပေးနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိပြီး ဖြစ်နိုင်ပါက ယခုထက် ပိုမိုထိုးနှံနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခင်အစိုးရအနေဖြင့် အိန္ဒိယနိုင်ငံတစ်ခုတည်းမှသာ ကာကွယ်ဆေးဝယ်ယူရရှိရေးဆောင်ရွက်ခဲ့ပြီး အိန္ဒိယနိုင်ငံ၌ ရောဂါကူးစက်မှု တတိယလှိုင်းဖြစ်ပွားချိန်၌ ကာကွယ်ဆေးများထပ်မံရရှိရေး အခက်အခဲဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့်မိမိတို့အနေဖြင့် ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဝယ်ယူရရှိရေးကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် ၁၈ နှစ်ပြည့်ပြီးသူများအား ထိုးနှံလျက်ရှိပြီး အသက် ၁၂ နှစ်အထက် အသက်အရွယ်ရှိသူများ ထိုးနှံနိုင်ကြောင်းကိုလည်း နိုင်ငံတကာမှ ဆေးပညာရှင်များက ခွင့်ပြုချက်များပေးထားမှုရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ၁၈ နှစ်အထက်လူဦးရေ ၃၆ ဒသမ ၉ သန်းခန့် နှင့် ၁၂ နှစ်နှင့် ၁၈ နှစ်ကြား ၆ သန်းခန့်ရှိသဖြင့် စုစုပေါင်း ၄၃ သန်းခန့်ရှိကြောင်း၊ မိမိတို့အနေဖြင့် ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေးရရှိရေးအတွက် ရင်းနှီးသည့် နိုင်ငံများမှမိတ်ဆွေများထံ ဆက်သွယ် ဆောင်ရွက်ခဲ့ရာ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ ကာကွယ်ကုသဆေးများနှင့် အထောက်အကူပြုပစ္စည်းများအား မိတ်ဆွေကောင်းပီသစွာဖြင့် ကူညီလှူဒါန်းပေးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုအား ကောင်းမွန်မှုကြောင့်သာ ကူးစက်မှုနှုန်းများ လျော့ကျလာခြင်းဖြစ်ကြောင်း၊ တစ်ဦးချင်းစည်းကမ်းလိုက်နာမှု၊ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်တွင်းစည်းလုံးညီညွတ်မှု အားများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုနှင့် ကိုဗစ်- ၁၉ ရောဂါအန္တရာယ် ကာကွယ်ရေးအတွက် ဆက်လက် ကြိုးစားဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ကိုဗစ်ရောဂါမှာ တစ်ကမ္ဘာလုံးရင်ဆိုင်နေရသဖြင့် ပြည်ပအကူအညီမှာ အကန့်အသတ်ရှိကြောင်း၊ သို့ဖြစ်၍ "အတ္တာဟိ အတ္တာနော နာထော" မိမိကိုယ်မိမိ ကိုးကွယ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**ထပ်မံကူညီဆောင်ရွက်ပေး**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကျဆင်းသွားသည့် စီးပွားရေးများ ပြန်လည်ဦးမော့လာစေရေး ဆောင်ရွက်ရေးအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးဝန်ကြီးချုပ်များအား မှာကြားထားပြီးဖြစ်ကြောင်း၊ ယခုအခါ မိုးစပါးစိုက်ပျိုးချိန် ရာသီသို့ ရောက်ရှိလာပြီး စပါးစိုက်ပျိုးမှုများ အခြေအနေကောင်းမွန်သည်ကို တွေ့ရှိရကြောင်း၊ ရာနှုန်းပြည့်ထွက်ရှိမည်ဟု ယုံကြည်ပါကြောင်း၊ မိုးရာသီစိုက်ပျိုးရေးနှင့် ပတ်သက်၍ စပါးစိုက်ပျိုးရေးကိုသာမက အခြားစိုက်ပျိုးသီးနှံများကိုပါ စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွက် စားရေရိက္ခာပေါများလာပြီး ပြည်ပသို့ ပို့ကုန်များ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိုးရာသီတွင် စီးပွားရေးကို တိုက်ရိုက်အထောက်အကူပြုသည့် စိုက်ပျိုးရေးလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့စေရေးဆောင်ရွက်ရာတွင် အခွန်အခများ လျှော့ချပေးခြင်းနှင့် ဆိုင်းငံ့ပေးခြင်းများဆောင်ရွက်လျက်ရှိသော်လည်း လိုအပ်သည်များအား ထပ်မံကူညီဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ကမ္ဘာ့နိုင်ငံများရှိ ပို့ဆောင်ရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများလည်း ထိခိုက်ကျဆင်းမှုများရှိသည်ကို လေ့လာတွေ့ရှိရကြောင်း၊ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံ၌ အထည်ချုပ်လုပ်ငန်းများ ပြန်လည်လည်ပတ်လျက်ရှိသဖြင့် အလုပ်သမားပြည်သူများအဆင်ပြေမှုများရှိကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့် ပို့ကုန်များ အရည်အသွေးကောင်းမွန်ရေးအတွက်လည်း ထိန်းသိမ်း ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ စက်ရုံများအနေဖြင့် ကိုဗစ်- ၁၉ စည်းကမ်းများနှင့်အညီ ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ ၎င်းစက်ရုံများအတွက် လိုအပ်သည်ကိုလည်း ဆက်လက်ကူညီဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးမှုစီမံကိန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**E-Banking စနစ်သုံးစွဲမှုအားနည်းနေသေး**

ဘဏ်များနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ငွေသားကိုအဓိက သုံးစွဲလျက်ရှိပြီး E-Banking စနစ်သုံးစွဲမှုအားနည်းနေသေးကြောင်း၊ မိမိတို့အား ထိခိုက်စေရန်အတွက် စီးပွားရေးအရ ဘဏ်စနစ်များမှတစ်ဆင့် တိုက်ခိုက်မှုများရှိကြောင်း၊ ဘဏ်စနစ်သည် နိုင်ငံတစ်ခု၏အသက်ဖြစ်ကြောင်း၊ ၁၉၉၇ ခုနှစ် အာရှငွေကြေးဂယက်ကြောင့် နိုင်ငံများစွာတွင် ဘဏ်စနစ်များ ထိခိုက်ခဲ့ရပြီး အစိုးရများပြုတ်ကျမှုများရှိခဲ့ကြောင်း၊ ထိုသို့ငွေကြေးဂယက်ဖြစ်စေရန်အတွက် အဓိကကြိုးကိုင် ဆောင်ရွက်ခဲ့သည့် ဂျော့ဆိုးရော့စ်အား အဆိုပါနိုင်ငံများက ပြည်ဝင်ခွင့်ပိတ်ပင်ထားသည်ဟု သိရကြောင်း။

**အဓိကထား၍ ဆောင်ရွက်သွား**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ပတ်သက်၍ မိမိထံသို့ စာရေးတောင်းဆိုမှုများရှိကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးအား ကာကွယ်ဆေးထိုးနှံနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ပြီး ၎င်းတို့ထိန်းချုပ်နယ်မြေများအတွင်းရှိ ပြည်သူများကိုလည်း သတ်မှတ်ထားသည့် ဦးစားပေး အဆင့်အလိုက် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် ပြည်သူများအား ကာကွယ်ဆေး ၆ သန်းကျော်ထိုးနှံပေးခဲ့ပြီးဖြစ်၍ ကာကွယ်ဆေး ထပ်မံရရှိချိန်တွင် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ ပြည်ပမှကာကွယ်ဆေးများ ရောက်ရှိချိန်တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ အမြန်ဆုံးရောက်ရှိစေရေး တပ်မတော်နှင့် ပို့ဆောင် ဆက်သွယ်ရေးဝန်ကြီးဌာနတို့၏ ပို့ဆောင်ရေးစနစ် များမှတစ်ဆင့် ပို့ဆောင်ပေးသွားမည်ဖြစ်ပြီး ယာဉ်သုံးစွဲမှုအပေါ်တွင်လည်း မည်သည့် ကန့်သတ်ချက်မျှမထားရှိဘဲ အမြန်ဆုံးရောက်ရှိရေးကို အဓိကထား၍ ဆောင်ရွက်သွားရန် မှာကြားပြီးဖြစ်ကြောင်း။

**အတည်ပြုဆောင်ရွက်ထားခြင်းဖြစ်**

မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေပြီး ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) သည် ဆန္ဒမဲပေးခွင့်ရှိသူ၏ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်း၏ ထောက်ခံမဲဖြင့် အများဆန္ဒနှင့်အညီ အတည်ပြုဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ အဆိုပါလူများအနက် ၈၀ ရာခိုင်နှုန်းခန့်သည် ယခုအချိန်အထိ သက်ရှိထင်ရှားရှိနေသူများဖြစ်၍ ၎င်းတို့၏ ဆန္ဒကို လေးစားတန်ဖိုးထားရန် လိုကြောင်း၊

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

အခြေအနေ အချိန်အခါအရ ပြင်ဆင်သင့်သည်များ ရှိသည်ကို လက်ခံကြောင်း၊ ဥပမာအားဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဝန်ကြီးချုပ်များ ခန့်အပ်ရေးနှင့်ပတ်သက်၍ နယ်မြေဒေသအလိုက် သဘောထားများကိုက်ညီမှုတွင်လိုအပ်ချက်ရှိခြင်း၊ ရွေးချယ်ခံကိုယ်စားလှယ်များအား Right to Recall ဥပဒေမထုတ်နိုင်ခြင်းတို့ကို တွေ့နေရကြောင်း၊ အလားတူ ရွေးကောက်ခံကိုယ်စားလှယ်များနှင့် ပတ်သက်၍ အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်နှင့် ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်များ သဟဇာတမဖြစ်ပါက ဆုံးဖြတ်ချက်အတွက် ပြဿနာဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် အားလုံးပါဝင်နိုင်ပြီး အချိုးကျ ကိုယ်စားပြုသည့် ကိုယ်စားလှယ်များ၏ ဆန္ဒအား အလေးထားနိုင်ရန် PR စနစ်ဖြင့် ကျင့်သုံးဆောင်ရွက်နိုင်ရေးစဉ်းစား ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးချယ်ခံကိုယ်စားလှယ်၊ ရွေးချယ်တင်မြှောက်မှုစနစ်နှင့် ပတ်သက်၍လည်း ပြင်ဆင်ရန်ရှိသည်များရှိကြောင်း၊ မိမိတို့ တာဝန်ယူချိန်ကာလအတွင်း ပြင်ဆင်၍ရသည်များကို အားလုံးတိုင်ပင်ညှိနှိုင်း၍ ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**"တိုင်းရင်းသားလက်နက်ကိုင်များနှင့် ပတ်သက်၍ တိုင်းရင်းသားအခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေးဟု ပြောသည်များရှိကြောင်း၊ အချို့တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် တိုင်းရင်းသားအရေးကြောင့် ပေါ်ပေါက်လာခြင်းဖြစ်ပြီး အချို့သည် ဒီမိုကရေစီအခွင့်အရေးကြောင့် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားအရေးသည် ဖက်ဒရယ်နှင့် ဒီမိုကရေစီကိုအခြေခံ၍ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီ၏ အနှစ်သာရသည် အများဆန္ဒအရဆောင်ရွက်ခြင်းဖြစ်ပြီး သာတူညီမျှဖြစ်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အဓိကတိုင်းရင်းသား လူမျိုး ၈ မျိုး၊ တိုင်းရင်းသားလူမျိုး စုပေါင်း ၁၃၅ မျိုး ခန့် နေထိုင်ကြခြင်းဖြစ်သဖြင့် အများဆန္ဒကိုကြည့်ရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီအခွင့်အရေးကိုတောင်းဆိုရာတွင် အဆိုပါ ဒီမိုကရေစီကျင့်စဉ်အား လိုက်နာရန်လိုကြောင်း၊ မိမိအစုအဖွဲ့အတွင်း၊ နယ်မြေအတွင်း ဒီမိုကရေစီကျင့်စဉ် ရှိရန်လိုကြောင်း၊ ဒီမိုကရေစီကျင့်စဉ်အား နိုင်ငံသားတိုင်း၊ တိုင်းရင်းသားတိုင်းသိရှိပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်"**

### သာတူညီမျှဖြစ်ရမည်

တိုင်းရင်းသားလက်နက်ကိုင်များနှင့် ပတ်သက်၍ တိုင်းရင်းသားအခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေးဟု ပြောသည်များရှိကြောင်း၊ အချို့တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် တိုင်းရင်းသားအရေး ကြောင့်ပေါ်ပေါက်လာခြင်းဖြစ်ပြီး အချို့သည် ဒီမိုကရေစီအခွင့်အရေးကြောင့် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားအရေးသည် ဖက်ဒရယ်နှင့် ဒီမိုကရေစီကိုအခြေခံ၍ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီ၏ အနှစ်သာရသည် အများဆန္ဒအရ ဆောင်ရွက်ခြင်းဖြစ်ပြီး သာတူညီမျှဖြစ်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အဓိကတိုင်းရင်းသားလူမျိုး ၈ မျိုး၊ တိုင်းရင်းသားလူမျိုး စုပေါင်း ၁၃၅ မျိုး ခန့် နေထိုင်ကြခြင်းဖြစ်သဖြင့် အများဆန္ဒကိုကြည့်ရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီအခွင့်အရေးကို တောင်းဆိုရာတွင် အဆိုပါဒီမိုကရေစီကျင့်စဉ်အား လိုက်နာရန်လိုကြောင်း၊ မိမိအစုအဖွဲ့အတွင်း၊ နယ်မြေအတွင်း ဒီမိုကရေစီကျင့်စဉ်ရှိရန်လို ကြောင်း၊ ဒီမိုကရေစီကျင့်စဉ်အား နိုင်ငံသားတိုင်း၊ တိုင်းရင်းသားတိုင်းသိရှိပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အချို့တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ အနေဖြင့် လိုက်နာမှုမရှိဘဲ အချင်းချင်းပဋိပက္ခဖြစ်မှုများရှိပြီး အကြောင်းမဲ့သတ်ဖြတ်မှုများရှိကြောင်း၊ နိုင်ငံတော်မှပြဋ္ဌာန်းထားသည့် ဒီမိုကရေစီကျင့်စဉ်များကို လိုက်နာရန်လိုကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့နယ်မြေအတွင်း ဒီမိုကရေစီအလေ့အထများဖြစ်သည့် ဥပဒေလေးစားလိုက်နာခြင်း၊ စည်းကမ်းလေးစားလိုက်နာခြင်းနှင့် လူ၏တန်ဖိုးကို တန်ဖိုးထားခြင်းများလိုက်နာဆောင်ရွက်ရန်လိုပြီး ဒီမိုကရေစီနှင့် လျော်ညီသည့် ကျင့်ကြံ၊ ပြောဆို၊ လုပ်ကိုင်မှုများရှိရန်လိုကြောင်း။

### ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

မိမိတို့အနေဖြင့် ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များအပေါ်တွင်မူတည် ဆောင်ရွက်လျက်ရှိပြီး ရေရှည်လုပ်ရမည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လမ်းခင်းပေးခြင်း၊ အသိ၊ သတိပေးခြင်းများဆောင်ရွက်ပေးမည်ဖြစ်ပြီး နိုင်ငံစီးပွားရေး ဦးမော့စေရေးအတွက် ရေတိုလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏အားသည် ပြည်တွင်း၌သာရှိသည် ဆိုသည့်အတိုင်း ပြည်တွင်းစီးပွားရေး ဦးမော့လာစေရန်၊ ပြည်သူများ၏ စိတ်ဓာတ်များမြင့်မားအောင် ဆောင်ရွက်သွားမည် ဆိုသည့်ခံယူချက်များဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းဆွေးနွေးတင်ပြ

ထို့နောက် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးစိုင်းလုံးဆိုင်၊ ဒေါက်တာ ဗညားအောင်မိုးနှင့် ဦးရွှေကြိမ်းတို့က CRPH၊ NUG နှင့် ၎င်းတို့လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများနှင့် အကြမ်းဖက်သမားများအား ငွေကြေးနှင့်ပစ္စည်းများ စုဆောင်းထောက်ပံ့ပေးနေသူများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ အရေးယူရေး၊ သတင်းပေးသည့် ပြည်သူများအား ဆုကြေးငွေချီးမြှင့်ပေးရေးနှင့် အများပြည်သူသိရှိစေရေး သတင်းထုတ်ပြန်ပေးရန်၊ ဒေါ်လာဈေးနှင့် ရွှေဈေးများ ဈေးကစားနေသူများအား ရှာဖွေဖော်ထုတ်အရေးယူနိုင်ရေး၊ အကြမ်းဖက်အဖွဲ့အစည်းများအား သင်တန်းပေးခြင်းနှင့် လက်နက်ပစ္စည်းများ ကူညီထောက်ပံ့နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများအား ထိရောက်စွာတားဆီးနိုင်ရေး၊ သံလွင်မြစ်ပေါ်ရှိ ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်နိုင်ရန် ပြန်လည်စဉ်းစား သုံးသပ်ပေးရေး၊ ဓာတ်အားပျောက်ဆုံးမှုလျှော့ချနိုင်ရေးနှင့် စနစ်တကျ ထိန်းချုပ်နိုင်ရေးအတွက် နိုင်ငံအဝန်း AMI အဆင့်မြင့် Digital မီတာများ ပြောင်းလဲတပ်ဆင်ပေးနိုင်ရေး၊ နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအား သင့်လျော်သည့် ဂုဏ်ထူးဆောင်တံဆိပ်ပေးအပ်ချီးမြှင့်နိုင်ရေး၊ ကျောက်ဖြူအထူး စီးပွားရေးဇုန်နှင့် ပတ်သက်၍ လတ်တလော အကျိုးစီးပွားဖြစ်ထွန်းစေမည့် ကိစ္စရပ်များအား စတင်အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေး၊ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ် တားဆီးရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိရောက်စွာ ဆောင်ရွက်၍ ပြည်သူများ၏စိုးရိမ်မှုကို လျှော့ချပေးရေး၊ ရပ်ကွက်၊ ကျေးရွာလုံခြုံရေးအတွက် ကျေးရွာပြည်သူ့စစ်အဖွဲ့များ စနစ်တကျပြန်လည်ဖွဲ့စည်းရေး၊ ကိုဗစ်-၁၉ ကာလတွင် စားဝတ်နေရေး အခက်အခဲဖြစ်ပေါ်နေသည့် ပြည်သူများအား ကူညီထောက်ပံ့ပေးနိုင်ရေး၊ ယခုကာလဖြစ်ပွားနေသည့် အကြမ်းဖက်မှုများအပေါ် ထိရောက်စွာသတင်းထောက်လှမ်း၍ တရားခံများအား ဖော်ထုတ်အရေးယူနိုင်ရေး၊ နမ့်ဆန်မြို့တွင် အောက်ဆီဂျင်ထုတ်လုပ်သည့် စက်ရုံတည်ဆောက်ပေးရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး ဒေသတွင်း ရွှေတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို တားမြစ်ပေးနိုင်ရေး၊ မဘိန်းမြို့တွင် စိုက်ပျိုးရေးဘဏ်ခွဲဖွင့်လှစ်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

### ဂရုပြုဆောင်ရွက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ CRPH နှင့် NUG လက်အောက်ခံ အကြမ်းဖက် အဖွဲ့အစည်းများအား ဥပဒေကြောင်းအရ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက် လျက်ရှိကြောင်း၊ ယခင်အစိုးရလက်ထက် ဥပဒေနှင့်မညီညွတ်သည့် ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပတ်သက်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို မထိခိုက်အောင် ဂရုပြုဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု လုပ်ငန်းများဆောင်ရွက်ရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်တို့မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို ဦးစားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ အချို့သော ရေအားလျှပ်စစ်ထုတ်လုပ်မှုစီမံကိန်းများသည် ရင်းနှီးမြှုပ်နှံမှုများပြားပြီး ဈေးကွက်မရှိသည့်အတွက် စီးပွားရေးအရ တွက်ချေကိုက်မှုမရှိကြောင်း၊ စက်ရုံအလုပ်ရုံများအတွက် လိုအပ်သည့်စွမ်းအင်ကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် အဆင့်မြင့်နည်းပညာကို အသုံးပြု၍ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့မှ ထုတ်ယူသုံးစွဲသွားရန်လိုအပ်ကြောင်း၊ နောင်တွင် မိမိတို့နိုင်ငံမှထွက်ရှိသည့် သဘာဝဓာတ်ငွေ့များကို ပြည်တွင်း စက်ရုံ အလုပ်ရုံများ လည်ပတ်နိုင်ရေးအတွက်သာ အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် လျှပ်စစ်ဓာတ်အားခ ကြွေးကျန်များပေးဆောင်ရန်ကျန်ရှိနေကြောင်း၊ ထို့ပြင် လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများနှင့် လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲမှုများလည်းရှိနေကြောင်း၊ ထို့အတွက် AMI အဆင့်မြင့် Digital မီတာများ ပြောင်းလဲတပ်ဆင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကာလတွင် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများနှင့် SME လုပ်ငန်းများအတွက် သမဝါယမစနစ်ဖြင့် ချေးငွေထုတ်ချေးနိုင်ရေးကို ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

### ဆေးရုံတိုင်းထားရှိဆောင်ရွက်

ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် တားဆီးရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် တာဝန်ရှိအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း လေ့ကျင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နမ့်ဆန်မြို့တွင် အောက်ဆီဂျင်ထုတ်လုပ်သည့် စက်ရုံတည်ဆောက်ပေးသွားမည် ဖြစ်ကြောင်း၊ ထို့ပြင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသများအတွက်လည်း လျှပ်စစ်ဓာတ်အားနှင့် အောက်ဆီဂျင်ထုတ်လုပ်သည့် စက်ရုံများတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံအဝန်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဆေးရုံတိုင်းတွင် အောက်ဆီဂျင်ထုတ်လုပ်နိုင်သော စက်များတပ်ဆင်ပေးလျက်ရှိပြီး ဆေးရုံတိုင်းတွင်လည်း ကိုဗစ်-၁၉ အထူးကြပ်မတ်ကုသခန်းများထားရှိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရုရှားနိုင်ငံနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကုသဆေးထုတ်လုပ်သည့် စက်ရုံတည်ဆောက်နိုင်ရေးအတွက် ဆွေးနွေးလျက်ရှိကြောင်း။

### အရှည်မျှော်တွေးပြီးစဉ်းစား

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မြို့နယ်အချို့၌ ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် မွေးမြူရေးသိပ္ပံကျောင်းများဖွင့်လှစ်ပြီး ပညာသင်ကြားပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံပြည်သူလူထု လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အရှည်မျှော်တွေးပြီး စဉ်းစားဆောင်ရွက်ပေးသွားရန်လိုအပ်ကြောင်း။

### နက်နက်နဲနဲ တွေးခေါ်

နိုင်ငံအကျိုးအတွက် ဆောင်ရွက်ရာတွင် အမျိုးသားအကျိုးစီးပွားကို အခြေခံ၍ စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အတိတ်သမိုင်းကြောင်းကို လျစ်လျူရှု၍မရဘဲ သင်ခန်းစာဖော်ထုတ် ဆောင်ရွက်ရန်လိုအပ်ပြီး လက်တလော အဆင်ပြေစေရန် အလွယ်တကူ ဥပဒေရေးဆွဲပြဋ္ဌာန်း၍ မရကြောင်း၊ မိမိတို့အနေဖြင့် အမျိုးသားအကျိုးစီးပွားကို အလေးထားဆောင်ရွက်သွားရမည်ဖြစ်ပြီး နိုင်ငံသားတိုင်း ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်စေရေးအတွက် ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ကောင်စီအဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်အတွက် နက်နက်နဲနဲ တွေးခေါ်မျှော်မြင်ပြီး ဆောင်ရွက်ပေးသွားကြရန် လိုအပ်ကြောင်းဖြင့် လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၉) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ကိုဗစ်-၁၉ ရောဂါသည် မျိုးရိုးဗီဇများ ပြောင်းလဲကူးစက်မှုဖြစ်ပွားလျက်ရှိသည့်အတွက် ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများကို အမြဲမပြတ်ဆောင်ရွက်နေကြရမည်

**“ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် သွားလာမှုအခက်အခဲများဖြစ်ပေါ်ခဲ့သဖြင့် ကုန်ထုတ်လုပ်မှုများ ထိခိုက်ခဲ့မှုများရှိ၊ စားသောက်ရေးအတွက် မိမိတို့လုပ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိ၊ ထိုသို့ဆောင်ရွက်ချိန်တွင် ဝိသမလောဘများဖြင့် ရောင်းဝယ်နေမှုများကိုလည်း တွေ့ရှိ၊ ပြီးခဲ့သည့်ကာလအတွင်း ဆေးဝါးများ ဈေးနှုန်းကြီးမြင့်လာခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် စစ်ဆေးကြပ်မတ်ခြင်းများ စနစ်တကျ ဆောင်ရွက်ခဲ့ခြင်းကြောင့် ဆေးဝါးများ၏ဈေးနှုန်းများ ပုံမှန်အခြေအနေသို့ ပြန်လည်ကျဆင်းခဲ့၊ မိမိတို့ မြန်မာနိုင်ငံ၏ အမျိုးသားရေး စရိုက်လက္ခဏာသည် စေတနာထားပြီးလှူဒါန်းလိုသည့်စိတ်၊ ပေးကမ်းလိုသည့် အခြေခံစိတ်များ ရှိပြီးဖြစ်သဖြင့် ၎င်းစိတ်ကိုအခြေခံ၍ ဆောင်ရွက်မှုများသည် သဟဇာတဖြစ်ရန်လို၊ မိမိတို့ နိုင်ငံတစ်ခုတည်းမဟုတ်ဘဲ ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံးတွင် စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်နေ၊ ထို့ကြောင့် စားသောက်ရေးနှင့်ကာကွယ်ကုသဆေးများ နှင့်ပတ်သက်၍ ဝိသမလောဘများဖြစ်ပေါ်မှုမရှိအောင် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်”**

**နေပြည်တော် ဩဂုတ် ၂၃**

ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၉) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

**Video Conferencing ဖြင့် တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များ၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**ကူးစက်ဖြစ်ပွားမှုများ သိသိသာသာလျော့ကျ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါစတင်ဖြစ်ပွားခဲ့သည့်အချိန်တွင် သိသာမှုမရှိခဲ့သော်လည်း တတိယလှိုင်းကူးစက်မှု ဖြစ်ပွားချိန်၌ ကူးစက်မှုမြန်ဆန်ခဲ့သည့် အခြေအနေဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့ ဗဟိုအဖွဲ့အနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကိစ္စရပ်များအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့သည့်အတွက် ရောဂါကူးစက်မှုများ အတိုင်းအတာတစ်ခုအထိ လျော့ကျလာသည်ကို တွေ့ရှိရကြောင်း၊ ဇူလိုင် ၉ ရက်တွင် လူဦးရေ ၁၅၇၄၀ ဦးအား စစ်ဆေးခဲ့ရာ ပိုးတွေ့လူဦးရေ ၄၃၂၀ ဦး တွေ့ရှိရကြောင်း၊ ဇူလိုင် ၁၄ ရက်တွင် လူဦးရေ ၂၁၃၅၀ အား စစ်ဆေးခဲ့ရာ ပိုးတွေ့လူဦးရေ ၇၀၈၃ ဦးအထိ တွေ့ရှိခဲ့ရသဖြင့် ရာခိုင်နှုန်းအရ ၃၄ ရာနှုန်းအထိ ရောက်ရှိခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် လိုအပ်သည့် ထိန်းချုပ်မှုများ ဆောင်ရွက်ခြင်းနှင့် ပြည်နယ်နှင့် တိုင်းအလိုက် ကြပ်မတ်မှုများဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုအခါ ရောဂါကူးစက်ဖြစ်ပွားမှုများ သိသိသာသာလျော့ကျလာသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် ယခုလအကုန်တွင် ရောဂါကူးစက်မှု ရာခိုင်နှုန်း ထက်ဝက်ခန့်အထိ လျော့ကျအောင် ကြိုးစားဆောင်ရွက်ခဲ့မှုကြောင့် ဩဂုတ်လ ၁ ရက်နေ့တွင် ပိုးတွေ့လူနာ ၃၁၈၀ ဦး၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ၈၉၉၁ ဦးအား စစ်ဆေးခဲ့ရာ ပိုးတွေ့လူနာ ၂၁၇၃ ဦး ရှိခဲ့သဖြင့် ရာခိုင်နှုန်းအရ ၂၄ ဒသမ ၁၇ ရာခိုင်နှုန်း အထိကျဆင်းလာသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ **ရောဂါကူးစက်မှုနှုန်း ကျဆင်းရခြင်းမှာ သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ကြီးကြပ်ကွပ်ကဲမှုများနှင့် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်ခြင်းကြောင့်ဖြစ်**ကြောင်း၊ ရောဂါကူးစက်မှု လျှော့ချနိုင်ရေးဆက်လက်ဆောင်ရွက်ရာတွင် ပိုးတွေ့လူနာများနှင့် ဆက်စပ်ထိတွေ့မှုရှိခဲ့သူများကိုလည်း စစ်ဆေးနိုင်ရန် လိုအပ်ကြောင်း၊ ရောဂါစစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ဖြစ်နိုင်ခြေရှိသည်များအားလုံးကို စစ်ဆေးရန်လိုပြီး “အနာသိမှ ဆေးရှိမည်” ဖြစ်ကြောင်း၊ သို့မှသာ ကာကွယ်မှုအတွက် ပိုမိုစဉ်းစားဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ရောဂါကူးစက်မှုများလျော့ကျလာသော်လည်း ပေါ့ဆမှုများမရှိရန်လိုကြောင်း။

**ကုန်ထုတ်လုပ်မှုများ ထိခိုက်ခဲ့**

ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုကြောင့် သွားလာမှုအခက်အခဲများဖြစ်ပေါ်ခဲ့သဖြင့် ကုန်ထုတ်လုပ်မှုများ ထိခိုက်ခဲ့မှုများရှိကြောင်း၊ စားသောက်ရေးအတွက် မိမိတို့လုပ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင် ဝိသမလောဘများဖြင့် ရောင်းဝယ်နေမှုများကိုလည်း တွေ့ရှိရကြောင်း၊ ပြီးခဲ့သည့်ကာလအတွင်း ဆေးဝါးများ ဈေးနှုန်းကြီးမြင့်လာခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် စစ်ဆေးကြပ်မတ်ခြင်းများ စနစ်တကျ ဆောင်ရွက်ခဲ့ခြင်းကြောင့် ဆေးဝါးများ၏ ဈေးနှုန်းများ ပုံမှန်အခြေအနေသို့ ပြန်လည်ကျဆင်းခဲ့ကြောင်း၊ မိမိတို့ မြန်မာနိုင်ငံ၏ အမျိုးသားရေးစရိုက်လက္ခဏာသည် စေတနာထားပြီး လှူဒါန်းလိုသည့်စိတ်၊ ပေးကမ်းလိုသည့် အခြေခံစိတ်များရှိပြီးဖြစ်သဖြင့် ၎င်းစိတ်ကို အခြေခံ၍ ဆောင်ရွက်မှုများသည် သဟဇာတဖြစ်ရန်လိုကြောင်း၊ မိမိတို့ နိုင်ငံတစ်ခုတည်းမဟုတ်ဘဲ ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံးတွင် စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်နေခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် စားသောက်ရေးနှင့် ကာကွယ်ကုသဆေးများနှင့် ပတ်သက်၍ ဝိသမလောဘများဖြစ်ပေါ်မှု မရှိအောင် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း။

**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

ကိုဗစ်–၁၉ ရောဂါသည် ကာကွယ်ဆေးများ ထိုးနှံထားပါက ရောဂါဖြစ်နိုင်မှု ကျဆင်းပြီး ကာကွယ်နိုင်မှုရှိသည်ကို တစ်ကမ္ဘာလုံးက လက်ခံထားကြကြောင်း၊ ထိုသို့ ကာကွယ်နိုင်မှုများကို သိရှိလာခြင်းကြောင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံနိုင်ရန်အတွက် ထိုးနှံလိုကြသူများ များပြားလာခဲ့ပြီး မိမိတို့အနေဖြင့်လည်း ကာကွယ်ဆေးများရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်အစိုးရ လက်ထက်တွင် အိန္ဒိယနိုင်ငံမှ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးသန်း ၃၀ ရရှိအောင် ဆောင်ရွက်ခဲ့သော်လည်း ပထမအသုတ်ရောက်ရှိပြီး နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိခြင်းမရှိခဲ့ကြောင်း၊ ထိုအချိန်တွင် ကိုဗစ်–၁၉ ရောဂါ ဒုတိယလှိုင်းပြီးခါစအချိန်ဖြစ်သဖြင့် *စာမျက်နှာ ၆ သို့*

# အရည်အသွေးပြည့်ဝသည့် ထုတ်ကုန်များ ထွက်ရှိအောင် ဆောင်ရွက်

**သံမဏိထုတ်လုပ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ စက်ရုံများ စွမ်းအားပြည့်လည်ပတ်နိုင်ရန် လိုအပ်ကြောင်း၊ နိုင်ငံတွင် သံမဏိ လိုအပ်ချက်များစွာရှိ၍ ပြည်ပမှတင်သွင်းရခြင်းကြောင့် နိုင်ငံခြားငွေဆုံးရှုံးမှုများဖြစ်ပေါ်ကြောင်း၊ အချို့စက်ရုံများမှာ တည်ဆောက်နေဆဲဖြစ်ပြီး ရပ်တန့်ထားရသဖြင့် နိုင်ငံအတွက် ဆုံးရှုံးခြင်းများဖြစ်ရကြောင်း၊ ပင်းပက်သံမဏိစက်ရုံနှင့် မြင်းခြံ သံမဏိစက်ရုံများကို ပြန်လည်လည်ပတ်နိုင်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ရပ်တန့်ထားသည့် စက်ရုံများအား စွမ်းအားပြည့် ပြန်လည်လည်ပတ်စေခြင်းနှင့် နည်းပညာကို Upgrade ပြုလုပ်၍ အရည်အသွေးပြည့်ဝသည့် ထုတ်ကုန်များထွက်ရှိအောင် ဆောင်ရွက်ခြင်းတို့ ပြုလုပ်ရမည်ဖြစ်ကြောင်း။**

**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၈-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

*စာမျက်နှာ ၅ မှ*

အိန္ဒိယနိုင်ငံတစ်ခုတည်းကသာ အဓိကဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ တတိယလှိုင်း ဖြစ်ပေါ်လာချိန်တွင် တစ်ကမ္ဘာလုံးရောဂါ ဖြစ်ပွားမှုနှုန်း မြင့်မားလာခဲ့ရာ လက်ရှိကမ္ဘာ့လူဦးရေ၏ ၂၁၂ သန်းအထိ ဖြစ်ပွားခဲ့ပြီး သေဆုံးမှုနှုန်းများလည်း မြင့်တက်လျက်ရှိကြောင်း၊ နိုင်ငံအားလုံး၌ ရောဂါကာကွယ်ရေးအတွက် ကာကွယ်ဆေးများရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့်လည်း ၎င်းကဲ့သို့ အခြေအနေများအကြားမှ ပြည်သူလူထုကျန်းမာရေးအတွက် ကာကွယ်ဆေးများရရှိအောင် ခက်ခက်ခဲခဲ ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် အဆိုပါ ကာကွယ်ဆေးများ ရောက်ရှိချိန်တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့် ကာကွယ်ဆေးထိုးနှံမှုများအား အမြန်ဆုံးထိုးနှံနိုင်ရေး စနစ်တကျ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တစ်ရက်စော၍ ဆေးထိုးနိုင်လျှင် တစ်ရက်စော၍ ကာကွယ်ပြီးဖြစ်မည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှင်းလင်းတင်ပြစဉ်။

**"ကိုဗစ်ကာကွယ်ဆေးများနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းမှုများကို နယ်စပ်ဂိတ်များ၊ လေကြောင်းနှင့် ရေကြောင်းတို့မှ တစ်ဆင့် နည်းလမ်းမျိုးစုံဖြင့် တင်သွင်းမှုများလုပ်ဆောင်လျက်ရှိပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေရေး အမြန်ဆုံး ထုတ်ပေးနိုင်ရေးဆောင်ရွက်၊ လိုအပ်သည့် စစ်ဆေးမှုများ၊ ခွင့်ပြုမှုများကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရေး ကြပ်မတ်ဆောင်ရွက်ပေးရမည် ၊ မတော်လောဘများဖြင့် ကန့်သတ်တားမြစ်ဆေးဝါးများ၊ ဆေးဝါးအတုများ တင်သွင်းမှုမရှိစေရေး စစ်ဆေးရမည်ဖြစ်ပြီး တွေ့ရှိပါက ထိရောက်စွာအရေးယူဆောင်ရွက်"**

## အသိပေးကြေညာထား

ယခုအခါ ကိုဗစ်-၁၉ ရောဂါကာကွယ် ကုသရေးအတွက် ပြည်ပနိုင်ငံများမှ ကာကွယ်ဆေး ဆေးဝါးအတုများ ဝင်ရောက်လာမှုများရှိသည်ဟု ကြားသိရသဖြင့် ပြည်သူများ ထိခိုက်မှုများရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနကလည်း ယင်းကိစ္စနှင့်ပတ်သက်၍ ဩဂုတ် ၂၂ ရက်တွင် ကြေညာချက်ထုတ်ပြန်၍ ပြည်သူလူထု သတိပြုနိုင်ရန် အသိပေးကြေညာထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာနယ်စပ်ဒေသများမှ တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ မြို့ကြီးများတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆေးဝါးကုမ္ပဏီများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ တင်သွင်းခွင့်ပေးထားကြောင်း၊ အထူးသဖြင့် နယ်စပ်ဒေသမှ ပြည်သူများအနေဖြင့် ဆေးဝါးအတုများ ထိုးနှံမှုမရှိစေရေးအတွက် ဒေသခံပြည်သူများသိရှိစေရေး အမြဲမပြတ်အသိပေးထုတ်ပြန်ဆောင်ရွက်နေရန်လိုကြောင်း၊ ဆေးဝါးအတုများသည် လူ့အသက်အန္တရာယ်အထိဖြစ်ပေါ်စေနိုင်သဖြင့် ထိုသို့ ဆောင်ရွက်သူများအား ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန် လိုကြောင်း။

## အသိအမှတ်ပြုဆောင်ရွက်

ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ပြီးခဲ့သည့် နွေစပါးရာသီတွင် စပါးစိုက်ပျိုးမှုများ လျော့နည်းခဲ့ကြောင်း၊ ယခုအခါ မိုးရွာသွန်းမှုရာခိုင်နှုန်း မြင့်မားလျက်ရှိသဖြင့် ထိုအခြေအနေအား ကောင်းစွာ အသုံးချ၍ တောင်သူများအနေဖြင့် စပါးများနှင့် အခြား သီးနှံများအား စနစ်တကျ စိုက်ပျိုးကြရန် လိုအပ်ကြောင်း၊ နိုင်ငံအတွင်းစားသောက်ကုန်များ ဖူလုံစွာ ထုတ်လုပ်နိုင်ပြီး ရိက္ခာများပေါ်များလာပါက နိုင်ငံအတွက်ရိက္ခာရှားပါးမှု မဖြစ်ပေါ်နိုင်ကြောင်း၊ ယခုအခါ ကမ္ဘာ့နိုင်ငံများတွင် စားသောက်မှုနှင့်ပတ်သက်၍ ရိက္ခာများလိုအပ်မှုဖြစ်ပေါ်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအတွင်း စိုက်ပျိုးရေးထုတ်ကုန်များ ပေါ်များလာပါက ပြည်ပပို့ကုန်များလည်း တင်ပို့နိုင်မည်ဖြစ်သဖြင့် နိုင်ငံခြားဝင်ငွေများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများအနေဖြင့် စိုက်ပျိုးတောင်သူများအား လိုက်လံကြည့်ရှုအားပေး၍ အသိအမှတ်ပြု ဆောင်ရွက်နေရန်လိုကြောင်း မှာကြားသည်။

## ကာကွယ်တားဆီးနိုင်ရေးလုပ်ဆောင်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တက်ရောက်လာကြသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားမှုနှုန်း ကျဆင်းလျက်ရှိသည့် အခြေအနေ၊ ရောဂါဖြစ်ပွားမှုနှုန်း လျော့ကျခြင်းမရှိဘဲ ရောဂါပိုးအတည်ပြုလူနာတွေ့ရှိမှုနှုန်း မြင့်မားလျက်ရှိသည့် အချို့မြို့နယ်များကို နေအိမ်တွင်နေထိုင်ရေး (Stay at home) ထပ်မံကန့်သတ်ထားရှိ၍ ကူးစက်ဖြစ်ပွားမှုနှုန်း လျော့ကျစေရေး လုပ်ဆောင်လျက်ရှိသည့် အခြေအနေ၊ ကမ္ဘာ့နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများတွင် ဗီဇပြောင်းရောဂါပိုးများ ဆက်လက်တွေ့ရှိနေရမှု၊ ကူးစက်ပြန့်ပွားနိုင်မှု အခြေအနေများနှင့် ဗီဇပြောင်းရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်မှုကို ကာကွယ်တားဆီးနိုင်ရေးလုပ်ဆောင်လျက်ရှိသည့် အခြေအနေ၊ အောက်ဆီဂျင်သုံးစွဲသူများအနေဖြင့် SOP Guide Line နှင့်အညီသုံးစွဲရန် လိုအပ်သည့် အခြေအနေ၊ ဆေးရုံအသီးသီးတွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ကျန်းမာရေးဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြားထောက်ပံ့မှုများပြုလုပ်ရန် စီမံဆောင်ရွက်နေမှုအခြေအနေ၊ ဆေးရုံများအလိုက် ICU အခန်းများ အဆင့်မြှင့်တင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ လက်ရှိအချိန်အထိ ကာကွယ်ဆေးထိုးနှံပြီးစီးမှုအခြေအနေများနှင့် ကာကွယ်ဆေးထိုးနှံမှုအား အာဆီယံ Website များနှင့် WHO Website များတွင်လည်း တင်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိသည့် အခြေအနေ၊ ကာကွယ်ဆေးများရောက်ရှိမှု၊ ထပ်မံမှာယူထားရှိမှု အခြေအနေများနှင့် ထပ်မံဝယ်ယူရရှိနိုင်ရေး ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်နေမှုအခြေအနေ၊ ပြည်တွင်း၌ ကိုဗစ်-၁၉ ရောဂါပိုး ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ပုဂ္ဂလိက ကုမ္ပဏီများ၏ ကာကွယ်ဆေးတင်သွင်းမှုနှင့် ထိုးနှံနေမှုအခြေအနေများကို မှတ်တမ်းရေးသွင်းနိုင်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေ။

## ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေး

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ဆက်စပ်ပစ္စည်းများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့မှုများကို နိုင်ငံတကာမှ လှူဒါန်းပေးအပ်ခဲ့မှုနှင့် ထပ်မံလှူဒါန်းလာမည့် အခြေအနေ၊ Relif Flight များ ပြေးဆွဲပျံသန်း၍ နိုင်ငံသားများကို ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးနိုင်ခဲ့သည့် အခြေအနေများနှင့် ဆက်လက်ပြေးဆွဲသွားမည့် အခြေအနေ၊ ရောဂါကာကွယ်ကုသထိန်းချုပ်ရေးဆိုင်ရာနှင့် ဆက်စပ်ဆေးဝါးများ၊ စက်ပစ္စည်းများ တင်သွင်းဖြန့်ဖြူးခဲ့သည့် အခြေအနေ၊ ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် စီမံဆောင်ရွက်ပေးထားမှုနှင့် ပေါင်းစပ်ဆောင်ရွက်ပေးနေမှု အခြေအနေ၊ FDA ၏ ထောက်ခံချက်ဖြင့် ကုန်စည်များ စိစစ်ထုတ်ပေးနိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးနေမှု အခြေအနေ။

ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများကို သတင်းစာများ၊ နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့အပြင် ပုဂ္ဂလိကရုပ်သံလိုင်းများမှ *စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

အသိပညာပေးလျက်ရှိသည့် အခြေအနေ၊ နေအိမ်တွင်နေထိုင်ရေး(Stay at home) ကာလအတွင်း ပြည်သူများ စိတ်ချမ်းမြေ့မှုရရှိစေရေး၊ အသိပညာရရှိရေး၊ စိတ်ဖိစီးမှုများလျော့ကျစေရေး သီချင်းနှင့် ဇာတ်လမ်းတိုများ၊ အင်တာဗျူးအစီအစဉ်များ၊ အငြိမ့်များအပြင် အခြားအစီအစဉ်များစွာကို တင်ဆက်ပေးလျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေ။

အောက်ဆီဂျင်များအား ပြည်ပမှ တင်သွင်းဖြန့်ဖြူးနေမှု၊ ပြည်တွင်းမှ ထုတ်လုပ်နေမှုအခြေအနေ၊ ကာကွယ်ဆေးများအား သတ်မှတ်နယ်ပယ်များအလိုက် ထိုးနှံပေးနေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ထိုးနှံရေး ဆောင်ရွက်နေမှု အခြေအနေ၊ ပြည်ပရောက်မြန်မာနိုင်ငံသားများ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်နေမှု၊ နယ်စပ်ဂိတ်အသီးသီး၌ စနစ်တကျစစ်ဆေး၍ ရောဂါပိုးတွေ့ရှိသူများအား စောင့်ကြည့်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိမှုနှင့် ရောဂါပိုးမတွေ့ရှိသူများကို ၎င်းတို့နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်နိုင်ရေး စီစဉ်ပို့ဆောင်ပေးလျက်ရှိသည့် အခြေအနေ။




ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၉)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများ Video Conferencing ဖြင့် တက်ရောက်စဉ်။

### စားရေးအခက်အခဲမရှိစေရန်

စားရေးအခက်အခဲမရှိစေရန်အတွက် အခြေခံစားကုန်များကို ရွှေ့လျားဈေးကားများဖြင့် လှည့်လည်ရောင်းချပေးနေမှုနှင့် အခြေခံအိမ်သုံးဆေးဝါးများကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသည့် အခြေအနေ၊ တပ်မတော်ဆေးရုံများ၊ စင်တာများတွင် စောင့်ကြည့်၊ ကုသမှုများ ဆောင်ရွက်ပေးနေမှု အခြေအနေ၊ Oxygen Plant များ တည်ဆောက်ပြီးစီးမှု၊ ဆက်လက်တည်ဆောက်နေမှုနှင့် တည်ဆောက်ပြီးစီးပါက ထွက်ရှိလာမည့် အခြေအနေ၊ ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်း ကူးစက်ပြန့်ပွားမှုများတွင် ဗီဇပြောင်းရောဂါမျိုးကွဲများဖြင့် ကူးစက်ပြန့်ပွားခဲ့မှု အခြေအနေ၊ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာပစ္စည်းများ၊ အောက်ဆီဂျင်များ၊ တစ်ခါသုံးဆေးထိုးအပ်နှင့် အခြားလိုအပ်သည့် ဆက်စပ်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည့် အခြေအနေ၊ ပြည်တွင်းရှိ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ဆေးဝါးစက်ရုံများမှ ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးပေးနေမှု အခြေအနေ၊ ဆေးဝါးများ ကုန်ဈေးနှုန်းကြီးမြင့်မှုမရှိစေရေး စောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေမှု၊ အခြေခံ အိမ်သုံးဆေးဝါးများ ကုန်ဈေးနှုန်းကျဆင်းလာမှု၊ ကိုဗစ်-၁၉ ပထမလှိုင်းကာလအတွင်း ပြည်တွင်းရှိ အထည်ချုပ်စက်ရုံအချို့ပိတ်ထားရမှုများရှိခဲ့ပြီး ယခုတတိယလှိုင်းကာလအတွင်းပင် အထည်ချုပ်အမှာစာများ ရောက်ရှိလာသည့်အတွက် စက်ရုံများကို ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ ပြန်လည် လည်ပတ်ခဲ့ပြီး ယခင်လည်ပတ်မှု ရပ်ဆိုင်းထားသည့် အထည်ချုပ်စက်ရုံ ၃၈ ရုံနှင့် စက်ရုံအသစ် ၁၁ ရုံ၊ စုစုပေါင်း စက်ရုံ ၄၉ ရုံ လည်ပတ်လာနိုင်သည့်အတွက် ဝန်ထမ်းနှစ်သောင်းကျော်ကို အလုပ်အကိုင်အခွင့်အလမ်း ဖော်ဆောင်ပေးနိုင်ခဲ့သည့် အခြေအနေ၊ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများအား ကာကွယ်ဆေးထိုးနှံနိုင်ရေး လုပ်ဆောင်လျက်ရှိရာ ဩဂုတ် ၂၂ ရက်အထိ အလုပ်သမား ရှစ်သောင်းကျော်ကို ထိုးနှံပြီးစီးခဲ့ပြီး ဆက်လက်ထိုးနှံပေးသွားမည့် အခြေအနေ။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့် မြို့နယ်၊ ခရိုင်အလိုက် ဖြစ်ပေါ်ခဲ့သည့် ရောဂါဖြစ်ပွားမှု၊ သေဆုံးမှု၊ ဆေးရုံတက်ရောက်မှု၊ အောက်ဆီဂျင်လိုအပ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်၍ အမှန်တကယ် လိုအပ်ချက်များကို တွက်ချက်ပြင်ဆင်ထားရန်လိုအပ်သည့် အခြေအနေ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ဒေသများအတွင်း ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး စနစ်တကျ စာရင်းကောက်ယူဆောင်ရွက်လျက်ရှိပြီး ဦးစားပေးအုပ်စုအလိုက် အမြန်ဆုံးထိုးနှံပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ရှိ တိုက်ပွဲရှောင်နှင့် IDP Camp များ၌ ရှိနေသူ လူဦးရေ ၅ သိန်းကျော်အနက် အသက် ၁၈ နှစ်အထက် ကာကွယ်ဆေးထိုးနှံရန် အကျုံးဝင်သူ ၁၆၅၂၉၆ ဦးရှိပြီး ၎င်းတို့အနက် လူဦးရေ ငါးသောင်းကျော်ကို ယခုအပတ်အတွင်း ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကာကွယ်ဆေးထိုးနှံပြီးစီးသူများကို စနစ်တကျ မှတ်တမ်းတင်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်က ပြည်တွင်းရှိ စက်ရုံ၊ အလုပ်ရုံများ ပုံမှန်အတိုင်း လည်ပတ်နေမှုများကို အားပေးရမည်ဖြစ်ပြီး ရောဂါကာကွယ်ထိန်းချုပ်ကုသရေး စည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ စက်ရုံပိုင်ရှင်များအနေဖြင့်လည်း ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ၎င်းတို့၏ လိုအပ်ချက်များနှင့် ပတ်သက်၍ အလေးထားလုပ်ဆောင်ပေးရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တာဝန်ရှိသူများအနေဖြင့်လည်း လိုအပ်သည်များကို တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

### ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ကျန်းမာရေးဆိုင်ရာဆောင်ရွက်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါသည် မျိုးရိုးဗီဇများ ပြောင်းလဲကူးစက်မှုဖြစ်ပွားလျက်ရှိသည့်အတွက် ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများကို အမြဲမပြတ် ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)နှင့် ကျန်းမာရေးအဖွဲ့အစည်းများက သတ်မှတ်ထားသည့် စံနှုန်းသတ်မှတ်ချက်များရှိပြီး ၎င်းတို့ကိုလေ့လာ၍ လိုက်နာဆောင်ရွက်သွားရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်မှုများတွင် ဗဟိုအဖွဲ့၊ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များအနေဖြင့် လိုအပ်သည်မှန်သမျှကို ကြပ်ကြပ်မတ်မတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများနေဖြင့်လည်းပြည်သူများမှတိကျစွာ လိုက်နာဆောင်ရွက်ရေး ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

### ဆေးရုံအင်္ဂါရပ်များနှင့် ကိုက်ညီမှုရှိရန်လိုအပ်

ထို့နောက် ဆေးရုံများကို အဆင့်မြှင့်တင်နိုင်ရေး လုပ်ဆောင်ကြရမည်ဖြစ်ပြီး ဆေးရုံတိုင်းသည် ဆေးရုံအင်္ဂါရပ်များနှင့် ကိုက်ညီမှုရှိရန်လိုအပ်မည်ဖြစ်ကြောင်း၊ ယခုခေတ်၌ နိုင်ငံတကာရှိ ဆေးရုံများ၏ ပုံသဏ္ဌာန်များ၊ အင်္ဂါရပ်များကို အလွယ်တကူလေ့လာတွေ့ရှိနိုင်ကြောင်း၊ ထိုသို့လေ့လာ၍ မြို့နယ်၊ တိုက်နယ်၊ ခရိုင်အဆင့် ဆေးရုံများ စနစ်တကျရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ICU ခန်းများရှိသည်ဖြစ်သော်လည်း ကိုဗစ်နှင့် ပတ်သက်၍ သီးသန့်ထားရှိပြီး အခြားရောဂါများအတွက်လည်း ICU ခန်းကို သီးသန့်ထားရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊

*စာမျက်နှာ ၈ သို့*

- ❒ **တတိယလှိုင်း ဖြစ်ပေါ်လာချိန်တွင် တစ်ကမ္ဘာလုံးရောဂါ ဖြစ်ပွားမှုနှုန်း မြင့်မားလာခဲ့ရာ လက်ရှိကမ္ဘာ့လူဦးရေ၏ ၂၁၂ သန်းအထိ ဖြစ်ပွားခဲ့ပြီး သေဆုံးမှုနှုန်းများလည်း မြင့်တက်လျက်ရှိကြောင်း၊ နိုင်ငံအားလုံး၌ ရောဂါကာကွယ်ရေးအတွက် ကာကွယ်ဆေးများ ရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့်လည်း ၎င်းကဲ့သို့ အခြေအနေများအကြားမှ ပြည်သူလူထု ကျန်းမာရေးအတွက် ကာကွယ်ဆေးများရရှိအောင် ခက်ခက်ခဲခဲ ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် အဆိုပါ ကာကွယ်ဆေးများ ရောက်ရှိချိန်တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့် ကာကွယ်ဆေးထိုးနှံမှုများအား အမြန်ဆုံးထိုးနှံနိုင်ရေး စနစ်တကျဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တစ်ရက်စောစော၍ ဆေးထိုးနိုင်လျှင် တစ်ရက်စောစော၍ ကာကွယ်ပြီးဖြစ်မည်ဖြစ်ကြောင်း။**
- ❒ **ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် ပြည်ပနိုင်ငံများမှ ကာကွယ်ဆေး ဆေးဝါးအတုများ ဝင်ရောက်လာမှုများ ရှိသည်ဟု ကြားသိရသဖြင့် ပြည်သူများ ထိခိုက်မှုများရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနကလည်း ယင်းကိစ္စနှင့် ပတ်သက်၍ ဩဂုတ် ၂၂ ရက်တွင် ကြေညာချက်ထုတ်ပြန်၍ ပြည်သူလူထု သတိပြုနိုင်ရန် အသိပေးကြေညာထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာနယ်စပ်ဒေသများမှ တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ မြို့ကြီးများတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆေးဝါးကုမ္ပဏီများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ တင်သွင်းခွင့်ပေးထားကြောင်း၊ အထူးသဖြင့် နယ်စပ်ဒေသမှ ပြည်သူများအနေဖြင့် ဆေးဝါးအတုများ ထိုးနှံမှုမရှိစေရေးအတွက် ဒေသခံပြည်သူများသိရှိစေရေး အမြဲမပြတ် အသိပေးထုတ်ပြန်ဆောင်ရွက်နေရန်လိုကြောင်း၊ ဆေးဝါးအတုများသည် လူ့အသက်အန္တရာယ်အထိ ဖြစ်ပေါ်စေနိုင်သဖြင့် ထိုသို့ဆောင်ရွက်သူများအား ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန်လိုကြောင်း။**

*စာမျက်နှာ ၇ မှ*

ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက်လည်း နိုင်ငံတော်မှ လိုအပ်သည့် ကုန်ကျမှုများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဆေးရုံများအဆင့်မြှင့်တင်ရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ အမှိုက်သရိုက်များ ရှင်းလင်းရေး၊ ခြံစည်းရိုးများကောင်းမွန်ရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆေးရုံဝန်ထမ်းများ၊ တပ်မတော်၊ လူမှုရေးအဖွဲ့အစည်းများဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

**အသက်ထက် အရေးကြီးတာ ဘာမှမရှိ**

ထို့နောက် အောက်ဆီဂျင်နှင့် ပတ်သက်၍ လိုအပ်သည်များကို ဆောင်ရွက်ပေးရန်လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ **"ဆက်စပ်ပြီး ပြောချင်တာကတော့ အောက်ဆီဂျင်ကိစ္စပါ။ အောက်ဆီဂျင်နဲ့ ပတ်သက်ပြီး ကျွန်တော်တို့က ပြီးခဲ့တဲ့ ဇွန်၊ ဇူလိုင်မှာ အောက်ဆီဂျင်လိုအပ်ချက်တွေ အလွန်မြင့်တက်လာတဲ့အခါကျတော့ အကုန်လုံးက အောက်ဆီဂျင်ရရှိဖို့ အသည်းအသန် ကြိုးစားကြတာပေါ့။ အမြင့်ဆုံးလိုအပ်ချက်ကတော့ ပြီးခဲ့တဲ့ ဇူလိုင်လ ၁၈ ရက်နေ့က ၃၁၂၉၈ လုံး လိုတယ်ဆိုပြီးတော့ ကမ္ဘာ့ကစောင့်ကြည့်လေ့လာရေး Indicator တွေမှာ သွားတွေ့တယ်။ အခု ကျွန်တော်တို့ ပြီးခဲ့တဲ့ ၂၀ ရက်နေ့လိုအပ်ချက်က ၁၈၆၆၇ တွေ့တယ်။ ကျွန်တော်တို့ ထုတ်နိုင်တာက အခု လေးသောင်းကျော်၊ တကယ်လို့ အပြည့်အစုံဆို လေးသောင်းကျော်လောက် ထုတ်နိုင်တာကို ကျွန်တော်တို့တွေ့တယ်။ ဆိုလိုချင်တာကတော့ အမြင့်ဆုံး လိုအပ်ချက်ထက်ကို ပိုပြီးတော့မှ အောက်ဆီဂျင် ထုတ်နိုင်တဲ့အနေအထားတော့ရောက်သွားပြီ။သို့သော်ဆေးရုံသုံးအောက်ဆီဂျင်တွေ သန့်ရှင်းပြီးတော့မှ စနစ်တကျဖြစ်တဲ့ အောက်ဆီဂျင် ဖြစ်စေချင်တယ်။ အဲဒါလည်း ကျွန်တော် ပြီးခဲ့တဲ့အစည်းအဝေးတွေမှာလည်း ပြောပါတယ်။ အောက်ဆီဂျင်အိုးတွေကအစ စနစ်တကျလုပ်ပါ။ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်ဖြစ်အောင် ကြိုးစားပါ။ နောက်တစ်ခါလည်း အောက်ဆီဂျင် အောက်ဆီဂျင်လို့ ပြောတဲ့အခါကျတော့။ မြို့နယ်တွေမှာ ကြိုးစားကြတယ်။ အဓိကကတော့ ဆက်သွယ်မှု ခက်ခဲတဲ့နေရာတွေမှာ အောက်ဆီဂျင် မဖြစ်မနေရအောင် လုပ်ရမယ်။ ဥပမာအားဖြင့်- နန်းယွန်းလို မြို့နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဆိုရင် နန်းယွန်းလို ဟာမျိုးပေါ့၊ သွားရလာရတာ နည်းနည်းခက်တာကိုး။ လဟယ်ကမှ ခန္တီးကသွားရင် နည်းနည်းအဆင်ပြေနိုင်သေးတယ်။ ဒါ ဥပမာ ပြောပြတာ၊ ဥပမာအားဖြင့်- မာန်အောင်လို ဟာမျိုးဆိုရင် လေကြောင်းလမ်းတစ်ခုနဲ့ ရာသီဥတုကောင်းလို့ရှိရင် သင်္ဘောလမ်းသွားလို့ရတယ်။ ကားလမ်းမရှိဘူး။ မာန်အောင်ကျွန်းမျိုးဆိုရင် ရကိုရရမယ်။ သူ့ကို Survive လုပ်နိုင်၊ သူ့ကိုယ်သူ ရပ်တည်နိုင်ရမယ့် အခြေအနေမျိုး ရှိရမယ်။ အဲဒါမျိုးလေးတွေပေါ့။ ပြည်နယ်နဲ့ တိုင်းအလိုက် သွားလာမှုခက်ခဲတဲ့ မြို့နယ်တွေမှာ၊ ခရိုင် မဟုတ်လို့၊ မြို့နယ် မဟုတ်လို့ မဟုတ်ဘူး၊ သွားလာမှုခက်ခဲတဲ့ ဒေသတွေကတော့ မဖြစ်မနေရအောင် ကြိုးစားပေး၊ စိတ်မပူရအောင်၊ လျှပ်စစ်မီး ဘယ်လိုရအောင် လုပ်မလဲ၊ ဥပမာအားဖြင့် – အသေးစား ရေအား လျှပ်စစ် စီမံကိန်း၊ အဲဒီမှာ ၅၀၀ ကီလိုဝပ်၊ ၁၀၀၀ ကီလိုဝပ်၊ ဒါမှမဟုတ်လို့ရှိရင် ၂၀၀ ကီလိုဝပ် လား၊ ၃၀၀ ကီလိုဝပ်တော့ ရသလား၊ ရရင် ခုနကပြောတဲ့ အောက်ဆီဂျင်စက်ရုံနဲ့ ပတ်သက်ပြီး အထောက်အကူရအောင် ချိတ်ဆက်ထား၊ လူထက် အရေးကြီးတာ၊ အသက်ထက် အရေးကြီးတာ ဘာမှမရှိဘူး"** ဟု ပြောကြားသည်။

**ဆေးဝါးအတုများ တင်သွင်းမှုမရှိစေရေး စစ်ဆေးရမည်**

ဆက်လက်၍ ကိုဗစ်ကာကွယ်ဆေးများနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းမှုများကို နယ်စပ်ဂိတ်များ၊ လေကြောင်းနှင့် ရေကြောင်းတို့မှတစ်ဆင့် နည်းလမ်းမျိုးစုံဖြင့် တင်သွင်းမှုများလုပ်ဆောင်လျက်ရှိပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေရေး အမြန်ဆုံး ထုတ်ပေးနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လိုအပ်သည့် စစ်ဆေးမှုများ၊ ခွင့်ပြုမှုများကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရေး ကြပ်မတ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မတော်လောဘများဖြင့် ကန့်သတ်တားမြစ်ဆေးဝါးများ၊ ဆေးဝါးအတုများ တင်သွင်းမှုမရှိစေရေး စစ်ဆေးရမည်ဖြစ်ပြီး တွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ပညာပေးမှုနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာနမှ လုပ်ဆောင်နေမှုများရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်တွင်လည်း အသံချဲ့စက်များနှင့် အသိပေးကြေညာခြင်း၊ ကျန်းမာရေးအသိပညာပေး၊ သတိပေးဆိုင်းဘုတ်များ ထောင်ခြင်းများ ပြုလုပ်ရန်လည်းလိုကြောင်း၊ အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် ပညာပေးမှုများပိုမိုဆောင်ရွက်ရမည်ဖြစ်ပြီး ကျန်းမာရေးဆိုင်ရာ အသိပေးမှု၊ သတိပေးမှုများ နေ့စဉ်မြင်တွေ့ကြားသိနေရမှသာလျှင် ဆင်ခြင်လိုက်နာနိုင်မည် ဖြစ်သောကြောင့် ပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့်ဖြင့် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

**စေတနာထား၍ လုပ်ဆောင်ကြရမည်**

ကိုဗစ်-၁၉ ရောဂါကို ရှေ့တန်းမှ ကာကွယ်ထိန်းချုပ် ကုသပေးနေသော ကျန်းမာရေးဝန်ထမ်းများ၊ နိုင်ငံတော်၏ ကုန်ထုတ်လုပ်ငန်းများတွင် ထမ်းဆောင်ကြသည့် အဖွဲ့အစည်းများ၊ ပြည်သူလူထု၏ သယ်ယူပို့ဆောင်ရေးကို ဆောင်ရွက်ပေးနေသည့် အဖွဲ့များ၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်ထမ်းဆောင်နေသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ ကျန်းမာရေးကောင်းမွန်ရန်လည်း လိုအပ်မည်ဖြစ်သဖြင့် ကာကွယ်ဆေးထိုးနှံရာတွင် ဦးစားပေးသတ်မှတ်ချက်များအလိုက် စနစ်တကျထိုးနှံပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံပိုင်တပ်မတော်(လေ) နှင့် တပ်မတော်ပို့ဆောင်ရေးစနစ်များမှတစ်ဆင့် ပြည်နယ်နှင့်တိုင်းအားလုံးသို့ အမြန်ဆုံးရောက်ရှိနိုင်ရေး ပို့ဆောင်ပေးလျက်ရှိကြောင်း၊ ရောက်ရှိလာသည့် ဆေးပစ္စည်းများ ပျက်စီးမှုမရှိစေရေး စနစ်တကျ ထိန်းသိမ်းထားသို၍ အမြန်ဆုံးထိုးနှံပေးရမည်ဖြစ်ကြောင်း၊ အသက်အရွယ်ကြီးမြင့်သူများတွင် သေဆုံးမှုနှုန်းမြင့်မားသည်ကို တွေ့ရှိရပြီး အသက် ၅၀ နှင့် အထက် သေဆုံးမှု ၈၀ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ကာကွယ်ဆေးကို အသက်အရွယ်ကြီးရင့်သူများအား ဦးစားပေးထိုးနှံစေလျက်ရှိကြောင်း၊ ယခု ကာကွယ်ဆေး ၈ သန်းရောက်ရှိပြီး ၆ သန်းကို ထိုးနှံပေးပြီးဖြစ်ကြောင်း၊ ဒုတိယအကြိမ်ထိုးနှံရန် ဆေး ၂ သန်း ကျန်ရှိကြောင်း၊ တစ်ဖက်ကလည်း ကိုယ်ခံစွမ်းအားကောင်းမွန်အောင် နေထိုင်ရန်လိုအပ်မည်ဖြစ်ပြီး ကျန်းမာသန်စွမ်းမှုရှိစေရန် ကိုယ်လက်လှုပ်ရှားမှုများကိုလည်း လုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် အသိပညာပေးမှုများကိုသာမက အခြေခံကျန်းမာရေးနှင့်ပတ်သက်သည့် ပညာပေးမှုများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စားရေးသောက်ရေးနှင့် ပတ်သက်၍ အဆင်ပြေချောမွေ့မှုရှိစေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ဒေသအလိုက် စားရေရိက္ခာပေါ်များစေရေး ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ အခြေခံအနေဖြင့် နိုင်ငံသားများနှင့် တိုင်းပြည်၏ စီးပွားရေးကောင်းမွန်အောင် လုပ်ဆောင်ရန် အဓိကလိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့တစ်ဦးချင်း လုပ်ဆောင်ရသည့် တာဝန်များအလိုက် မိမိအလုပ်နှင့် တိုင်းပြည်အပေါ်တွင် စေတနာထား၍ လုပ်ဆောင်မည်ဆိုပါက မိမိတို့၏ လုပ်ဆောင်မှုများ အောင်မြင်နိုင်မည်ဖြစ်ပြီး တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးနှင့် ပြည်သူလူထု၏ လူမှုဘဝတိုးတက်မြင့်မားရေးကို အထောက်အကူဖြစ်စေနိုင်မည်ဖြစ်သဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို စေတနာထား၍ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ရေကြောင်းလုံခြုံရေး နှီးနှောဖလှယ်ပွဲ (4th IMSS 2021) အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၂၃**

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ရေကြောင်းလုံခြုံရေး နှီးနှောဖလှယ်ပွဲ 4th International Maritime Security Symposium (2021) အခမ်းအနားကို "လုံခြုံမှု၊ ငြိမ်းချမ်းမှုနှင့် ကြွယ်ဝချမ်းသာမှုအတွက် အပြည်ပြည်ဆိုင်ရာ ရေကြောင်းလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု" ခေါင်းစဉ်ဖြင့် ယနေ့တွင် Hybrid Symposium (Online and Offline) စနစ်ဖြင့် ကျင်းပခဲ့ရာ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင် ဦးဆောင်သော တပ်မတော်(ရေ)မှ ကိုယ်စားလှယ် အရာရှိကြီးများ၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး(ကြည်း၊ ရေ၊ လေ)တို့ တက်ရောက်ကြသည်။




အခမ်းအနားတွင် မြန်မာ၊ ဩစတြေးလျ၊ တရုတ်၊ ပြင်သစ်၊ အိန္ဒိယ၊ ဂျပန်၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ စပိန်၊ တူရကီ၊ အမေရိကန်၊ ဗြိတိန်၊ ဗီယက်နမ် စသည့်နိုင်ငံပေါင်း ၅၄ နိုင်ငံမှ ရေတပ်ဦးစီးချုပ်များ၊ နိုင်ငံတကာ ကိုယ်စားလှယ်များနှင့် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အိမ်ရှင်အင်ဒိုနီးရှားနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Yudo Margono က (၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ရေကြောင်းလုံခြုံရေး နှီးနှောဖလှယ်ပွဲ(4th IMSS 2021) အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားပြီး အခမ်းအနားကို ဖွင့်လှစ်ပေးကာ အင်ဒိုနီးရှားရိုးရာယဉ်ကျေးမှု အစီအစဉ်များဖြင့် ဖျော်ဖြေခဲ့သည်။ ထို့နောက် အင်ဒိုနီးရှားတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ညှိနှိုင်းကွပ်ကဲရေးမှူးနှင့် အင်ဒိုနီးရှား ဒုတိယကာကွယ်ရေးဝန်ကြီးတို့က အဖွင့်မိန့်ခွန်း ပြောကြားခဲ့ကြသည်။

**အပြန်အလှန်ဆွေးနွေး**

ယင်းနောက် အင်ဒိုနီးရှားနိုင်ငံ၏ မြို့ပြရှုခင်းများကို ဗီဒီယိုဖြင့်ပြသကာ မိတ်ဆက်ခဲ့သည်။ ထို့နောက် နှီးနှောဖလှယ်ပွဲ ပထမနေ့ကို ပင်လယ်ပြင်ရေကြောင်း စိန်ခေါ်မှုနှင့် အခွင့်အလမ်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ "အပြည်ပြည်ဆိုင်ရာ ရေကြောင်းပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခြင်းကိစ္စများ"၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးနှင့် ပတ်သက်၍ "ကိုဗစ်-၁၉ ရောဂါ၏ အဘက်ဘက်မှ စိန်ခေါ်မှုများနှင့် နှောင့်နှေးကြန့်ကြာမှုများအား ကျော်လွှားနိုင်ရန် စစ်ဘက်နှင့် အရပ်ဘက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကဏ္ဍများ"၊ "သင်္ဘောများ၏ ကုန်တင်ပို့မှုနှင့် ဆိပ်ကမ်းအပေါ် သက်ရောက်မှု ကိစ္စရပ်များ"၊ အာရှရှက်လွှင့် သင်တန်းကျောင်းအဖွဲ့အစည်းနှင့် အာရှရှက်လွှင့်ပြိုင်ပွဲအစီအစဉ်များ တည်ထောင်ခြင်းနှင့် ပတ်သက်သည့် ကိစ္စရပ်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီနှင့် ဘေးအန္တရာယ်ကယ်ဆယ်ရေး (HADR) နှင့် ပတ်သက်၍ "ဆယ်စုနှစ်အတွင်း အင်ဒို-ပစိဖိတ်ဒေသ၌ ဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်များနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု"၊ "သဘာဝဘေးအန္တရာယ်ဆိုင်ရာ သံတမန်ရေးနည်းလမ်းကို အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒတစ်ခုကဲ့သို့ အာဆီယံဒေသအတွင်း ပြောင်းလဲကျင့်သုံးမည့်အစီအစဉ်" ခေါင်းစဉ်များဖြင့် ဆွေးနွေးရာ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီနှင့် ဘေးအန္တရာယ်ကယ်ဆယ်ရေးကဏ္ဍတွင် တပ်မတော်(ရေ)အနေဖြင့် အသင့်ဖြစ်မှု အဆင့်အလိုက် ပြင်ဆင်ဆောင်ရွက်သင့်သည့်အချက်များကို အပြန်အလှန်ဆွေးနွေးခဲ့သည်။

ယနေ့နှီးနှောဖလှယ်ပွဲတွင် ခေါင်းစဉ်များကို အပိုင်း သုံးပိုင်း ခွဲခြား၍ ရေတပ်ဦးစီးချုပ်များ၊ နိုင်ငံတကာကိုယ်စားလှယ်များနှင့် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့အစည်းတို့မှ တာဝန်ရှိသူများက Power Point Presentation ဖြင့် အသီးသီးတင်ပြဆွေးနွေးခဲ့ကြသည်။

**ဆက်လက်ကျင်းပသွားမည်**

(၄)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ရေကြောင်းလုံခြုံရေးနှီးနှောဖလှယ်ပွဲ (4th IMSS 2021) အခမ်းအနားကို ဩဂုတ် ၂၄ ရက်တွင် ဒုတိယနေ့အဖြစ် "သီးသန့်စီးပွားရေးဇုန်များတွင် စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများနှင့် သတင်းထောက်လှမ်းခြင်းဆိုင်ရာ လှုပ်ရှားမှုများနှင့် ပတ်သက်၍ လိုက်နာရမည့် စည်းမျဉ်း စည်းကမ်းများ"၊ "ရေကြောင်းလုံခြုံရေးဆိုင်ရာ သတင်းအချက်အလက် ဖလှယ်မှု တည်ဆောက်ခြင်း" နှင့် "မောင်းသူမဲ့ရေယာဉ်များ အသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် ပင်လယ်ပြင်ဥပဒေဆိုင်ရာ ရှုထောင့်များ" စသည့်ခေါင်းစဉ်များဖြင့် နှီးနှောဖလှယ်ပွဲကို အပိုင်း သုံးပိုင်း ခွဲခြား၍ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေး အင်ဂျင်နီယာဘွဲ့သင်တန်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်




နေပြည်တော် ဩဂုတ် ၂၃

လယ်ယာကဏ္ဍတွင် စတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းခြွေလှေ့ပြီးနောက်ပိုင်း လုပ်ငန်းစဉ်များအထိ စက်ကိရိယာများကို အသုံးပြုလုပ်ကိုင်မှု ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အဆိုပါ စက်ကိရိယာများနှင့် ပတ်သက်သည့် စီမံခန့်ခွဲခြင်း၊ တီထွင်ဆန်းသစ်ခြင်း၊ လက်တွေ့အသုံးချ သုတေသနဆောင်ရွက်ခြင်းလုပ်ငန်းများအတွက် လိုအပ်လာလျက်ရှိသည့် စိုက်ပျိုးရေးအင်ဂျင်နီယာများ မွေးထုတ်ပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်း၍ စိုက်ပျိုးရေးအင်ဂျင်နီယာဘွဲ့သင်တန်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကိစ္စနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော် ရုံးအမှတ်(၁၅)၌ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပရာ အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ (ဓာတ်ပုံ)

အစည်းအဝေးတွင် စိုက်ပျိုးရေးအင်ဂျင်နီယာဘာသာရပ်များနှင့် ပတ်သက်၍ ဒီပလိုမာ၊ ဘွဲ့၊ ဒီဂရီနှင့် ဘွဲ့လွန်ဘာသာရပ်သင်တန်းများ ဖွင့်လှစ်ပေးသွားနိုင်ရေးအတွက် ကျောင်းသားဦးရေ၊ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် သင်ကြားမည့် ဆရာ ဆရာမများ အခြေအနေ၊ သင်ကြားမည့်ပုံစံတို့ကို သက်ဆိုင်ရာဌာနများအကြား ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်နှင့် သင်တန်းအောင်မြင်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ (၄၂) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံသို့ တက်ရောက်

နေပြည်တော် ဩဂုတ် ၂၃

(၄၂) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ (42nd General Assembly of ASEAN Inter–Parliamentary Assembly) ကို ဘရူနိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ယနေ့ နံနက် ၈ နာရီခွဲက Virtual စနစ်ဖြင့် ကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမမှ ပါဝင်တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ်က မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သည်နှင့်အညီ အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးနှင့် ဒေသတွင်း ပေါင်းစည်းမှု ရရှိစေရေးတို့အတွက် အာဆီယံနိုင်ငံများနှင့်အတူ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ဆက်လက် ထိန်းသိမ်းသွားမည့်အပြင် AIPA ၏ လုပ်ငန်းစဉ်များတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။







အဆိုပါ အထွေထွေညီလာခံကို ဩဂုတ် ၂၃ ရက်မှ ၂၅ ရက်အထိ ၃ ရက် ကျင်းပသွားမည်ဖြစ်ပြီး "Forging Parliamentary Cooperation in Digital Inclu– sion towards ASEAN Com– munity 2025" ခေါင်းစဉ်ဖြင့် စီးပွားရေးလုပ်ငန်းများတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်မှု၊ ဆိုက်ဘာလုံခြုံရေးနှင့် သတင်းအချက်အလက် အကာအကွယ်ပေးမှု မြှင့်တင်ခြင်း၊ အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးနှင့် စပ်လျဉ်းသည့် လွှတ်တော်ဆိုင်ရာကိစ္စရပ်များ၊ အငယ်စား၊ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများဆိုင်ရာ ဒစ်ဂျစ်တယ်နည်းပညာ လက်လှမ်းမီနိုင်ရေးလုပ်ငန်းများ၊ ကိုဗစ်–၁၉ အလွန် ခရီးသွားမှုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို တုံ့ပြန်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

(၄၂) ကြိမ်မြောက် အာဆီယံပါလီမန်များ၏ အထွေထွေညီလာခံသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နိုင်၊ ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြည်အောင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးဆန်းလင်းနှင့် ဒေါက်တာကျော်သူဟိန်းတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂၃

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

**မိုး/ဇလ**

### ၂၃-၈ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၈၅၄၆၀၆၉ | ၃၀၄၇၂၈၀၇ | ၆၄၅၀၆၃ |
| ၂။ | အိန္ဒိယ | ၃၂၄၅၃၅၄၀ | ၃၁၆၈၀၆၂၆ | ၄၃၄၈၉၈ |
| ၃။ | ဘရာဇီး | ၂၀၅၇၀၈၉၁ | ၁၉၄၄၈၈၀၆ | ၅၇၄၅၇၄ |
| ၄။ | ရုရှား | ၆၇၆၆၅၄၁ | ၆၀၃၄၈၆၇ | ၁၇၆၈၂၀ |
| ၅။ | ပြင်သစ် | ၆၆၁၉၆၁၁ | ၆၀၆၅၃၂၁ | ၁၁၃၃၁၁ |
| ၆။ | ဗြိတိန် | ၆၄၉၂၉၀၆ | ၅၀၅၆၅၇၁ | ၁၃၁၆၄၀ |
| ၇။ | တူရကီ | ၆၂၁၅၆၆၃ | ၅၇၀၈၅၄၉ | ၅၄၅၃၃ |
| ၈။ | အာဂျင်တီးနား | ၅၁၃၃၈၃၁ | ၄၈၁၄၀၂၀ | ၁၁၀၃၅၂ |
| ၉။ | ကိုလံဘီယာ | ၄၈၈၉၅၃၇ | ၄၇၁၈၅၀၀ | ၁၂၄၂၁၆ |
| ၁၀။ | စပိန် | ၄၇၇၀၄၅၃ | ၄၀၇၈၈၄၆ | ၈၃၁၃၆ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၃– ၈ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၃၉၈၉၀၆၀ | ၃၅၇၁၀၈၂ | ၁၂၇၂၁၄ |
| ဖိလစ်ပိုင် | ၁၈၅၇၆၄၆ | ၁၆၉၅၃၃၅ | ၃၁၉၆၁ |
| မလေးရှား | ၁၅၇၂၇၆၅ | ၁၂၉၇၇၂၃ | ၁၄၃၄၂ |
| ထိုင်း | ၁၀၆၆၇၈၆ | ၈၆၁၇၇၀ | ၉၅၆၂ |
| မြန်မာ | ၃၇၅၈၇၁ | ၃၀၂၄၄၇ | ၁၄၄၉၉ |
| ဗီယက်နမ် | ၃၅၈၄၅၆ | ၁၅၄၆၁၂ | ၈၆၆၆ |
| ကမ္ဘောဒီးယား | ၈၉၆၄၁ | ၈၅၆၁၈ | ၁၈၀၈ |
| စင်ကာပူ | ၆၆၅၇၆ | ၆၅၆၀၁ | ၄၉ |
| လာအို | ၁၂၆၂၁ | ၄၆၀၄ | ၁၁ |
| ဘရူနိုင်း | ၁၈၇၃ | ၄၃၆ | ၃ |

# လူမှုကွန်ရက်ပေါ်က ဝါဒဖြန့်သတင်းတုသတင်းမှားသံသရာ

**မေယု-မျိုးအောင်(MANA)**

ဝါဒဖြန့်ခြင်းဟူသည်ကား အခြေခံအကျဆုံးအဖြစ် ရှုမြင်ကြည့်လျှင် ဘက်လိုက်သော သို့မဟုတ် လမ်းလွဲသို့ ခေါ်ဆောင်သွားသော အချက်အလက်များကို လူအများထံ ပျံ့နှံ့စေနိုင်မည့် မီဒီယာပုံစံအချို့ကို အသုံးပြုလျက် ဖြန့်ချိခြင်းဖြစ်သည်။ နိုင်ငံရေး အာဂျင်ဒါတစ်ခု သို့မဟုတ် နိုင်ငံရေးအမြင်တစ်ရပ်ကို ပရိုမိုးရှင်း လုပ်ရန် ရည်ရွယ်သည်။ ဝါဒဖြန့်ချိမှုသည် ဓမ္မဓိဋ္ဌာန်မကျအောင်၊ သမာသမတ် မကျအောင် တမင်ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပြီး တစ်ခုသော ထင်မြင်ချက် တစ်ရပ်ဆီသို့ လူအများကို လွှမ်းမိုးသိမ်းသွင်းဆွဲခေါ်ရန်အတွက် ပိုမိုကြီးမားသည့် စိတ်ဓာတ်စစ်ဆင်ရေးလုပ်ငန်း၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်တတ်သည်။ ယင်းကဲ့သို့သော စိတ်ဓာတ်စစ်ဆင်ရေးတွင် ပြောင်ကျကျ လိမ်ညာမှုများ သို့မဟုတ် ပိုမိုသိမ်မွေ့သော အချက်အလက်အမှားများ ထည့်သွင်းခြင်းနှင့် ဆင်ဆာဖြတ်ခြင်းတို့ ပါဝင်သည်။ ဝါဒဖြန့်ချိရေးသည် ဓာတ်ပုံများ၊ ကြွေးကြော်သံများနှင့် တမင်ရွေးချယ်သုံးစွဲသော အချက်အလက်များအပြင် အချက်အလက်များကို ထိန်းချုပ်ခြင်း သို့မဟုတ် ဆင်ဆာဖြတ်ခြင်း တို့မှတစ်ဆင့် လူတို့၏စိတ်ခံစားချက်များကို လှုံ့ဆော်သည်။

## နည်းစနစ်လွှမ်းမိုးနိုင်ရန်

အခြားမီဒီယာများကို ဆင်ဆာဖြတ်ကာ ထိန်းချုပ်ထားခြင်းနှင့် အစိုးရကိုယ်တိုင်က အစိုးရပိုင်မီဒီယာများထားရှိခြင်းတို့ ပြုလုပ်ကာ ဝါဒဖြန့်ချိမှု ပြုလုပ်သည့်ပုံစံမျိုးကို ကျင့်သုံးခဲ့သည်။ ရိုးရိုးကောလာဟလများ ဖြန့်ချိခြင်းနှင့် ဝါဒဖြန့်ချိခြင်းတို့အကြား ကွာခြားချက်မှာ ဝါဒဖြန့်ချိရေး၏ နောက်ကွယ်၌ ရည်ရွယ်ချက်ရှိပြီး ဖွဲ့စည်းထားရှိကာ ရန်ပုံငွေထောက်ပံ့ထားသည့် လှုပ်ရှားမှုဖြစ်ခြင်းပင် ဖြစ်သည်။ ဝါဒဖြန့်ချိခြင်းနှင့်ပတ်သက်၍ အထင်ရှားဆုံးသာဓကများမှာ စစ်ပွဲကာလများအတွင်း အစိုးရအဖွဲ့များက ဘုံရန်သူကို ဆန့်ကျင်ရန်အတွက် ၎င်းတို့၏ ပြည်သူလူထုများကို စုဝေးစေကာ ဟောပြောခြင်းဖြစ်သည်။ ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်တို့အတွင်း ပိုစတာများက ရန်သူများကို မကောင်းဆိုးရွားများအဖြစ် သရုပ်ဖော်လေ့ရှိခဲ့သည်။ ယင်းနည်းစနစ်မှာ လူထုထင်မြင်ချက်အပေါ် လွှမ်းမိုးနိုင်ရန်အတွက်သာမက မိမိတို့၏ စစ်သားများ အသေအကျေတိုက်ပွဲဝင်ရေးအတွက် ယုံကြည်မှုရရှိရန်အတွက်ပါ အရေးကြီးခဲ့သည်။

လွန်ခဲ့သည့် နှစ်နှစ်ခန့်က ထုတ်ဝေခဲ့သည့် သိပ္ပံဂျာနယ်တစ်စောင်တွင် မက်ဆာချူးဆက် နည်းပညာတက္ကသိုလ်(MIT) မှ သုတေသနပညာရှင်များဦးဆောင်သည့် လေ့လာမှုတစ်ခုက အင်တာနက်၌ သတင်းအတု၏ပျံ့နှံ့မှုသည် သတင်းအမှန်ထက် ပိုမိုမြန်ဆန်ကြောင်း၊ သတင်းအမှန်ထက် သတင်းအတုများကို ပြန်လည်မျှဝေမှုက ၇၀ ရာခိုင်နှုန်းကျော်ကြောင်း၊ လူပေါင်း ၁၅၀၀ ထံ

**❍ လွန်ခဲ့သည့် နှစ်နှစ်ခန့်က ထုတ်ဝေခဲ့သည့် သိပ္ပံဂျာနယ်တစ်စောင်တွင် မက်ဆာချူးဆက် နည်းပညာတက္ကသိုလ်(MIT) မှ သုတေသနပညာရှင်များဦးဆောင်သည့် လေ့လာမှုတစ်ခုက အင်တာနက်၌ သတင်းအတု၏ ပျံ့နှံ့မှုသည် သတင်းအမှန်ထက် ပိုမိုမြန်ဆန်ကြောင်း၊ သတင်းအမှန်ထက် သတင်းအတုများကို ပြန်လည်မျှဝေမှုက ၇၀ ရာခိုင်နှုန်းကျော်ကြောင်း၊ လူပေါင်း ၁၅၀၀ ထံ သတင်းမှန်ရောက်ရှိရေးထက် သတင်းအတုပျံ့နှံ့မှုမှာ ခြောက်ဆပိုများကြောင်း ဖော်ပြထားသည်။ အဆိုပါ လေ့လာမှုကို ၂၀၀၆ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ တွစ်တာ၌ပျံ့နှံ့နေသော သတင်း ၁၂၆၀၀၀ ကို လေ့လာခဲ့ခြင်း ဖြစ်သည်**

**“လူမှုကွန်ရက်ပေါ်၌ သတင်းအတု၊ သတင်းမှားများ၏ တမင်ရည်ရွယ်ချက်ဖြင့် ဖြန့်ချိနေမှုသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်းတွင်လည်း ရင်ဆိုင်နေရသည့် ပြဿနာဖြစ်သည်။ သတင်းအတုဟူသည် ရည်ရွယ်ချက်ရှိရှိ ပုံမှားရိုက်ထားပြီး ထိခိုက်နစ်နာမှုဖြစ်စေရန် ဦးတည်သောအကြောင်းအရာ ဖြစ်သည်။ ယင်းတွင် ငွေကြေးရရှိရန်၊ ကိစ္စအရပ်ရပ်အတွက် ဩဇာထူထောင်ရန်နှင့် အဆိုပါသတင်းကြောင့် ပြဿနာဖြစ်ပွားစေရန်ဟူသည့် စေ့ဆော်မှု သုံးရပ်ရှိသည်ကို တွေ့ရသည်။ သတင်းမှားဟူသည် မှားယွင်းသောအကြောင်းအရာတစ်ခုဟု ခေါ်ဆိုနိုင်ပြီး ယင်းကိုဖြန့်ချိသည့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေဖြင့် အဆိုပါသတင်းသည်အမှား သို့မဟုတ် နားလည်မှုလွဲစေသည့်အရာဟု ခွဲခြားနိုင်စွမ်းမရှိဘဲ အများသိရှိစေရန် ရည်ရွယ်၍ ကွန်ရက်တွင် မျှဝေလိုက်သော သတင်းမျိုးဖြစ်သည်။ ကောလာဟလသတင်းဟူသည်မှာ မှန်ကန်သောသတင်းအချက်အလက်ဖြစ်သော်လည်း ထိခိုက်နစ်နာမှု ဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် မျှဝေခြင်းဖြစ်သည်”**

သတင်းမှန်ရောက်ရှိရေးထက် သတင်းအတုပျံ့နှံ့မှုမှာ ခြောက်ဆပိုများကြောင်း ဖော်ပြထားသည်။ အဆိုပါ လေ့လာမှုကို ၂၀၀၆ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ တွစ်တာ၌ပျံ့နှံ့နေသော သတင်း ၁၂၆၀၀၀ ကို လေ့လာခဲ့ခြင်း ဖြစ်သည်။

ဖေ့စ်ဘွတ်ကလည်း ကျင်းပပြီးစီးခဲ့သည့် ယခင်သက်တမ်း အမေရိကန်သမ္မတ ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲအပြီးတွင် ၎င်းတို့၏ ကွန်ရက်ကို အသုံးပြုသူအနည်းဆုံး ၁၂၆ သန်းခန့်က ရုရှားတို့ဖြန့်ဝေထားသည့် သတင်းအတုများကို တွေ့မြင်ဖတ်ရှုခဲ့ကြရကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဇွန်လအတွင်း ထုတ်ပြန်ခဲ့သည့် နိုင်ငံပေါင်း ၂၅ နိုင်ငံရှိ အင်တာနက်သုံးစွဲသူ ၂၅၀၀၀ ကျော်၏ Ipsos နှစ်စဉ်သက်တမ်းကလည်း အများအားဖြင့် ဖေ့စ်ဘွတ်ပေါ်မှ ဖြန့်ဝေနေသော သတင်းအတုများသည် အင်တာနက်အသုံးပြုသူတို့၏ ၈၆ ရာခိုင်နှုန်းကို လှည့်စားခဲ့ကြောင်း၊ အထူးသဖြင့် သတင်းအတုများသည် ဖေ့စ်ဘွတ်တွင် အများဆုံး ပျံ့နှံ့နေကြောင်း ဖော်ပြထားသည်။ အဆိုပါ ဖြစ်ရပ်များက သတင်းအတု၊ သတင်းအမှား ပြဿနာသည် ကမ္ဘာတစ်ဝန်းရှိ အင်တာနက်သုံးစွဲသူတို့အပေါ် အတိုင်းအတာတစ်ခုအထိ ဩဇာသက်ရောက်မှု ရှိနေကြောင်းကို မီးမောင်းထိုးပြလျက်ရှိသည်။

သတင်းများသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် အရေးပါသည့်အစိတ်အပိုင်းတစ်ရပ်ဖြစ်ကာ အချက်အလက်ပေးခြင်း၊ ဖျော်ဖြေခြင်းနှင့် အများပြည်သူကို ဆွဲဆောင်ခြင်းတည်းဟူသော ရောယှက်နေသည့် အစိတ်အပိုင်းသုံးရပ်ဖြင့် စုဖွဲ့ထားခြင်းဖြစ်သည်။ သတင်းများအားလုံးသည် လူသားများ ကြားဝင်ဆောင်ရွက်မှု၏ ထုတ်ကုန်သာဖြစ်၍ သတင်းထောက်၊ သတင်းစာဆရာနှင့် သတင်းအယ်ဒီတာတို့၏ ဓမ္မဓိဋ္ဌာန်ကျစွာ ပါဝင်မှုနှင့် ရိုးသားမှန်ကန်မှုကို အာမခံပေးနိုင်သော သတင်းဖြစ်မှုကို အခြေခံသည့် သတင်းများကသာလျှင် စစ်မှန်သောသတင်းများ ဖြစ်သည်။

## စေ့ဆော်မှု သုံးရပ်ရှိ

လူမှုကွန်ရက်ပေါ်၌ သတင်းအတု၊ သတင်းမှားများ၏ တမင်ရည်ရွယ်ချက်ဖြင့် ဖြန့်ချိနေမှုသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်းတွင်လည်း ရင်ဆိုင်နေရသည့်ပြဿနာ ဖြစ်သည်။ သတင်းအတုဟူသည် ရည်ရွယ်ချက်ရှိရှိ ပုံမှားရိုက်ထားပြီး ထိခိုက်နစ်နာမှုဖြစ်စေရန် ဦးတည်သောအကြောင်းအရာ ဖြစ်သည်။ ယင်းတွင် ငွေကြေးရရှိရန်၊ ကိစ္စအရပ်ရပ်အတွက် ဩဇာထူထောင်ရန်နှင့် အဆိုပါ သတင်းကြောင့် ပြဿနာဖြစ်ပွားစေရန်ဟူသည့် စေ့ဆော်မှု သုံးရပ်ရှိသည်ကို တွေ့ရသည်။ သတင်းမှားဟူသည် မှားယွင်းသော အကြောင်းအရာတစ်ခုဟု ခေါ်ဆိုနိုင်ပြီး ယင်းကိုဖြန့်ချိသည့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေဖြင့် အဆိုပါသတင်းသည်အမှား သို့မဟုတ် နားလည်မှုလွဲစေသည့်အရာဟု ခွဲခြားနိုင်စွမ်းမရှိဘဲ အများသိရှိစေရန် ရည်ရွယ်၍ ကွန်ရက်တွင် မျှဝေလိုက်သော သတင်းမျိုးဖြစ်သည်။ ကောလာဟလသတင်းဟူသည်မှာ မှန်ကန်သော သတင်းအချက်အလက်ဖြစ်သော်လည်း ထိခိုက်နစ်နာမှုဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် မျှဝေခြင်းဖြစ်သည်။

## အသံ ငါးမျိုးခွဲခြား

ကောလာဟလဟူသည် မြန်မာအဘိဓာန်က တစ်စုံတစ်ရာဖြစ်ပေါ်မည့်အကြောင်း ကြိုတင်သတိပေးသော ကြွေးကြော်စကား၊ ကြိုတင်ဖြစ်ပေါ်နေသောသတင်း၊ အခြေအမြစ်မရှိသောသတင်းဟု အဓိပ္ပာယ်ဖွင့်သည်။ ကျမ်းဂန်များကလည်း ကောလာဟလကို ကပ္ပကောလာဟလ-ကမ္ဘာမပျက်မီ အနှစ်တစ်သိန်းက ကျော်ကြားခဲ့သောအသံ၊ စက္ကဝတ္တိကောလာဟလ-စကြာမင်းမပေါ်မီ အနှစ်တစ်ရာက ကျော်ကြားခဲ့သောအသံ၊ ဗုဒ္ဓကောလာဟလ-ဘုရားမပွင့်မီ နှစ်ပေါင်းတစ်ထောင်က ကျော်ကြားခဲ့သောအသံ၊ မင်္ဂလာကောလာဟလ-မင်္ဂလာတရားမဟောမီ ၁၂ နှစ်က ကျော်ကြားခဲ့သောအသံနှင့် မောနေယျကောလာဟလ-မောနေယျအကျင့်ကို မေးလျှောက်ကျင့်ကြံသော ပုဂ္ဂိုလ်မပေါ်မီ ခုနစ်နှစ်က ကျော်ကြားခဲ့သော အသံဟူ၍ ငါးမျိုးခွဲခြားသည်။ စာပေကျမ်းဂန်များက မည်သို့ပင်အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြသည်ဖြစ်စေ ကောလာဟလသည် အစစ်အမှန်သတင်းစကားမဟုတ်သည်မှာ သေချာသည့်အချက်ဖြစ်သည်။

ကျပ်တစ်သောင်းတန်များ ပြန်လည်သိမ်းယူမည်ဟူသည့် ကောလာဟလများကြောင့် မြန်မာ့ငွေကြေးဈေးကွက်နှင့် ရွှေဈေးကွက်အတွင်း ရိုက်ခတ်မှုအချို့ ဖြစ်ပေါ်ခဲ့သည်။ ပြည်သူများအနေဖြင့် ငွေကြေးနှင့် ဘဏ်လုပ်ငန်းဆောင်ရွက်မှုများအပေါ် စိုးရိမ်မှုများမရှိဘဲ ယုံကြည်စွာဖြင့် ဆက်လက်သုံးစွဲနိုင်ပါကြောင်းနှင့် ဘဏ်ဝန်ဆောင်မှုများ ပုံမှန်ဆောင်ရွက်ရန် ဘဏ်များသို့ ညွှန်ကြားပြီးဖြစ်ပါကြောင်း ဗဟိုဘဏ်က ထုတ်ပြန်ပြီးနောက် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ အများပြည်သူတို့အကြား ဖြစ်ပေါ်နေသည့် စိုးရိမ်မှုအချို့အပေါ် ပြေလျော့သွားစေခဲ့သည်။ လတ်တလောတွင်လည်း အတုအယောင်များ မကြာခဏထွက်ပေါ်လေ့ရှိရာ ဤအချက်က အများပြည်သူတို့အနေဖြင့် လူမှုကွန်ရက်ပေါ်မှ သတင်းများအပေါ် သေချာစွာ စိစစ်ပြီးမှ ယုံကြည်ရန် အရေးကြီးကြောင်း ညွှန်ပြလျက်ရှိသည်။

မြန်မာနိုင်ငံ၏ မိုဘိုင်းဖုန်းသုံးစွဲသူအားလုံး အနက် ရာခိုင်နှုန်း ၈၀ အထက်သည် စမတ်ဖုန်းသုံးစွဲသူများဖြစ်ကာ အဆိုပါ ရာခိုင်နှုန်းသည် အရှေ့တောင်အာရှနှင့် အိမ်နီးချင်းနိုင်ငံများအကြား မြင့်မားသည့် နှုန်းထားတစ်ခုဖြစ်သည်။ စစ်တမ်းများအရ

*စာမျက်နှာ ၁၁ သို့*

# ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်(ဟောင်း) ဒေါက်တာခက်အောင်၊ ပြည်နယ်ဝန်ကြီး(ဟောင်း)များဖြစ်ကြသော ဦးဝေလင်း၊ ဦးဝင်းညွန့်၊ ဦးလဆိုင်း(ခ)ဦးဒါရှီလဆိုင်း၊ ဦးနော်လီ(ခ) ဇခေါင်ခမ်းရယ်၊ ဦးဇော်ဝင်းနှင့် ဦးနေဝင်း၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးနိုင်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူ

နေပြည်တော် ဩဂုတ် ၂၃

**ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်(ဟောင်း) ဒေါက်တာခက်အောင်၊ ဝန်ကြီး(ဟောင်း)များဖြစ်ကြသော ဦးနေဝင်း၊ ဦးဇော်ဝင်း၊ ဦးဝေလင်း၊ ဦးဝင်းညွန့်တို့နှင့် ဆက်စပ်တာဝန်ရှိ ပုဂ္ဂိုလ်များအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ လိုအပ်သလို စုံစမ်းစစ်ဆေးအရေးယူနိုင်ရန် တိုင်ကြားခြင်းနှင့် စပ်လျဉ်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။**

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်(ဟောင်း) ဒေါက်တာခက်အောင်၊ ပြည်နယ် ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး (ဟောင်း) ဦးဝေလင်းနှင့် ပြည်နယ် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး (ဟောင်း) ဦးဝင်းညွန့်တို့သည် နိုင်ငံရေးရာထူး လက်ရှိဖြစ်ခဲ့စဉ်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၌ မူလလျာထားချက်တွင် ပါရှိခြင်းမရှိသည့် မြစ်ကြီးနား-ဗန်းမော်လမ်း AC ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း ၂၃ မိုင် လုပ်ငန်းကို နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့်အညီ တင်ဒါခေါ်ယူ ဆောင်ရွက်ခြင်းမရှိဘဲ နိုင်ငံတော်သို့ အပ်နှံရမည့် ငွေကျပ်သန်း ၁၁၀၀၇ ဒသမ ၀၀၉ ဖြင့် ပုဂ္ဂလိက ကုမ္ပဏီတစ်ခုအား လုပ်ငန်းဆောင်ရွက်ခွင့် ပြုခဲ့ခြင်း၊ QC အဖွဲ့၏ စစ်ဆေးချက်အရ လမ်းအရည်အသွေး မပြည့်မီသဖြင့် ပြန်လည်ပြုပြင်ရခြင်း၊ စာချုပ်စည်းကမ်းနှင့်အညီ ဆောင်ရွက်မှု မရှိခြင်းတို့ကြောင့် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းများကို ထိခိုက်နစ်နာ ဆုံးရှုံးစေခဲ့ကြောင်း။

ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်(ဟောင်း) ဒေါက်တာခက်အောင်၊ ပြည်နယ် ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး (ဟောင်း) ဦးဝေလင်းနှင့် ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး (ဟောင်း) ဦးလဆိုင်း (ခ) ဦးဒါရှီလဆိုင်း တို့သည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က ၂၀၂၀ ပြည့်နှစ်အတွင်း ဖမ်းဆီးရမိသည့် သလင်းကျောက် တန်ချိန် ၁၀၀၀၀ ကို လေလံစနစ်ဖြင့် ရောင်းချခဲ့ရာတွင် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ တင်ဒါ လုပ်ထုံးလုပ်နည်းနှင့်အညီ လိုက်နာမှုမရှိခြင်း၊ ကချင်ပြည်နယ် သတ္တုတွင်းဦးစီးဌာန၏ ဒေသပေါက်ဈေး သတ်မှတ်မှု တစ်တန်လျှင် ငွေကျပ် ၆၀၀၀၀ ဖြစ်သော်လည်း၊ တစ်တန်လျှင် ငွေကျပ် ၃၆၀၀၀ဖြင့် ဈေးနှုန်းလျှော့၍ ကုမ္ပဏီ နှစ်ခုအား တန် ၅၀၀၀ စီ ခွဲဝေရောင်းချခဲ့သဖြင့် တန် ၁၀၀၀၀ အတွက် နိုင်ငံတော်ဘဏ္ဍာငွေကျပ်သန်း ၂၄၀ နစ်နာဆုံးရှုံးစေခဲ့ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၇၀/၂၀၂၀) အရ သလင်းကျောက် ရောင်းချရရှိငွေ၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၇၂ သန်းကို ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းမှုမရှိခြင်းတို့ကြောင့် နိုင်ငံတော်ဘဏ္ဍာငွေများ ဆုံးရှုံးစေခဲ့ကြောင်း။

## နိုင်ငံတော်ငွေကြေးများ နစ်နာဆုံးရှုံး

ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် (ဟောင်း) ဒေါက်တာခက်အောင်နှင့် ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး(ဟောင်း) ဦးဝေလင်းတို့သည် နိုင်ငံရေးရာထူး လက်ရှိဖြစ်ခဲ့စဉ်က ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ညွှေ့ဂေဟာ နှစ်ထပ်ဆောင် ဆောက်လုပ်ရာတွင် ၂၀၁၈-၂၀၁၉တွင် သုံးစွဲခွင့် မရှိသည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်နယ် အထွေထွေပိုလျှံ ရန်ပုံငွေ (General Reserve Fund- GRF) မှ ငွေကျပ် ၁၄၉၂ ဒသမ ၄၀၀ သန်းကို ထပ်မံသုံးစွဲရာတွင် ပြည်နယ်ရသုံးမှန်းခြေ ငွေစာရင်း ဦးစီးဌာနက ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့် မကိုက်ညီကြောင်း တင်ပြခဲ့သော်လည်း ပြည်နယ်အစိုးရအဖွဲ့က ဆက်လက်သုံးစွဲ ဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော်၏ ငွေကြေးများ ထိခိုက်နစ်နာ ဆုံးရှုံးစေခဲ့ကြောင်း။

ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်(ဟောင်း) ဒေါက်တာခက်အောင်နှင့် ပြည်နယ် ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး (ဟောင်း) ဦးဝေလင်းတို့သည် နိုင်ငံရေးရာထူး လက်ရှိဖြစ်ခဲ့စဉ်က ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မြေမြင့်ရပ်ကွက်အတွင်း ကတ္တရာလမ်းသစ်ခင်းခြင်းနှင့် ကွန်ကရစ်ရေပြွန် နှစ်စင်း တည်ဆောက်ခြင်း၊ တပ်ကုန်းရပ်ကွက်အတွင်း ကတ္တရာခင်းခြင်းနှင့် ကွန်ကရစ်တံတား တည်ဆောက်ခြင်း၊ ဒူကထောင် ရပ်ကွက် ကတ္တရာလမ်းသစ်ခင်းခြင်းနှင့် ကွန်ကရစ် ရေပြွန်သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်း သုံးခုအတွက် စုစုပေါင်း တန်ဖိုးငွေကျပ် ၂၄၈ သန်းကျော်ကို နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ တင်ဒါ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ဒါခေါ်ယူဆောင်ရွက်မှု မရှိခြင်း၊ ပုဂ္ဂလိကကုမ္ပဏီတစ်ခုသို့ လုပ်ကိုင်ခွင့်ပြုပေးခဲ့ခြင်းတို့သည် နိုင်ငံတော်၏ ဘဏ္ဍာငွေ ထိခိုက်နစ်နာ ဆုံးရှုံးစေခဲ့ခြင်းဖြစ်ကြောင်း။

ကချင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး(ဟောင်း) ဦးဇော်ဝင်းသည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ပြည့်နှစ်အတွင်း နယ်စပ်စစ်ဆေးရေးဂိတ်တာဝန်ခံ ဝန်ထမ်းများထံမှ သစ်သီးဂျပ်ဖာများ၊ ငွေနှင့် ပစ္စည်းတန်ဖိုး ငွေကျပ် ၂၁ သိန်းခန့်ကို လက်ခံရယူခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ တံစိုးလက်ဆောင် လက်ခံရယူခဲ့ခြင်းဖြစ်ကြောင်း။

ကချင်ပြည်နယ် ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး(ဟောင်း) ဦးဝေလင်းသည် နိုင်ငံရေး ရာထူးလက်ရှိဖြစ်ခဲ့စဉ်က ၂၀၁၉ ခုနှစ်အတွင်း ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တည် လမ်းတွင် ဖမ်းဆီးရမိသော ခတ်မြေသြဇာများ လေလံတင်ရောင်းချရရှိငွေကျပ် ၅၂၅ သန်းကျော်အနက် ဖမ်းဆီးရာတွင်ပါဝင်သော အဖွဲ့များကို ဆုကြေးငွေကျပ် ၁၅၇ သန်းကျော်ကို ခွဲဝေပေးရာတွင် ၎င်းအတွက် ငွေကျပ် ၅၇ သန်းကျော်ကို ဥပဒေနှင့်မညီဘဲ အကျိုးခံစားခွင့် ရယူခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခြင်း ဖြစ်ကြောင်း။

ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး(ဟောင်း) ဦးဝေလင်းသည် ၂၀၂၀ ပြည့်နှစ်အတွင်း မိုးကောင်းမြို့နယ် NLD ပါတီရုံး ဆောက်လုပ်ရန်အတွက် အကြောင်းပြကာ ပြည်နယ်အတွင်း စီးပွားရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီပိုင်ရှင်များထံမှ စုစုပေါင်း ငွေကျပ်သိန်း ၃၀၀ တောင်းခံရယူခဲ့ကြောင်း။

ကချင်ပြည်နယ်အစိုးရအဖွဲ့၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး (ဟောင်း) ဦးလဆိုင်း (ခ) ဦးဒါရှီလဆိုင်းသည် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ပြည့်နှစ်အတွင်း ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ ပြည်နယ် NLD ပါတီရုံးနှင့် ဖားကန့်မြို့နယ် NLD ပါတီရုံး ဆောက်လုပ်ရန်အတွက် အကြောင်းပြကာ ကျောက်မျက်လုပ်ငန်းရှင်များထံမှ စုစုပေါင်း ငွေကျပ်သိန်း ၉၆၀ ကို တောင်းခံရယူခဲ့ကြောင်း။

ကချင်ပြည်နယ် အစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး (ဟောင်း) ဦးဝင်းညွန့်သည် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း ဝိုင်းမော်မြို့နယ် NLD ပါတီရုံး ဆောက်လုပ်ရန် အကြောင်းပြကာ ပြည်နယ်အတွင်း စီးပွားရေးလုပ်ငန်းရှင်များထံမှ ငွေကျပ်သိန်း ၂၀၀ ကို လည်းကောင်း၊ နေပြည်တော် ပါတီသုတေသနရုံး လိုအပ်သော ပစ္စည်းများဝယ်ယူရန် အကြောင်းပြကာ ငွေကျပ်သိန်း ၂၅၀ တို့ကိုလည်းကောင်း တောင်းခံရယူခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှုကျူးလွန်ခြင်း ဖြစ်ကြောင်း။

## တရားစွဲဆို အရေးယူနိုင်ရေး

ကချင်ပြည်နယ် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး(ဟောင်း) ဦးနေဝင်း၊ ကချင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး(ဟောင်း) ဦးနော်လီ(ခ) ဇခေါင်ခမ်းရယ်နှင့် ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးနိုင်တို့သည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း လုပ်ထုံးလုပ်နည်းနှင့်မညီဘဲ တရားဝင်သုံးစွဲခွင့်မရှိသည့် လိုင်စင်မဲ့မော်တော်ယာဉ် ၂၃စီးအတွက် စက်သုံးဆီ၊ ယာဉ်ပြင်ဆင်စရိတ်၊ အကြီးစားပြင်ဆင်စရိတ် စုစုပေါင်းငွေကျပ် ၂၁၉ သန်းကျော်ကို ထုတ်ယူသုံးစွဲခဲ့၍ နိုင်ငံတော်၏ ငွေကြေးများ ထိခိုက်နစ်နာ ဆုံးရှုံးစေခြင်းဖြစ်ကြောင်းတို့ကို စစ်ဆေးပေါ်ပေါက်သဖြင့် ဝန်ကြီးချုပ်(ဟောင်း) ဒေါက်တာခက်အောင်၊ ပြည်နယ်ဝန်ကြီး(ဟောင်း)များ ဖြစ်ကြသော ဦးဝေလင်း၊ ဦးဝင်းညွန့်၊ ဦးလဆိုင်း (ခ) ဦးဒါရှီလဆိုင်း၊ ဦးနော်လီ (ခ) ဇခေါင်ခမ်းရယ်၊ ဦးဇော်ဝင်းနှင့် ဦးနေဝင်းတို့အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရ လည်းကောင်း၊ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးနိုင်အပေါ် ယင်းဥပဒေ ပုဒ်မ ၅၆ အရ လည်းကောင်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့မ ရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေး တိုင်ကြားချက် ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

ဆက်သွယ်ရေးအော်ပရေတာများက ဆင်းမ်ကတ်ပေါင်း သန်း ၅၀ ကျော် ဖြန့်ချိထားပြီး လူဦးရေ ၁၀ သန်းနှင့် အထက်က ဆိုရှယ်မီဒီယာ ဖေ့စ်ဘွတ်ခ်ကို အသုံးပြုနေကြောင်း၊ မြန်မာနိုင်ငံ၏ အွန်လိုင်းသုံးစွဲမှုသည် တစ်ရက်လျှင် ပျမ်းမျှ ၂ ဒသမ ၄ နာရီရှိကြောင်း၊ လူမှုကွန်ရက်နှင့် မက်ဆေ့ချ်ဝန်ဆောင်မှုများတွင် ဖေ့စ်ဘွတ်သည် ၅၉ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေပြီး ၎င်း၏ နောက်တွင် မက်ဆင်ဂျာက ၃၆ ရာခိုင်နှုန်း၊ ဗိုက်ဗာက ၃၆ ရာခိုင်နှုန်း၊ ဘီတော့က ၇ ရာခိုင်နှုန်းနှင့် ယူကျူက ၆ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် လူမှုကွန်ရက် သုံးစွဲသူများ အနေဖြင့် သတင်းမှားများ၊ သတင်းအတုအယောင်များကို ဟုတ်၊ မဟုတ်ဆိုသည်ကို သတိထားသင့်သည်။ တက်လာသည့် သတင်းများအပေါ် ခွဲခြမ်းစိတ်ဖြာခြင်းမပြုဘဲ ထပ်ဆင့်ဖြန့်ဝေခြင်း၊ ပြဿနာ၏ အရင်းအမြစ်အပေါ် ပူးပေါင်းဖြေရှင်းရေးထက် လူအများ စိုးရိမ်ထိတ်လန့်မှုကို ပိုမိုနက်ရှိုင်းစေမည့် ထင်မြင်ချက်များကို ဝင်ရောက်ရေးသားမှုများက မလိုလားအပ်သည့် အကျိုးဆက်များကို ဖြစ်ပေါ်စေနိုင်သည်။

## အလွန်လွယ်ကူလာ

လူမှုမီဒီယာများ တွင်ကျယ်လာသည့် ယနေ့ခေတ်တွင် ဝါဒဖြန့်ချိရန် အလွန်လွယ်ကူလာသကဲ့သို့ “မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ” ဟူသော စကားအတိုင်း တစ်စုံတစ်ရာကို ဖုံးကွယ်လိမ်ညာမှု ပြုလုပ်ရန်လည်း ခက်ခဲလာသည်။ အချိန်ကာလ အပိုင်းအခြားတစ်ရပ်အတွင်း တစ်စုံတစ်ရာကို ဖုံးကွယ်ထားခြင်း သို့မဟုတ် လိမ်လည်ထားခြင်း ပြုကောင်းပြုနိုင်မည်ဖြစ်သော်လည်း မည်သည့်အရာကိုမျှ ရေရှည်၌ လိမ်ညာဖုံးကွယ်ထားရန် မဖြစ်နိုင်ပါ။ မည်သူမဆို မှားခဲ့သည်များကို အဖတ်ဆယ်ရန် ဖုံးကွယ်လိမ်ညာ ဝါဒဖြန့်လျက် အမှားသံသရာ၌ လည်နေမည့်အစား ရိုးသားစွာဝန်ခံလျက် နောက်ထပ်အမှားများ ထပ်မံမကျူးလွန်မိစေရေးအတွက် ဂရုပြုကြရမည်ဖြစ်သည်။

လူမှုကွန်ရက် သုံးစွဲသူများအနေဖြင့် အွန်လိုင်းသတင်းများအပေါ် အမှား၊ အမှန် စိစစ်ရာတွင် အခြားသတင်းဌာနများနှင့် ဆန့်ကျင်ကွဲလွဲနေသည့် သတင်းရင်းမြစ်ကို စစ်ဆေးခြင်း၊ အချက်အလက်များ မှန်၊ မမှန်ကို အခြားအချက်များနှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ လူအများ အထိတ်တလန့်ဖြစ်စေနိုင်သော သတင်းခေါင်းစဉ်ပါရှိသည့် သတင်းတစ်ပုဒ်လုံးကို သံသယထားရှိခြင်းများ လိုအပ်ပါသည်။ ငွေကြေးကိစ္စများနှင့်ပတ်သက်ပါက ဗဟိုဘဏ်က တရားဝင်ထုတ်ပြန်သည့် သတင်းများကို သိမှတ်ခြင်း၊ ကိုဗစ်ကပ်ရောဂါနှင့် ပတ်သက်ပါကလည်း သတင်းအမှန်ကို ဖြေကြားပေးနိုင်သည့် သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများထံ ဆက်သွယ်မေးမြန်းခြင်းဖြင့် ကောလာဟလနှင့်သတင်းမှားများကို သတိထားခွဲခြားကြရန် လိုအပ်သည်။

**သတင်းအတုများ၊ သတင်းမှားများ၊ ကောလာဟလများသည် လူဦးရေဘီလီယံကျော်အသုံးပြုနေသော လူမှုကွန်ရက်ပေါ်၌ အချိန်နှင့်အမျှ ပျံ့နှံ့လျက်ရှိရာ လူတိုင်းအနေဖြင့် မိမိတို့မြင်တွေ့ရသည့် သတင်းအချက်အလက်များ မှန်၊ မမှန်ကို အခြားသတင်းဌာနများနှင့် ဆန့်ကျင်ကွဲလွဲမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ ထူးခြားသည့်သတင်းများ တင်လေ့ရှိသည့် ဝက်ဘ်ဆိုက်များကို အသေးစိတ်လေ့လာခြင်း၊ ထိုသို့သော သတင်းမျိုးကို အလွယ်တကူ ထပ်ဆင့် ဖြန့်ဝေမှုမပြုခြင်းဖြင့် အမှန်တရားကို ကာကွယ်စောင့်ရှောက်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။** ။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးဆိုင်ရာဆေးဝါး၊ ဆေးပစ္စည်းများနှင့်ပတ်သက်၍ တိုက်ရိုက်ချိတ်ဆက် ဝယ်ယူနိုင်စေရန် တင်သွင်းဆေးဝါးများ၏ Price List များအား မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း၏ Website နှင့် Facebook Page များတွင် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်

မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်းသည် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ကုသရေးဆိုင်ရာ ဆေးဝါး၊ ဆေးပစ္စည်းမျိုးစုံတို့ကို အများပြည်သူများဈေးနှုန်းချိုသာစွာဖြင့် တင်သွင်းသူများထံမှ တိုက်ရိုက်ဝယ်ယူရရှိနိုင်စေရန်အတွက်လည်းကောင်း၊ အရည်အသွေးစစ်မှန်၍ ယုံကြည်စိတ်ချရသော မှတ်ပုံတင်ရှိ ဆေးဝါး၊ ဆေးပစ္စည်းများကို တင်သွင်းသည့် ကုမ္ပဏီများထံမှ တိုက်ရိုက်ဝယ်ယူနိုင်စေရန် အတွက်လည်း ကောင်း၊ အများပြည်သူများ ဆေးဝါး၊ ဆေးပစ္စည်းများ လက်လီဝယ်ယူရာတွင် တင်သွင်းသော ကုမ္ပဏီများမှ ရောင်းဈေးနှင့် နှိုင်းယှဉ်လျှင် အလွန်အမင်းဈေးကြီးပေး၍ ဝယ်ယူနေရခြင်းကို လျှော့ချတားဆီးနိုင်ရန်အတွက်လည်းကောင်း၊ တရားမဝင် Online များမှ အမြတ်ကြီးစားရောင်းချသည့် မှတ်ပုံတင်မရှိသော၊ အရည်အသွေးအာမခံချက်မရှိသော ဆေးဝါး၊ ဆေးပစ္စည်းများကို တားဆီးရာတွင် အထောက်အကူဖြစ်စေရန်အတွက် လည်းကောင်း အစရှိသည့်ရည်ရွယ်ချက်ကောင်းများစွာဖြင့် အောက်ဖော်ပြပါ ဆေးဝါးများအား ယှဉ်တွဲပါ ဈေးနှုန်းများအတိုင်း ရောင်းချပေးလျက်ရှိပါသည်။ ၎င်းအပြင် အသင်းဝင်ဆေးဝါးတင်သွင်းသည့် ကုမ္ပဏီများထံမှ မိဘပြည်သူများ တိုက်ရိုက်ချိတ်ဆက်ဝယ်ယူနိုင်စေရန် တင်သွင်းဆေးဝါးများ၏ Price List များအား စုစည်း၍ ယနေ့မှစပြီး တစ်ပတ်လျှင်တစ်ကြိမ် အသင်း၏ Website(www.mccpmd.org) နှင့် Facebook Page https://www.facebook.com/323302521392189/posts/1720802588308835/?d=n များတွင် ကြေညာပေးသွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ (၁၀၀)

| No | Product Name | Pack Size | လက်ကားဝယ်ရမည့် အရေအတွက် | Price In Kyats | | Company Name |
|---|---|---|---|---|---|---|
| | | | | Retail | Whole Sales | |
| **Antibiotics** | | | | | | |
| 1 | PO- Azithromycin 500 mg | 5x3's | 5 Box | 5640 | 5580 | AA MEDICAL PRODUCTS LTD. |
| 2 | P.O – Cefalexin 500 mg | Box of 10x10's | 5 Box | 6730 | 6690 | AA MEDICAL PRODUCTS LTD. |
| 3 | P.O/ Levofloxacin 500 mg | Box of 10x10's | 5 Box | 13880 | 13750 | AA MEDICAL PRODUCTS LTD. |
| | Injection – Levofloxacin 500mg | 1x1 | | 3000 | – | YADANAR FAMILY INT'L CO., LTD. |
| 4 | Injection– Ceftriazone 1G | 1's | | 2500 | – | MYITTAR AHLINN YAUNG CO., LTD. |
| 5 | Injection– Cefoperazone and Sulbactam 1G/ 2G | Vial | | 6850 | – | Right & Bright International Co., Ltd. |
| 6 | Injection– Meropenam | 1g/Vial | | 10000 | – | AA MEDICAL PRODUCTS LTD. |
| **Anti–inflammatory** | | | | | | |
| 7 | P.O Dexamethasone | Box of 10x10's | 100 Box | 1530 | 1480 | AA MEDICAL PRODUCTS LTD. |
| 8 | P.O Predinisolone | Box of 10x10 | 10 Box | 2430 | 2420 | AA MEDICAL PRODUCTS LTD. |
| 9 | Injection– Dexamethasone | Vial | Box of 1 vial | 310 | 300 | AA MEDICAL PRODUCTS LTD. |
| **Antiviral** | | | | | | |
| 10 | P.O Favipiravir 400 mg | 2x10 Tablet | Any Qty | – | 50000 | AA MEDICAL PRODUCTS LTD. |
| 11 | Injection – Remdesivir | – | – | – | – | – |
| **Anti thrombosis** | | | | | | |
| 12 | Injection Enoxaparin 40 mg | 1 Pre-Filled Syringe | | 11000 | – | Right & Bright International Co., Ltd. |
| | Injection Enoxaparin 60 mg | 1 Pre-Filled Syringe | | 14000 | – | |
| **Symptomatic** | | | | | | |
| 13 | P.O Paracetamol 500 mg | 10x10's tablets/ Box | 10 Box | 1490 | 1360 | AA MEDICAL PRODUCTS LTD. |
| 14 | P.O Dextromethophan | 10x10's | | 6600 | – | Vital Pharmaceutical Co., Ltd. |
| 15 | P.O Bromhexine | 10x10's tablets/Box | 10 Box | 2010 | 1940 | AA MEDICAL PRODUCTS LTD. |
| 16 | P.O Cetrizine | 10x10's/box | | – | 2600 | Pyrex Trading Co., Ltd. |
| **Supportive** | | | | | | |
| 17 | P.O Multivitamin with/without zinc | 3x10's/box | | – | 6600 | YE' TA KHON |
| 18 | P.O Vitamin C 500 mg | 10'sx10/box | | 8500 | | YE' TA KHON |
| **Additional** | | | | | | |
| 19 | P.O.Cefixime | Box of 3x10's | 5 Box | 7530 | 7470 | AA MEDICAL PRODUCTS LTD. |
| 20 | P.O Amoxicillin+Clavulanic Acid | Box of 1x6's | 5 Box | 3700 | 3600 | AA MEDICAL PRODUCTS LTD. |
| 21 | P.O/Injection–Pantocid/ Omeprazole | 1g/vial | | – | 1870 | Pyrex Trading Co., Ltd. |

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၉၆၀၄ ဦးရှိလာပြီး ၈၄၂ ဦးထပ်မံသေဆုံး

ဂျကာတာ ဩဂုတ် ၂၃

**အင်ဒိုနီးရှားနိုင်ငံတွင် ဩဂုတ် ၂၃ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၉၆၀၄ ဦးရှိလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၉၈၉၀၆၀ အထိရောက်ရှိလာခဲ့သည်။ ထို့အတူ ကိုဗစ်-၁၉ ကြောင့် ၈၄၂ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ သေဆုံးသူ ၁၂၇၂၀၄ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။**

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူ ၂၄၇၅၈ ဦးရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၃၅၇၁၀၈၂ ဦးအထိ ရှိလာသည်။

အရှေ့တောင်အာရှနိုင်ငံ တစ်နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံသည် နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို လျှော့ချရန်ရည်ရွယ်ပြီး ပီပီကေအမ်ဟုခေါ်သော အဆင့်ဆင့်သော လူထုလှုပ်ရှားမှုကန့်သတ်ချက်အစီအစဉ်ကို စတင်ခဲ့ပြီး သက်ဆိုင်ရာအာဏာပိုင်များကလည်း ကိုဗစ်-၁၉ ထိတွေ့မှုဆိုင်ရာ ခြေရာခံမှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ကူးစက်မြန်ပြင်းထန် ဒယ်လ်တာအသွင်ပြောင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုကို လျှော့ချရန် ချမှတ်ကျင့်သုံးခဲ့သော အဆိုပါမူဝါဒကို ဇူလိုင် ၃ ရက်မှစတင်ကာ ဂျာဗားနှင့် ဘာလီတွင်ချမှတ်ကျင့်သုံးခဲ့ရာ ယခုအချိန်အထိ နောက်ထပ်ထပ်မံသက်တမ်းတိုးမည့်ရက်ကို အစိုးရက မကြေညာသေးပေ။

ဩဂုတ် ၂၃ ရက်က တရုတ်နိုင်ငံက ပေးပို့လိုက်သော ဆိုင်နိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေးနောက်တစ်သုတ်ကို လက်ခံရရှိခဲ့သည်။ ယခုတင်ပို့မှု အပါအဝင် အင်ဒိုနီးရှားနိုင်ငံသည် ထုတ်လုပ်သူအသီးသီးမှ ကိုဗစ်-၁၉ ကာကွယ်ဆေး သန်း ၂၀၀ ကျော်ရရှိခဲ့ပြီဖြစ်သည်။

အစိုးရသည် ပြည်သူ ၂၀၈ ဒသမ ၂ သန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။ ကာကွယ်ဆေးများသည် အင်ဒိုနီးရှားနိုင်ငံသားများအားလုံးအတွက် အခမဲ့ဖြစ်သည်။



အင်ဒိုနီးရှားနိုင်ငံ ယိုဂျကာတာတွင် ဆိုင်ကယ်သမားများကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနေသည်ကိုတွေ့ရစဉ်။

ဩဂုတ် ၂၃ ရက်အထိ လူပေါင်းအနည်းဆုံး ၃၂ ဒသမ ၀၄ သန်း ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးပြီဖြစ်ကြောင်း သိရပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးသူပေါင်း ၅၇ ဒသမ ၇၇ သန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြေညာလိုက်သည်။

**ဆင်ဟွာ**



မလေးရှားနိုင်ငံ ဆိုင်ဘာဂျာရာတွင် ကျန်းမာရေးဝန်ထမ်းများကို ကိုဗစ်-၁၉ စစ်ဆေးရန် တို့ဖတ်နမူနာများရယူနေသည်ကိုတွေ့ရစဉ်။

## မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း တစ်သန်းခွဲကျော်လွန်

**ကွာလာလမ်ပူ ဩဂုတ် ၂၃**

မလေးရှားနိုင်ငံတွင် ဩဂုတ် ၂၃ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၇၆၇၂ ဦးတိုးလာကြောင်း အတည်ပြုဖော်ပြပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၅၇၂၇၆၅ ဦး အထိရောက်ရှိလာပြီ ဖြစ်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြလိုက်သည်။

ကျန်းမာရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန် အဗ္ဗဒူလာက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ရှစ်ဦးမှာ ပြည်ပကူးစက်မှုဖြစ်ပြီး ၁၇၆၆၄ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ပြောကြားလိုက်သည်။

နောက်ထပ် ၁၇၄ ဦး ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၁၄၃၄၂ ဦး ရှိလာခဲ့ပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာပြီး ဆေးရုံမှ ဆင်းလာသူ ၁၉၀၅၃ ဦးအပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူပေါင်း ၁၂၉၇၇၂၃ ဦး သို့မဟုတ် ၈၂ ဒသမ ၅ ရာခိုင်နှုန်းရှိလာပြီဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၂၆၀၇၀၀ အနက် ၁၀၄၀မှာ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှုခံယူလျက်ရှိပြီး ၎င်းတို့အနက် ၅၀၂ ဦးမှာ အသက်ရှူအထောက်အကူ လိုအပ်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## ဖိလစ်ပိုင်အက်ဖ်ဒီအေက ရုရှားကိုဗစ်-၁၉ ကာကွယ်ဆေး စပွတ်နစ်လိုက်တ်ကို အရေးပေါ်အသုံးခွင့်ပြု

**မနီလာ ဩဂုတ် ၂၃**

ဖိလစ်ပိုင်အစားအစာနှင့် ဆေးဝါးစီမံခန့်ခွဲရေးဌာန (အက်ဖ်ဒီအေ) သည် ရုရှား ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်သူ ဂါမာလယ်ယာ အင်စတီကျု၏ စပွတ်နစ်လိုက်တ် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အရေးပေါ် အသုံးပြုခွင့်ပေးခဲ့ကြောင်း အဆိုပါဌာန၏ ညွှန်ကြားရေးမှူးချုပ် အန်းရစ်ဒိုမင်ဂိုက ဩဂုတ် ၂၃ရက်က ပြောကြားလိုက်သည်။

ကာကွယ်ဆေး ဝယ်ယူရေးတာဝန်ခံအရာရှိ ကာလီသိုဂါဇက်က တစ်ကြိမ်သာထိုးနှံရမည့် စပွတ်နစ်လိုက်တ် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အတည်ပြုခြင်းက အစိုးရ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရေးလှုပ်ရှားဆောင်ရွက်မှုကို ပိုမိုအရှိန်အဟုန်မြန်ဆန်စေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မတ်လက ဖိလစ်ပိုင် အစားအစာနှင့် ဆေးဝါးစီမံခန့်ခွဲရေးဌာနက နှစ်ကြိမ်ထိုးရမည့် ရုရှား ကိုဗစ်-၁၉ ကာကွယ်ဆေး စပွတ်နစ်ဗွီကို အရေးပေါ်အသုံးပြုခွင့်ပြုခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် ဆိုင်နိုဗက်၊ ဆီနိုဖမ်း၊ အက်စ်ထရာဇနီကာနှင့် ဖိုက်ဇာအပါအဝင် ကိုဗစ်-၁၉ ကာကွယ်ဆေးများကိုလည်း အရေးပေါ်အသုံးပြုခွင့်ပေးခဲ့သည်။

ဖိလစ်ပိုင်အစိုးရသည် ကိုဗစ်-၁၉ ကာကွယ်ဆေး သန်း ၃၀ ကျော်ထိုးပေးပြီးဖြစ်သည်။ လူဦးရေ ၁၃ သန်းကျော်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးပေးပြီးဖြစ်သည်။ အစိုးရသည် ယခုနှစ်တွင် ပြည်သူ သန်း ၇၀ ကျော်ကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးရန် ရည်မှန်းထားကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ဩဂုတ် ၂၃ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၈၃၃၂ ဦးတိုးလာခဲ့ပြီး တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ စံချိန်တင်တိုးလာခြင်းဖြစ်ကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ အတည်ပြုကူးစက်ဖြစ်ပွားသူပေါင်း ၁ ဒသမ ၈၅ သန်းကျော် လွန်ရောက်ရှိလာပြီး ၃၁၉၆၁ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**




ရုရှားနိုင်ငံ မော်စကိုရှိ မြို့တော်ဈေးတစ်ခုအတွင်း ကာကွယ်ဆေးထိုးနေရာတစ်ခုတွင် စပွတ်နစ်လိုက်တ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထည့်ထားသည့်ဆေးဘူးများကိုတွေ့ရစဉ်။

## ဗီယက်နမ်တောင်ပိုင်းဒေသများတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးတွေ့ရှိ

**ဟနွိုင်း ဩဂုတ် ၂၃**

ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၁၂၁၄ ဦးရှိလာကြောင်း ဖော်ပြခဲ့ပြီး ၎င်းတို့ထဲတွင် ၁၁၂၀၈ ဦးမှာ ပြည်တွင်းကူးစက်ဖြစ်ပွားမှုဖြစ်ကာ ခြောက်ဦးမှာ ပြည်ပကူးစက်မှုဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ အစုလိုက် ကူးစက်မှုအများစုမှာ တောင်ပိုင်းဒေသများမှဖြစ်ကာ ကိုဗစ်-၁၉ ကူးစက်ရာ ဗဟိုချက်နေရာဖြစ်သည့် ဟိုချီမင်းမြို့မှ ၄၁၉၃ဦး၊ အနီးနားရှိ ဘင်ဒေါင်းပြည်နယ်မှ ၃၇၉၅ ဦးနှင့် ဒွန်နိုင်ပြည်နယ်မှ ၈၄၉ ဦးတို့ဖြစ်ကြသည်။

ဩဂုတ် ၂၂ ရက်က နိုင်ငံတောင်ပိုင်း ဆော့ထရမ်ပြည်နယ်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက် ဖြစ်ပွားသူ ၁၃၈ ဦးရှိကြောင်း ဖော်ပြခဲ့သည်။ ထပ်မံအတည်ပြုခဲ့သော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသစ်များကြောင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ အတည်ပြုကူးစက်ဖြစ်ပွားသူပေါင်းမှာ ယခုအခါ ၃၄၈၀၅၉ ဦးအထိရောက်ရှိလာခဲ့ပြီး ၈၂၇၇ ဦး ကိုဗစ်-၁၉ကြောင့် သေဆုံးခဲ့ပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနကဆက်လက်ဖော်ပြသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု မှ ပြန်လည်ကျန်းမာလာသူ ၁၄၇၆၆၇ ဦး ရှိလာပြီး နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပြီးသူပေါင်းမှာလည်း ၁၇ သန်းကျော်လွန်လာပြီဖြစ်သည်။

**ဆင်ဟွာ**

## ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်း ကျဆင်း

ဗန်ကောက် ဩဂုတ် ၂၃

ကိုဗစ်-၁၉ စတင်ဖြစ်ပွားပြီး တစ်နှစ်ခွဲကျော်ကာလကျော်လွန်လာပြီးနောက် ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ယခုအခါ ဆက်လက်ရှင်သန်ရန် ရုန်းကန်နေရပြီဖြစ်ကာ ခရီးသည် အများအပြားကိုဆွဲဆောင်ရာမှ တကယ့်ခရီးသွားလာခြင်းကို အရှူးအမူးစွဲလမ်းသူများကိုဆွဲဆောင်ရန် လုပ်ဆောင်နေပြီဖြစ်သည်။

ထိုင်းနိုင်ငံသည် ၂၀၁၉ ခုနှစ်က နိုင်ငံတကာခရီးသွား သန်း ၄၀ခန့် ရရှိခဲ့သည်။ သို့သော် ၂၀၂၀ ပြည့်နှစ်အရောက်တွင် အဆိုပါ အရေအတွက်မှာ သိသိသာသာ ကျဆင်းလာခဲ့ပြီး ၆ ဒသမ ၇ သန်းသာရှိတော့သည်။

၂၀၂၁ ခုနှစ်တွင် နိုင်ငံတွင်းသို့လာရောက်လည်ပတ်မည့် ခရီးသည်အရေအတွက်မှာ တစ်သန်း၊ နှစ်သန်းခန့်သာရှိနိုင်ကြောင်း ထိုင်းနိုင်ငံ ခရီးသွားလာရေး အာဏာပိုင်အဖွဲ့က ခန့်မှန်းခဲ့ သည်။

**ဆင်ဟွာ**

# အာဖဂန်နစ္စတန်မြောက်ပိုင်းရှိ တပ်ဖွဲ့ဝင်များက တာလီဘန်များကို ခုခံသွားမည်ဟု ကတိပြု

ကဘူးလ် ဩဂုတ် ၂၃

အာဖဂန်နစ္စတန်မြောက်ပိုင်းရှိ တပ်ဖွဲ့များက တာလီဘန်များကို ခုခံသွားမည်ဟု ပြောကြားခဲ့သည့်အတွက်တာလီဘန်များအနေဖြင့် တိုင်းပြည်တစ်ခုလုံးကို ထိန်းချုပ်နိုင်ခြင်း ရှိမရှိ မေးခွန်းဖြစ်လာသည်။ မြောက်ပိုင်းမဟာမိတ်ခေါင်းဆောင်တစ်ဦး ဖြစ်သူ အာမက်ရှာမစ်ဆော့ဒ်၏သားဖြစ်သူက မြောက်ပိုင်းပြည်နယ် ပန်ဂျ်ရှီရာတွင် တာလီဘန်များကို ခုခံဆန့်ကျင်သွားမည်ဟု ကတိပြုပြောကြားခဲ့သည်။

အဆိုပါဒေသမှာ ယခုအချိန်တွင် တာလီဘန်များ၏ထိန်းချုပ်မှုအောက်တွင် မရှိသေးပေ။ မြောက်ပိုင်းပြည်နယ်ဖြစ်သည့် ဘက်ကလန်ပြည်နယ်မှ ဒေသခံတိုက်ခိုက်ရေးသမားများသည်လည်း တာလီဘန်များ သိမ်းယူထားသည့် ခရိုင်အချို့ကို တိုက်ခိုက်ကာ ပြန်လည်သိမ်းယူခဲ့သည်။

ထိုစဉ်တာလီဘန်များသည် အစိုးရသစ် ဖွဲ့နိုင်ရေးအတွက် လုပ်ဆောင်လျက်ရှိသည်။ ဩဂုတ် ၁၅ ရက်တွင် ဖြုတ်ချခံရသည့်အစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများနှင့် ဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိသည်။ တာလီဘန်များထိန်းချုပ်ပြီးသည့်နောက် အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေးလုပ်ငန်းများ ပျောက်ပျက်သွားပြီဖြစ်ကြောင်း ကဘူးလ်မြို့ ဒေသခံတစ်ဦးက ပြောသည်။



ပန်ဂျ်ရှီရာ ပြည်နယ်တွင် တာလီဘန်များကိုဆန့်ကျင်သည့် လက်နက်ကိုင် အာဖဂန်အမျိုးသားများကို တွေ့ရစဉ် ။

ထိပ်သီး ဂျီခုနစ်နိုင်ငံများမှ နိုင်ငံခြားရေး အကြီးအကဲများသည် ဩဂုတ် ၁၉ ရက်တွင် အာဖဂန်နစ္စတန်နိုင်ငံအရေးနှင့် ပတ်သက်ကာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ တာလီဘန်များအနေဖြင့် နိုင်ငံအတွင်းမှ ထွက်ခွာရန် စောင့်ဆိုင်းနေကြသည့် နိုင်ငံခြားသားများနှင့် အာဖဂန်နိုင်ငံသားများ၏ လုံခြုံစိတ်ချရရေးအတွက် အာမခံချက်ပေးရန် တောင်းဆိုခဲ့သည်။

အင်န်အိတ်ချ်ကေ

## ဘရူနိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှု စံချိန်တင်များပြား

ဘန်ဒါဆီရီဘီဂါဝမ် ဩဂုတ် ၂၃

ဘရူနိုင်းနိုင်ငံတွင် ဩဂုတ် ၂၂ ရက်၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၁၄ ဦးတွေ့ရှိခဲ့ပြီး ကူးစက်မှုစံချိန်တင်များပြားသည့် နောက်ထပ် နေ့တစ်နေ့အဖြစ် စံချိန်တင်ခဲ့သည်။ တစ်နိုင်ငံလုံးအနှံ့ ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်းမှာ ၁၇၆၉ ဦး ရှိပြီဖြစ်သည်။ နောက်ထပ် ကူးစက်ခံရသူများထဲတွင် ပြည်တွင်းကူးစက်ခံရသူ ၃၀၈ ဦးနှင့် ပြည်ပမှ ကူးစက်ခံလာရသူ ခြောက်ဦးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ကူးစက်မှုများကို ခြေရာခံလိုက်ရာတွင် ဒေသတွင်းကူးစက်ခံရသူ ၁၄၁ ဦးမှာ စုံစမ်းမှုများ ပြုလုပ်နေဆဲဖြစ်သည်။ ဘရူနိုင်းနိုင်ငံတွင်နေ့စဉ်ကူးစက်မှု ၁၀၀ အထက်တွင် ရှိနေသည်မှာ လေးရက်ဆက်တိုက်ရှိနေပြီဖြစ်သည်။

လက်ရှိတွင် ရောဂါကူးစက်ခံရသူ ၁၃၄၆ ဦးကို ကုသမှုများပေးနေပြီး အမျိုးသားသီးသန့်ထားစောင့်ကြည့်ရေးစင်တာတွင် အခြေအနေစောင့်ကြည့်မှုများ ပြုလုပ်နေသည်။ ၎င်းတို့ထဲမှ လေးဦးမှာ အခြေအနေစိုးရိမ်ရပြီး အသက်ရှူအထောက်အကူပြုကိရိယာတပ်ဆင်ထားရသည်။ ဩဂုတ် ၇ ရက်မတိုင်မီအထိ ဘရူနိုင်းနိုင်ငံသည် ဒေသတွင်းကူးစက်မှုမရှိဘဲ ရက်ပေါင်း ၄၅၇ ရက်ကြာအောင် ထိန်းထားနိုင်ခဲ့သည်။ ဩဂုတ် ၂၂ ရက်တွင် ပြန်လည်ကျန်းမာလာသူ ၆၄ ဦးရှိပြီး စုစုပေါင်းကျန်းမာလာသူအရေအတွက်မှာ ၄၁၉ ဦးရှိသည်။ ကိုဗစ်-၁၉ နှင့်ဆက်စပ်ပြီး သေဆုံးသူဦးရေမှာ လေးဦးသာရှိသည်။

ဆင်ဟွာ

## တိုကျိုတွင် ဩဂုတ် ၂၂ ရက်၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၄၃၀၀ တွေ့ရှိ

တိုကျို ဩဂုတ် ၂၃

ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ အရေးပေါ်အခြေအနေကြေညာထားမှုကို တိုးချဲ့ပြီးနောက် ပထမသီတင်းပတ်အတွင်း ကိုဗစ် -၁၉ ကူးစက်မှုများနှင့် ရင်ဆိုင်နေရသည်။ ကူးစက်မှုနှုန်းကျဆင်းသွားသည့် လက္ခဏာမျိုးမရှိသေးချေ။ ဩဂုတ် ၂၂ ရက်တွင် မြို့တော်တိုကျို၌ ကူးစက်ခံရသူ ၄၃၉၂ ဦး တွေ့ရှိခဲ့သည်။ ဩဂုတ် ၂၁ ရက်နှင့် နှိုင်းယှဉ်ကြည့်လျှင် ကူးစက်ခံရသူ ၇၀၀ လျော့ကျသွားခဲ့သည်။ အသက် ၅၀ ဝန်းကျင် အမျိုးသမီးတစ်ဦးမှာယခင်လက ကာကွယ်ဆေး နှစ်ကြိမ် ထိုးပြီးဖြစ်သော်လည်း ကိုဗစ်-၁၉ ကူးစက်ခံရသည်။ သို့သော်လည်း ဆေးရုံတွင် လူနာ ပြည့်နေသည့်အတွက် နေအိမ်၌သာ ကုသမှုခံယူရန် စေခိုင်းခြင်းခံရသည်။

၎င်းမှာတိုကျိုတွင် တစ်ဦးတည်းနေထိုင်သူဖြစ်သည့်အတွက် တစ်ဦးတည်းပြန်လည်သက်သာရာရရန် ၎င်းအတွက် ကြိုးပမ်းမှုမှာ ခက်ခဲသည်ဟု ၎င်းက ပြောသည်။ ဂျပန်နိုင်ငံတစ်လွှား ဩဂုတ် ၂၂ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၂၀၀၀ ရှိသည်။ ဆေးရုံတွင် ကုသမှုခံယူနေပြီး စိုးရိမ်ရသည့်အနေအထားရှိသူဦးရေမှာ ၁၈၉၁ ဦး ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

အင်န်အိတ်ချ်ကေ

# တင်နက်ဆီပြည်နယ်၌ စံချိန်တင်မိုးရွာသွန်းမှုကြောင့် သေဆုံးသူ ၂၁ ဦးအထိ ရှိလာ

ဝါရှင်တန် ဩဂုတ် ၂၃

အမေရိကန်ပြည်ထောင်စုတောင်ပိုင်းပြည်နယ်ရှိ မြို့များတွင် မိုးသည်းထန်စွာရွာသွန်းပြီးရေကြီးမှုကြောင့် လူ ၂၁ ဦးထက်မနည်း သေဆုံးကာ ပျောက်ဆုံးနေသူ ၂၀ ရှိသည်ဟု သိရသည်။

တင်နက်ဆီပြည်နယ် ဟမ်းဖရေးကောင်တီတွင် စံချိန်တင်မိုးရွာသွန်းမှုကြောင့် နေအိမ်များနှင့် လမ်းများ ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ရသည်။ အာဏာပိုင်များက ကယ်ဆယ်ရေးလုပ်ငန်းများနှင့် လမ်းပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ကလည်း တင်နက်ဆီပြည်နယ်တွင် ရေကြီးမှုကြောင့် သေဆုံးသွားသူများအတွက် ဝမ်းနည်းကြောင်း ပြောကြားခဲ့သည်။

အဆိုပါဒေသအတွက် လိုအပ်သည့်အကူအညီများပေးအပ်သွားမည်ဟုလည်းပြောသည်။

အင်န်အိတ်ချ်ကေ



ရေလွှမ်းမိုးမှုမြင်ကွင်းကို တွေ့ရစဉ်။

# ဘရာဇီးနိုင်ငံမှ ဟေတီနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးပို့



ဟေတီနိုင်ငံ၌ ငလျင်ကြောင့် ဆွေမျိုးသေဆုံးသွားသည့်အတွက် ငိုကြွေးနေသည့် အမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။

ရီယိုဒီဂျနေရိုး ဩဂုတ် ၂၃

ဘရာဇီးအစိုးရသည် လူသားချင်းစာနာထောက်ထားမှုအကူအညီများနှင့် မီးသတ်သမား ၃၂ ဦး တင်ဆောင်လာသည့် လေယာဉ်တစ်စင်းကို ဩဂုတ် ၂၂ ရက်တွင် ဟေတီနိုင်ငံသို့ ပေးပို့ခဲ့သည်။

ငလျင်ဒဏ်ခံစားခဲ့ရသည့် ဟေတီနိုင်ငံတွင် ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် အကူအညီများ ပေးပို့ခဲ့ခြင်းဖြစ်သည်။

ဘရာဇီးလေတပ်မှ KC-390 လေယာဉ်မှာ ဩဂုတ် ၂၂ ရက်တွင် ဟေတီနိုင်ငံ ပေါ်တိုပရင့်စ်မြို့သို့ထွက်ခွာခဲ့သည်ဟု ကာကွယ်ရေးဝန်ကြီးဌာနကပြောသည်။ အဆိုပါလေယာဉ်တွင် ဆေးဝါးပစ္စည်းနှင့် အခြားသောအကူအညီပစ္စည်းများ ၃ ဒသမ ၅ တန်ကျော် တင်ဆောင်လာခဲ့သည်။

ဟေတီနိုင်ငံ၏ ပြည်သူ့ကာကွယ်ရေးအေဂျင်စီ၏ပြောကြားချက်အရ ငလျင်ကြောင့် လူပေါင်း ၂၂၀၇ ဦးသေဆုံးခဲ့ပြီး ၃၄၄ ဦးပျောက်ဆုံးကာ ဒဏ်ရာရရှိသူ ၁၂၂၆၈ ဦးရှိသည်ဟု သိရသည်။ ပျက်စီးသွားသည့် နေအိမ်ပေါင်းမှာ ၅၂၉၅၂ ဦးရှိသည်ဟု သိရသည်။

ဆင်ဟွာ

❒ *ကျောဖုံးမှ*

- မိမိတို့ နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့်နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၂–၈–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၃–၈–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၉,၁၃၀)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၁၈၆) ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၄၃၅,၃၃၉)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၇၅,၈၇၁) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃,၅၇၂) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၀၂,၄၄၇)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၂၅) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၄,၄၉၉) ဦး ရှိပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂၃–၈–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၅၅၂)ခု | (၉၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၁)ခု | (၁၆)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၂၆)ခု | (၁၂)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၁)ခု | (၆)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁)ခု | (၁)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၁၃)ခု | (၅၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၀၃)ခု | (၄၁၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၄၃၃)ခု | (၁,၅၉၆)ဦး |
| စုစုပေါင်း | (၉,၁၃၀)ခု | (၂,၁၈၆)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့် စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၃

ကိုဗစ်–၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိရာ ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်–၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၂၁၂ ဦးနှင့် အမျိုးသမီး ၁၂၇ ဦး စုစုပေါင်း ၃၃၉ ဦးကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသားတစ်ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၇၈ ဦးနှင့် အမျိုးသမီး ၉၀ စုစုပေါင်း ၁၆၈ ဦးကိုလည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၄၈ ဦးနှင့် အမျိုးသမီး ၁၆ ဦး စုစုပေါင်း ၆၄ ဦးကိုလည်းကောင်း အသီးသီးလက်ခံထားရှိကြောင်း သိရှိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးဝန်ကြီးဌာန

## ကိုရိုနာဗိုင်းရပ်စ် (ကိုဗစ်-၁၉) ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများ

ကိုရိုနာဗိုင်းရပ်စ် (ကိုဗစ်–၁၉)ရောဂါဖြစ်ပွားလျှင် ရောဂါပြင်းထန်သည့်လူနာ (၂၀%) ခန့်သည် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူရန်လိုအပ်ပြီး အဆိုပါ (၂၀%)တွင် (၅%) ခန့်သည် အထူးကြပ်မတ်ကုသမှုခံယူရပြီး အသက်သေဆုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

**နောက်ဆက်တွဲ ရေရှည်ဆိုးကျိုးများအနေဖြင့် –**

- နှလုံးကြွက်သားများထိခိုက်ပျက်စီးပြီး နှလုံးကောင်းစွာအလုပ်မလုပ်နိုင်တော့ခြင်းနှင့် အခြားနှလုံးရောဂါများ ခံစားလာရနိုင်ခြင်း၊
- အဆုတ်အတွင်းရှိ လေအိတ်ငယ်များကိုပျက်စီးစေပြီး အဆုတ်တွင် အမာရွတ်များကျန်ခဲ့၍ နောက်ဆက်တွဲ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်ခြင်း၊
- ဦးနှောက်နှင့်အာရုံကြောရောဂါများဖြစ်သော လေဖြတ်ရောဂါ၊ အတက်ရောဂါ၊ ယာယီအကြောသေရောဂါ(Guillain–Barre syndrome) များ ဖြစ်ပွားခြင်းနှင့် ပါကင်စန်ရောဂါ (Parkinson )နှင့် အယ်ဇိုင်းမား (Alzheimer) ရောဂါများ ဖြစ်ပွားနိုင်ခြေမြင့်တက်ခြင်း၊
- ခန္ဓာကိုယ်ရှိ သွေးကြောများအတွင်း သွေးခဲခြင်းများဖြစ်ပေါ်၍ ဦးနှောက်သွေးခဲခြင်း၊ နှလုံးသွေးကြောများပိတ်ခြင်း၊ ခြေထောက်သွေးပြန်ကြောများပိတ်ခြင်း (Deep Vein Thrombosis) တို့အပြင် အသည်းနှင့်ကျောက်ကပ်ရောဂါများ ဖြစ်ပွားခြင်း၊
- ရောဂါများပြန်လည်သက်သာလာသော်လည်း အထူးကြပ်မတ်ကုသဆောင်တွင် ကာလရှည်ကြာ ကုသမှုခံယူခဲ့ရသည့်အတွက် စိတ်ပိုင်းဆိုင်ရာထိခိုက်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ပူပန်စိတ်များခြင်းတို့ ဖြစ်ပွားနိုင်ပါသည်။
- သက်ကြီးဘိုးဘွားများနှင့် နာတာရှည်ရောဂါရှိသူများတွင် အလွန်အမင်းမောပန်းခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်း စသည့်ရောဂါလက္ခဏာများကို ပိုမိုပြင်းထန်စွာ ကာလရှည်ကြာ ခံစားရနိုင်ပါသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် ပရဟိတအဖွဲ့များသို့ အောက်ဆီဂျင်အိုးများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ဆက်လက်ဖြန့်ဝေ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၃**

တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် လေးမျက်နှာမြို့တို့ရှိ ပြည်သူ့ဆေးရုံများနှင့် ပရဟိတအသင်းများသို့ အောက်ဆီဂျင်အိုး ၁၅ လုံးကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးသို့ မိဘဂုဏ် အောက်ဆီဂျင်စက်ရုံမှ ထုတ်လုပ်သည့် အောက်ဆီဂျင်အိုး ၁၀၅ လုံးကိုလည်းကောင်း တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုကူညီရေးအဖွဲ့အစည်းများက သွားရောက် လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင် လိုအပ်ချက်များ မရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ Oxygen Plant များကို တိုးမြှင့်တပ်ဆင် လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ Oxygen Plant တပ်ဆင်ဆောက်လုပ်မည့် ဆက်စပ်ပစ္စည်းများ ရောက်ရှိမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေနှင့် တာဝန်ရှိသူများကလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် အမှတ် (၂) ရပ်ကွက်၌ ဆောက်လုပ်လျက်ရှိသည့် အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှုကို မိတ္ထီလာတပ်နယ်မှ တာဝန်ရှိသူများကလည်းကောင်း သွားရောက်ကြည့်ရှုကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၃**

မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေး ကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်း နှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် ရေးမြို့နယ် ပုပ္ပဝတီကျေးရွာရှိ ပုပ္ပာရာမကျောင်းတိုက်၊ အစင်စံပြကျေးရွာရှိ သာသနာ့ဇောတိက ကျောင်းတိုက်နှင့် ထန်းခြောက်ပင်ကျောင်းတိုက်များသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် အဖွဲ့ဝင်များက သွားရောက်၍ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆန်၊ ဆီ၊ လှူဖွယ်ပစ္စည်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အထောက်အကူပြု ဆေးဝါးများကို ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့၊ ဗိုလ်ချုပ်အောင်ဆန်း ရပ်ကွက်ရှိ ဓမ္မာရုံကျောင်းတိုက်၊ သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာရှိ အောင်စည်တော်ဓမ္မသိုက်တပ်ဦးကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အောင်ဓမ္မပါလသာသနာ့ ဗိမာန်တော်၊ အိမ်မဲမြို့ရှိ ကွင်းကျောင်းစာသင်တိုက်၊ ကျောက်ဝိုင်းမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မဟာဝေယန်ဘုံသာတိုက်၊ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ငဖဲမြို့ မိုးကုတ်ဝိပဿနာကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ စန္ဒာရုံရပ်ကွက်ရှိ နန္ဒဝန်ဓမ္မရိပ်သာကျောင်းတိုက်နှင့် ဗိုလ်တစ်ထောင်ရပ်ကွက်ရှိ သာသနာ့ဝေပုလ္လကာရီ သီလရှင်ကျောင်းတို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များကို ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



သတင်းစဉ်

# ကာကွယ်ရေးဝန်ကြီးဌာနက အငြိမ်းစားအရာရှိ၊ အခြားအဆင့်တွေရဲ့ အငြိမ်းစားဆုကြေးငွေကို အပြည့်အဝ တစ်လုံးတစ်ခဲတည်း ထုတ်ပေးသလို ယခင်က ခွင့်ပြုမိန့်ကျပြီးသား အငြိမ်းစားဆုကြေးငွေတွေကိုလည်း အပြည့်အဝတစ်လုံးတစ်ခဲတည်း ထုတ်ပေးလျက်ရှိပါတယ်

**လတ်တလော လူမှုကွန်ရက်စာမျက်နှာများတွင် မြန်မာ့စီးပွားရေးဘဏ်က တပ်မတော်သားများ၏ဆုကြေးငွေများကို တစ်ပတ်လျှင် ကျပ်ငါးသိန်းသာ ထုတ်ပေးနေကြောင်း မဟုတ်မမှန်ရေးသား ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ အဆိုပါသတင်းနှင့်ပတ်သက်၍ မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) ချေးငွေ စိစစ်ကြီးကြပ်ကွပ်ကဲရေးဌာနခွဲ ဒုတိယအထွေထွေမန်နေဂျာ ဒေါ်ဥမ္မာသန်း က ကာကွယ်ရေးဝန်ကြီးဌာနမှ အငြိမ်းစားအရာရှိသာမက အခြားအဆင့် ဝန်ထမ်းများ၏ အငြိမ်းစားဆုကြေးငွေကို ဇူလိုင်လ ၆ ရက်နေ့ကတည်းက အပြည့်အဝတစ်လုံးတစ်ခဲတည်း ထုတ်ပေးလျက်ရှိသလို ယခင်ခွင့်ပြုမိန့်ကျပြီးသည့် အငြိမ်းစား ဆုကြေးငွေတွေကိုလည်း ယခုအချိန်တွင် တစ်လုံးတစ်ခဲတည်း အပြည့်အဝ ထုတ်ပေးလျက်ရှိကြောင်း ယခုကဲ့သို့ ရှင်းလင်းဖြေကြားထားပါသည် -**




**ဒေါ်ဥမ္မာသန်း**
**ဒုတိယအထွေထွေမန်နေဂျာ၊**
**ချေးငွေစိစစ်ကြီးကြပ်ကွပ်ကဲရေးဌာနခွဲ၊**
**မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)**

မြန်မာ့စီးပွားရေးဘဏ်ကနေပြီးတော့ ကာကွယ်ရေးဦးစီးချုပ်ရုံး၊ ငွေစာရင်းရုံးအသီးသီး ကနေပြီးတော့ ခွင့်ပြုလာတဲ့ အငြိမ်းစားဆုကြေးငွေ တွေအားလုံးကို အခုလိုမျိုး မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကန့်သတ်ထားတဲ့ ငွေပမာဏအတွင်း မဟုတ်ဘဲနဲ့ ဒီငွေစာရင်းရုံးကနေ ခွင့်ပြုလိုက်တဲ့ ပမာဏအတိုင်း တစ်လုံးတစ်ခဲတည်း အကုန်လုံး ဒါဟာ ကာကွယ်ရေးဝန်ကြီးဌာနက အငြိမ်းစား အရာရှိတွေ၊ အခြားအဆင့်တွေရဲ့ အငြိမ်းစားဆုကြေး ငွေတွေအားလုံးကို တစ်လုံးတစ်ခဲတည်း ထုတ်ယူခွင့်ပြုတယ် ဆိုတာကို တစ်နိုင်ငံလုံးမှာရှိတဲ့ မြန်မာ့စီးပွားရေးဘဏ်ခွဲအားလုံးကို ၆-၇-၂၀၂၁ ရက်နေ့ ကတည်းက ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ တစ်လုံးတစ်ခဲတည်းလည်း ထုတ်ပေးနေပါတယ်။ လက်တွေ့မှာလည်း ထုတ်ပေးနေပါတယ်။

အဲဒါအပြင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကလည်း ကာကွယ်ရေးဝန်ကြီးဌာနက အငြိမ်းစားအရာရှိတွေ၊ အခြားအဆင့်တွေရဲ့ အငြိမ်းစားဆုကြေးငွေတွေထုတ်ဖို့အတွက် လိုအပ်တဲ့ငွေကြေးပမာဏကိုလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကျွန်မတို့ကို ငွေသယ်တဲ့အခါမှာ အဆိုပြုချက်တောင်းခံပြီးတော့ အပြည့်အဝငွေကြေးကိုရရှိပါတယ်။ ဗဟိုဘဏ်ကနေ မြန်မာ့စီးပွားရေးဘဏ်ခွဲ အသီးသီးကို ပေးပါတယ်။ လက်ရှိမှာလည်း မြန်မာ့စီးပွားရေးဘဏ်ခွဲအသီးသီးက ကာကွယ်ရေးဝန်ကြီးဌာနက အငြိမ်းစားယူတဲ့ အငြိမ်းစားအရာရှိ၊ အခြားအဆင့်များရဲ့ အငြိမ်းစားဆုကြေးငွေပမာဏတွေကို တစ်လုံးတစ်ခဲတည်း ထုတ်ပေးလျက်ရှိပါတယ်။ အဲဒါအပြင် ၆-၇-၂၀၂၁ ရက်နေ့မတိုင်ခင် ခွင့်ပြုမိန့်ကျခဲ့တဲ့ ကာကွယ်ရေးဝန်ကြီးဌာနက အငြိမ်းစားအရာရှိတွေ အခြားအဆင့်တွေရဲ့ အငြိမ်းစားဆုကြေးငွေတွေကို အဲဒီရက်မတိုင်ခင်တုန်းက သူတို့အငြိမ်းစားဆုကြေးငွေဘဏ်ကို လာထုတ်ပြီဆိုလျှင် ကန့်သတ်ငွေပမာဏထက်ကျော်လျှင် သူတို့ပင်စင်လစာထုတ်ယူတဲ့ ဘဏ်ခွဲမှာ ကာယကံရှင်ရဲ့ စာရင်းရှင် စာရင်းကို ဖွင့်ပေးတယ်။

နောက်တစ်ခါ ငွေစုဘဏ်စာရင်း အကောင့်ဖွင့်ပေးတယ်။ ပြီးတာနဲ့ အဲဒီစာရင်းထဲကို သူတို့ရဲ့ အငြိမ်းစား ဆုကြေးငွေပမာဏတွေကို စာရင်းထဲကို ထည့်ပေးပြီး အဲဒီစာရင်းထဲကနေ ထုတ်ပေးပါတယ်။ ဒါပေမယ့် ၆-၇-၂၀၂၁ ရက်နေ့ကစပြီးတော့ အဲဒီလို စာရင်းရှင်စာရင်းတွေ ငွေစုဘဏ်စာရင်းတွေထဲကို လွှဲပြောင်းထည့်ပေးခဲ့တဲ့ အငြိမ်းစား ဆုကြေးငွေတွေကို အခုအခါမှာတော့ အဲဒီစာရင်းတွေထဲကနေ တစ်လုံးတစ်ခဲတည်း အကုန်လုံး ပြန်ထုတ်ပြီးတော့ ထုတ်ပေးတာကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါကြောင့်မို့ ခြုံငုံပြီးပြောမယ်ဆိုရင် လောလောဆယ်ကျလာတဲ့ ကာကွယ်ရေးဝန်ကြီးဌာနက အငြိမ်းစားအရာရှိ၊ အခြားအဆင့်တွေရဲ့ အငြိမ်းစားဆုကြေးငွေကို အပြည့်အဝ တစ်လုံးတစ်ခဲတည်း ထုတ်ပေးသလိုပဲ ယခင်က ခွင့်ပြုမိန့်ကျပြီးသား အငြိမ်းစားဆုကြေး ငွေတွေကိုလည်း အခု အချိန်မှာ အပြည့်အဝ တစ်လုံးတစ်ခဲတည်း ထုတ်ပေးလျက် ရှိပါတယ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



နေပြည်တော် ဩဂုတ် ၂၃

**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသား ပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးနှင့် ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် နှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်များအတွင်းရှိ သံဃာတော်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၁၄၄၄ ဦးတို့ကိုလည်းကောင်း၊ **(ယာပုံ)** ဧရာဝတီ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၁ မြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၄၆၁ ဦးတို့ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်အတွင်းရှိ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၄၅၀ တို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခြောက်ခုတို့မှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူ စုစုပေါင်း ၇၇၅၁ ဦးတို့ကို လည်းကောင်း တပ်မတော်မှ ဆေး အဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒေသခံပြည်သူများအတွက် ဆန်၊ စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်



နေပြည်တော် ဩဂုတ် ၂၃

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် တပ်မတော်နှင့် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဦးလေးကျေးရွာ (ဝဲပုံ) နှင့် ငပြေမကျေးရွာတို့ရှိ ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာများ၊ အိမ်သုံးဆေးဝါးများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် စိန်ကုန်းကျေးရွာရှိ ပြည်သူ အိမ်ထောင်စု ၈၄ စုတို့အတွက် ဆန်နှင့် Mask များကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများက သွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ တင်သွင်းနိုင်ရေးအတွက် ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၃

နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အရေးတကြီး လိုအပ်လျက်ရှိသည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်ဓာတ်ငွေ့၊ အိမ်သုံးအောက်ဆီဂျင်စက်နှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် အများပြည်သူ ရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ စဉ်ဆက်မပြတ် တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည်။

**ကုန်သွယ်ရေးစခန်း ငါးခုမှ တင်သွင်း**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းများနှင့် မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီ၊ တာချီလိတ်၊ ကော့သောင်း ကုန်သွယ်ရေးစခန်း ငါးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၂၃ ခုမှ ယာဉ်စီးရေ ၃၉ စီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ် နှစ်စီးဖြင့် တန် ၄၀၊ အောက်ဆီဂျင် (အရည်) အိုးဖြင့် ငါးတန်၊ အောက်ဆီဂျင် (အိုးခွံ) ၄၉၆၇ ခု၊ Oxygen Plant နှစ်ခု၊ Oxygen Generator နှစ်ခု၊ အိမ်သုံး Oxygen Concentrator ၁၁၅၆ ခု၊ PPE ဝတ်စုံ ၁၁၃၄၀၊ လက်အိတ်နှင့် နှာခေါင်းစည်းများ တင်သွင်းခဲ့သည်။ အောက်ဆီဂျင်အရည် (Bowser) ယာဉ်နှစ်စီးမှာ ရန်ကုန်မြို့သို့ဖြစ်ပြီး Oxygen Plant နှစ်ခုမှာ နေပြည်တော်နှင့် ရန်ကုန်မြို့သို့ တစ်ခုစီဖြစ်ကြောင်း သိရသည်။

**တိုက်ရိုက်ဆက်သွယ်နိုင်**

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာတာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person) များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**






နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင် ဓာတ်ငွေ့၊ အိမ်သုံးအောက်ဆီဂျင်စက်နှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ မော်တော်ယာဉ်များဖြင့် တင်သွင်းလာမှုကို တွေ့ရစဉ်။

# လက်ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အရေးပေါ်အသုံးပြုခွင့်ပေးတဲ့ ကာကွယ်ဆေးတွေသည် ‘ဒယ်လ်တာ’ မျိုးဗီဇပြောင်းပိုး အပါအဝင် အခြားမျိုးဗီဇကွဲတွေကို ကောင်းစွာ နှိမ်နင်းနိုင်

ဒေါက်တာခင်ခင်ကြီး

## ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်

ထက်လျှံ

*(ယမန်နေ့မှအဆက်)*


အခုနောက်ပိုင်း ရောဂါဖြစ်ပွားမှုတွေ များပြားလာရတာက ဗီဇပြောင်းပိုးတွေရဲ့ လက်ချက်ဆိုတာ သိစေချင်ပါတယ်။ အခုပြောနေကြတဲ့ ‘အယ်လ်ဖာ’၊ ‘ဗီတာ’၊ ‘ဂါမာ’၊ ‘ဒယ်လ်တာ’ တွေကရော ဘယ်နှနိုင်ငံကို ရောက်နေပြီလဲဆိုရင် ‘အယ်လ်ဖာ’သည် အခု ၁၈၅နိုင်ငံကို ရောက်နေပါပြီ။ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတော်တော်များများကို စုံသလောက်ရှိနေပြီ ဖြစ်ပါတယ်။ ‘ဗီတာ’ကလည်း ၁၃၆ နိုင်ငံကို ရောက်နေပြီဖြစ်ပါတယ်။ ‘ဂါမာ’ က ၈၁ နိုင်ငံကို ရောက်နေပြီး ဇာတ်လိုက်ကျော် ‘ဒယ်လ်တာ’က ၁၄၂ နိုင်ငံကို ရောက်နေပြီဖြစ်ပါတယ်။

အခုရက်ပိုင်း ဆိုရှယ်မီဒီယာပေါ်မှာ တွေ့နေရတဲ့ ရောဂါပိုး ‘လမ်ဘဒါ’ နဲ့ ‘အက်ပ်စီလွန်’ ဆိုတဲ့ ဗီဇပြောင်းပိုးတွေအကြောင်းကို နည်းနည်းဆွေးနွေးလိုပါတယ်။ ‘လမ်ဘဒါ’သည် အားလုံးသိတဲ့ အတိုင်းပါပဲ။ ၂၉ နိုင်ငံကို ရောက်နေပြီ။ Variant of Interest အဆင့်မှာပဲ ရှိသေးတယ်။ သူနဲ့ ပတ်သက်လို့ လေ့လာစရာတွေ အများကြီးရှိသေးတယ်။ တောင်အမေရိကတိုက်မှာရှိတဲ့ နိုင်ငံတွေမှာ ဖြစ်ပွားတာ အများဆုံးတွေ့ရပါတယ်။ လက်ရှိ သုတေသနတွေ့ရှိချက်တစ်ခုအရ ကာကွယ်ဆေးရဲ့ ထိရောက်မှုကို အနည်းငယ်လျော့နည်းစေတယ်ဆိုတာ တွေ့ရပါတယ်။

ဒါက ဗီဇမျိုးကွဲဖြစ်သွားပြီဆိုရင် နဂိုမူလ ကိုဗစ်–၁၉ ကို ဖြစ်စေတဲ့ SARS–CoV–2 ထက် စာရင် ကူးစက်မှုရော၊ ရောဂါပြင်းထန်မှုရောရှိနိုင်တယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ ကာကွယ်ဆေးနဲ့ပတ်သက်ရင် ကာကွယ်ဆေးတွေသည် ‘ဒယ်လ်တာ’ ကိုတောင် ကာကွယ်နိုင်မှတော့ ‘လမ်ဘဒါ’ ကို ကာကွယ်နိုင်တယ်ဆိုတာ သိစေချင်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး သေချာသုတေသန လုပ်ထားတာတော့ မရှိသေးပါဘူး။

‘အက်ပ်စီလွန်’ဆိုတာနဲ့ ပတ်သက်ပြီး ဒီရက်ပိုင်းမှာ ကျယ်ကျယ်လောင်လောင် ပြောလာကြပါတယ်။ ‘အက်ပ်စီလွန်’ က အသစ်မဟုတ်ပါဘူး။ ပြီးခဲ့တဲ့ ၂၀၂၀ မေလမှာ ကယ်လီဖိုးနီးယားမှာ တွေ့ခဲ့တဲ့ မျိုးဗီဇပြောင်းပိုးဖြစ်ပါတယ်။ အရင်တုန်းက Variant of Interest ထဲမှာပါပေမယ့် အခု WHO ရဲ့ အဆင့်လျှော့ချခြင်းခံရပြီး လက်ရှိမှာ Variant of Interest အဆင့်မှာ မရှိနေပါဘူး။ ပြီးခဲ့တဲ့ ရက်ပိုင်းက ပါကစ္စတန်မှာ ‘အက်ပ်စီလွန်’ ပိုးတွေ့သူ ငါးဦး တွေ့ရှိရတယ်။

‘အက်ပ်စီလွန်’က ခာတ်ခွဲခန်းမှာ စမ်းသပ်ချက်အရဆိုရင် ကာကွယ်ဆေးကိုလည်း ခံနိုင်ရည်ရှိတယ် စသည်ဖြင့် ဒါမျိုးတွေလည်း ပြောနေကြတာရှိပါတယ်။ ခာတ်ခွဲခန်းမှာ စမ်းသပ်မှုတွေက တကယ့် ပြင်ပလောကမှာ ဒီလိုပဲဖြစ်မယ်လို့ ယူဆလို့မရပါဘူး။ သုတေသနတွေလည်း အများကြီး လိုအပ်ပါသေးတယ်။ ‘အက်ပ်စီလွန်’သည် နဂိုမူလပိုးထက် ၂၀ ရာခိုင်နှုန်းကူးစက်မှုပိုမြန်တယ်ဆိုတော့ အရင်ကထက် ထူးခြားပြီး ကူးစက်မှုနှုန်းသိပ်ပြီးမများဘူးဆိုတာ သိစေချင်ပါတယ်။ သူက နိုင်ငံပေါင်း ၃၄ နိုင်ငံကို ရောက်ရှိနေပြီဖြစ်ပါတယ်။ သို့သော် ‘အက်ပ်စီလွန်’ သည် စာဖွဲ့ရလောက်တဲ့အဆင့်မှာ မရှိဘူးဆိုတာကို သိစေချင်ပါတယ်။



ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ lambda

**“ အခုပြောနေကြတဲ့ ‘အယ်လ်ဖာ’၊ ‘ဗီတာ’၊ ‘ဂါမာ’၊ ‘ဒယ်လ်တာ’ တွေကရော ဘယ်နှနိုင်ငံကို ရောက်နေပြီလဲဆိုရင် ‘အယ်လ်ဖာ’ သည် အခု ၁၈၅ နိုင်ငံကို ရောက်နေပါပြီ။ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတော်တော်များများကို စုံသလောက်ရှိနေပြီ ဖြစ်ပါတယ်။ ‘ဗီတာ’ ကလည်း ၁၃၆ နိုင်ငံကို ရောက် နေပြီဖြစ်ပါတယ်။ ‘ဂါမာ’ က ၈၁ နိုင်ငံကို ရောက်နေပြီး ဇာတ်လိုက်ကျော် ‘ဒယ်လ်တာ’က ၁၄၂ နိုင်ငံကို ရောက်နေပြီ ”**

အချုပ်ပြောမယ်ဆိုရင် လက်ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အရေးပေါ်အသုံးပြုခွင့်ပေးတဲ့ ကာကွယ်ဆေးတွေသည် ‘ဒယ်လ်တာ’ မျိုးဗီဇပြောင်းပိုး အပါအဝင် အခြားမျိုးဗီဇကွဲတွေကို ကောင်းစွာ နှိမ်နင်းနိုင်ပါတယ်၊ ကာကွယ်နိုင်ပါတယ်။ ကာကွယ်နိုင်မှုအနေနဲ့ အတိုင်းအတာတစ်ခုအထိ လျော့နည်းနိုင် နေပေမယ့်လို့ ခန္ဓာကိုယ်ရဲ့ ကိုယ်ခံအားစနစ်က အလုပ်လုပ်နိုင်မှုက ဆက်ရှိနေတယ်ဆိုတာ သုတေသနပညာရှင်တွေ တွေ့ရှိထားတဲ့အတွက် မစိုးရိမ်ပါနဲ့လို့ ပြောချင်ပါတယ်။

**အစီအစဉ်မှူး ။** ။ ဆရာမအနေနဲ့ ဖြည့်စွက်ပြောကြားလိုတာရှိရင် ပြောကြားပေးပါဦး။

**ဒေါက်တာခင်ခင်ကြီး ။** ။ ဗီဇပြောင်း ပိုးတွေကို ရပ်တန့်နိုင်ဖို့အတွက် နည်းလမ်းတွေ မရှိဘူးလားဆိုရင် ရှိပါတယ်။ ဒါကတော့ ကာကွယ်ဆေးတွေကို များများထိုးနှံနိုင်ဖို့ပဲ ဖြစ်ပါတယ်။ လူတော်တော်များများမှာ ကာကွယ်ဆေးအပြည့်အဝ ထိုးနှံနိုင်ပြီဆိုရင် သူက ဒုက္ခပေးဖို့ဆိုတာ မဖြစ်နိုင်တော့ ပါဘူး။ ကူးစက်မှုကို ရပ်တန့်ဖို့ ကာကွယ်ဆေးထိုးရမှာ ဖြစ်ပါတယ်။

ဒီ့အပြင် တစ်ယောက်နဲ့တစ်ယောက် ရောဂါ မကူးစက်စေဖို့ ကိုဗစ်–၁၉ စည်းကမ်းတွေကို လိုက်နာရမှာ ဖြစ်ပါတယ်။

ပါးစပ်၊ နှာခေါင်းစည်း(Mask) တပ်ဖို့ လိုပါတယ်။ Mask တပ်ခြင်းက ရောဂါပိုးတွေ မိမိကနေသူများကို မကူးစက်နိုင်အောင်၊ သူများရဲ့ ရောဂါပိုးတွေလည်း ကိုယ့်ဆီကို မကူးစက်နိုင်အောင် ဖြစ်ပါတယ်။ လက်ကို ရေနဲ့ ဆပ်ပြာအသုံးပြုပြီး စက္ကန့် ၂၀ ကြာအောင် စနစ်တကျ သေချာဆေးကြောမယ်၊ ဒါကလည်း ဗိုင်းရပ်စ်ကိုနိုင်တဲ့ နိုင်ကွက်ဖြစ်ပါတယ်။ နောက်ပြီး လူအုပ်စု ရှောင်မယ်။ လူအများနဲ့ ထိတွေ့တဲ့ကိစ္စတွေရှောင်မယ်။ တစ်ယောက်နဲ့ တစ်ယောက် ဝေးဝေးနေမယ်။ ချောင်းဆိုး၊ နှာချေရင် အုပ်ဆိုးမယ်။ လေကောင်းလေသန့်ရတဲ့နေရာမှာ နေမယ်။ လေကောင်းလေသန့် ရတဲ့နေရာမှာနေရင် ဗိုင်းရပ်စ်က ကူးစက်ဖို့အခွင့်အလမ်း အလွန်ကို နည်းပါတယ်။

ယခုမြန်မာနိုင်ငံမှာ ကာကွယ်ဆေးတွေ ထိုးနှံဖို့ကို အထူးအလေးထားကြပ်မတ်ပြီး ဆောင်ရွက်နေပါတယ်။ WHO အနေနဲ့ စက်တင်ဘာလကုန်မှာ ကမ္ဘာ့လူဦးရေရဲ့ ၁၀ ရာခိုင်နှုန်း ကာကွယ်ဆေးထိုးနှံနိုင်ဖို့၊ ၂၀၂၁ ခုနှစ်အကုန်မှာ ကမ္ဘာ့လူဦးရေရဲ့ ၄၀ ရာခိုင်နှုန်း၊ ၂၀၂၂ ခုနှစ် နှစ်လယ်မှာ ၇၀ ရာခိုင်နှုန်း ကာကွယ်ဆေးထိုးနှံနိုင်ဖို့ ရည်မှန်းချက်ချမှတ်ထားပါတယ်။ ဒီ့အပြင် အောက်တိုဘာလမှာ ကျင်းပမယ့် G–20 အစည်းအဝေးမှာလည်း COVAX အဖွဲ့အစည်းတွေကို လိုအပ်တဲ့ကာကွယ်ဆေးတွေ ထောက်ပံ့ဖို့၊ ကာကွယ်ဆေးလိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကနေ မေတ္တာရပ်ခံထားတာရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ၂၀၂၁ ခုနှစ် မကုန်ခင်မှာ ကာကွယ်ဆေးထိုးနှံနိုင်ခွင့်ရှိတဲ့ အသက် ၁၈ နှစ်နှင့်အထက် လူဦးရေရဲ့ ၅၀ ရာခိုင်နှုန်းအထက်ကို ကာကွယ်ဆေးထိုးနှံနိုင်ဖို့ အထူးအလေးပေးပြီး ဆောင်ရွက်နေတယ်ဆိုတာကို အသိပေးချင်ပါတယ်။ လက်ရှိမှာ ကာကွယ်ဆေးတစ်နေ့ကို ပျမ်းမျှ တစ်သိန်းခွဲနှုန်းလောက် ထိုးနှံပေးနေပါတယ်။

ရှေ့တစ်ပတ်အတွင်းမှာ ဝယ်ထားတဲ့ Sinopharm ကာကွယ်ဆေးတစ်သန်းလည်း ထပ်ပြီးရောက်ဖို့ ရှိပါတယ်။ မကြာခင်လည်း နောက်ထပ် Sinopharm တစ်သန်းလည်း ထပ်ပြီးရောက်ရှိဖို့ ရှိပါတယ်။ ကာကွယ်ဆေး စုစုပေါင်းဆိုရင် ပထမပိုင်းက အိန္ဒိယကကာကွယ်ဆေး ၃ ဒသမ ၅ သန်း၊ တရုတ်နိုင်ငံက ပထမအကြိမ်လှူဒါန်းတဲ့ ၀ ဒသမ ၅ သန်း၊ တရုတ်နိုင်ငံအစိုးရက ဒုတိယအကြိမ် လှူဒါန်းထားတဲ့ Sinopharm က ၂ သန်း၊ ဝယ်ယူထားတဲ့ Sinopharm က ၂ သန်း၊ ဝယ်ယူထားတဲ့ Sinovac ၂ သန်းဆိုတော့ စုစုပေါင်း ၁၀ သန်း မကြာခင်မှာ ထိုးနှံနိုင်မှာ ဖြစ်ပါတယ်။

ဒီ့အပြင် ကာကွယ်ဆေး ၂၄ သန်း ဝယ်ယူဖို့ ဆောင်ရွက်နေတယ်ဆိုတာကို ဩဂုတ်လ ၁၆ရက်က ပြည်သူတွေကို သတင်းထုတ်ပြန်ပြီးဖြစ်ပါတယ်။ အိန္ဒိယက ဝယ်ယူထားတဲ့ ကာကွယ်ဆေးတွေ ရရှိနိုင်ဖို့ ပေါင်းစပ်ညှိနှိုင်းမှုတွေ ဆောင်ရွက်နေပါတယ်။ မိမိနိုင်ငံမှာ ကာကွယ်ဆေးတွေကို မူပိုင်ခွင့် ယူပြီး ထုတ်လုပ်နိုင်ဖို့ကိစ္စတွေကို ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ကျွန်မတို့ ရည်မှန်းထားတဲ့အတိုင်း ၂၀၂၁ ခုနှစ်မကုန်ခင်မှာ အနည်းဆုံး ၅၀ ရာခိုင်နှုန်းအထက်၊ ဖြစ်နိုင်ရင် ဒီထက်ပိုပြီး ထိုးနှံနိုင်ဖို့ ရည်မှန်း ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူတွေအနေနဲ့ ကာကွယ်ဆေးထိုးနှံခွင့်ရှိသူ ဦးစားပေးအုပ်စုတွေကို ကာကွယ်ဆေးထိုးနှံပေးတဲ့ အခါ နှစ်ကြိမ်ပြည့်အောင် လာရောက်ထိုးနှံကြပါ။ ဦးစားပေးထဲမှာ မပါတဲ့သူတွေအနေနဲ့လည်း ဘာမှ စိုးရိမ်ကြောင့်ကြမှု မဖြစ်ပါနဲ့၊ ကာကွယ်ဆေးတွေကို ထပ်မံရရှိဖို့ ဆောင်ရွက်နေသလို ဦးစားပေးအုပ်စုတွေကိုလည်း ထပ်မံတိုးချဲ့ပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဒီ့အပြင် ပုဂ္ဂလိကကဏ္ဍကို ကာကွယ်ဆေး တင်သွင်းခွင့်ပေးထားတဲ့အတွက် အရည်အသွေးပြည့်မီတဲ့၊ စိတ်ချရတဲ့ကာကွယ်ဆေးကို စိတ်ချရတဲ့ နည်းစနစ်တွေနဲ့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ကြီးကြပ်မှုနဲ့ Vaccine Management Information System နဲ့ ချိတ်ဆက်ပြီး အကောင်းဆုံးဆောင်ရွက်ဖို့ ရည်မှန်းထားပါတယ်။ ဒါကြောင့် ပြည်သူတွေကို ကာကွယ်ဆေးထိုးနှံကြဖို့ ကျွန်မအနေနဲ့ တိုက်တွန်းပါတယ်။

ကာကွယ်ဆေးထိုးနှံဖို့ စီစဉ်ပေးတဲ့ တာဝန်ရှိသူတွေအနေနဲ့ ကာကွယ်ဆေးထိုးစုရပ်မှာ လူတွေ စုပြုံမနေစေဖို့၊ တတ်နိုင်သမျှစနစ်တကျဖြစ်ဖို့ စီမံပေးကြဖို့ကိုလည်း ကျွန်မအနေနဲ့ ပြောကြားလိုပါတယ်။ ထိုးနှံတဲ့သူတွေအနေနဲ့လည်း Mask ကို သေသေချာချာ တပ်လာမယ်။ ရေမလိုလက်သန့်ဆေးရည်တွေ ဆောင်လာမယ်။ တစ်ယောက်နဲ့ တစ်ယောက်ခပ်ဝေးဝေးနေမယ်။ ဒီလိုနည်းအားဖြင့် ကာကွယ်ဆေးကို အန္တရာယ်ကင်းစွာ ထိုးနှံနိုင်မှာ ဖြစ်ပါတယ်။ ပြည်သူတွေ ကိုဗစ် – ၁၉ အန္တရာယ် ကနေ ကင်းဝေးစေဖို့အတွက် အားလုံးအတူတူ ကြိုးစားကြရင် မအောင်မြင်နိုင်စရာမရှိပါဘူး၊ အတူကြိုးစားကြပါစို့လို့ ကျွန်မအနေနဲ့ ပြောလိုပါတယ်။

**ကျေးဇူးတင်ပါတယ်။**

## ဇာတ်တော်ကြီးဆယ်ဘွဲ့

# ဝိဓုရဇာတ်တော်

**မြတ်မင်းလိုင်**

*(ယမန်နေ့မှအဆက်)*



နဂါးမင်းလည်း ဘုရားလောင်းဝိဓုရ၏ တရားကို နာကြားရသဖြင့် စိတ်နှလုံးကြည်နူး ရွှင်လန်းခဲ့ပေသည်။ ထို့ကြောင့် ဘုရားလောင်း၏ တရားကို နာလိုစိတ်ပြင်းပြနေသော မိဖုရားဝိမလာဒေဝီ၏ နေရာဗိမာန်သို့ ဘုရားလောင်းဝိဓုရအား ခေါ်ဆောင်သွားလေသည်။ ဝိဓုရသုခမိန်လည်း ကုသိုလ်၏အကျိုးကြောင့် ယခုဘုံဗိမာန်တွင် စံမြန်းရသကဲ့သို့ ဘဝပြောင်းရခဲ့သော် နတ်ပြည်စည်းစိမ်ကို ခံစားလိုက မေတ္တာတည်းဟူသော တရားကိုကျင့်ရန် ဟောလေ၏။ ဤသို့ ဘုရားလောင်း၏ တရားစကားကို ကြားရလျှင် ဝိမလာဒေဝီသည် အားရကျေနပ်လွန်း၍ သုခမိန်၏ နှလုံးတည်းဟူသောတရားကို နာလိုခြင်းအာသာ ပြေငြိမ်းခဲ့လေသည်။

ထိုအခါ ဝိဓုရသုခမိန်သည် နဂါးမင်း၏ စိတ်ထားအမှန်ပင် နူးညံ့မှု ရှိမရှိကိုသိလို၍ မိမိ၏နှလုံးကို ကိုယ်တိုင်လှီးဖြတ်၍ ပေးမည်။ အသားကိုလိုလျှင်လည်း အသားကို လှီးဖြတ်ပေးမည်။ မင်းကြီးအလိုရှိရာကို ထုတ်ပေးမည်ဟု ဆို၏။ မင်းကြီးက ပညာရှိသူတို့၏ နှလုံးသည် ပညာသာလျှင်ဖြစ်ပြီး သုခမိန်၏သာယာနာပျော်ဖွယ် တရားဟောခြင်း၊ ပညာတည်းဟူသော နှလုံးကိုကြားနာရ၍ အလွန်နှစ်သက် ဝမ်းမြောက်သဖြင့် အခြားမလိုတော့ပြီဟု ဆိုလေသည်။

နဂါးမင်းကြီးသည် မိဖုရားကြီး၏ အလိုအလုံးစုံကို ပြည့်စုံစေခဲ့သော ပုဏ္ဏကအား သမီးတော်ဣရန္ဒတီကို ဆောင်နှင်းလက်ထပ်ပေးတော်မူ၏။ သုခမိန်အား ဣန္ဒပတ္ထနဂိုရ်ပြည်သို့ ပြန်ပို့စေ၏။ ပုဏ္ဏကသည်လည်း ဝိဓုရသုခမိန်အား ကျေးဇူးတင်တုံ့ပြန်သောအားဖြင့် မနောဟရပတ္တမြားကို ပေးလေသည်။ ထို့နောက်ပုဏ္ဏကသည် နဂါးမင်းနှင့် မိဖုရားတို့အား ခွင့်ပန်းပြီးလျှင် ဘုရားလောင်း ဝိဓုရအား မနာမယုမြင်းပေါ် မိမိ၏ ရှေ့၌တင်၍ ကုရုရာဇ်တိုင်းသို့ ပြန်ပို့လေသည်။ ဘုရားလောင်း ဝိဓုရ ပြန်ရောက်မည့်နေ့တွင် ကောရဗျမင်းကြီးသည် မိမိ၏နန်းတော် တံခါးဝ၌ ရှိသောအခက်အလက် အသီးအခိုင်နှင့် ပြည့်စုံသော သစ်ပင်ကြီးမှာ ဆင်၊ မြင်း၊ နွားတို့ဖြင့် ဖုံးလွှမ်းနေသော်လည်း ရဲရဲနီသော ပုဆိုးပန်းနားဋ္ဌောင်းတို့ကို ဝတ်ဆင်ထားသည့် ကြမ်းတမ်းသော သူတစ်ဦးက အရင်းကဖြတ်ယူပြီးနောက်မှ နေရာဟောင်းတွင် မူလပကတိအတိုင်း စိုက်ထားခဲ့သည်ဟု အိပ်မက်မက်လေသည်။

နံနက်သို့ရောက်သောအခါ ဘုရားလောင်းဝိဓုရသုခမိန် ပြန်ရောက်လာခြင်းကြောင့် အိပ်မက်မက်သည်ကို သိရှိရလေတော့သည်။ ထို့ကြောင့် တစ်ပြည်လုံးတန်ဆာဆင်ကာ ဘုရားလောင်း ဝိဓုရအမတ်အား ကြိုဆိုကြ၏။ ဝိဓုရအမတ်လည်း နဂါးပြည်သို့အသွားတွင် ပုဏ္ဏက၏ ရက်စက်မှုများ၊ နဂါးပြည်သို့ ရောက်ရှိခဲ့သောအခါ တရားဟောခဲ့သည်များ၊ ပုဏ္ဏကအမတ်က မနောဟရပတ္တမြားပေးလိုက်သည်များကို အလုံးစုံပြန်လည် ပြောဆိုသည်။ ထို့နောက်ပုဏ္ဏကပေးလိုက်သော မနောဟရပတ္တမြားကို မင်းကြီးအား ဆက်သလေသည်။

မင်းကြီးလည်းဝမ်းမြောက်တော်မူလှသဖြင့် ဘေးသင့်သူ၊ ဖမ်းဆီးထားသူ၊ သားငှက်စသည်တို့ကို လွှတ်စေသည်။ အလုပ်အကိုင်အရောင်းအဝယ်များကို ရပ်နားစေပြီး ပွဲသဘင်များကျင်းပပေးသည်။ ဘုရားလောင်း ဝိဓုရအား လက်ဆောင်အမျိုးမျိုးဖြင့် ပူဇော်စေလျက် တစ်လတိုင်တိုင် ပွဲသဘင်ကျင်းပလေသည်။

ဘုရားလောင်းသုခမိန်သည် တစ်လပတ်လုံး ပွဲသဘင်ကာလပြီးဆုံးသောအခါ ရှေးနည်းတူမင်းမိဖုရားအစ ပြည်သူအပေါင်းတို့အား တရားဟောမြဲ ဆုံးမပေးမြဲအတိုင်း ဒါန၊ သီလ စသည်တို့ဖြင့် အဆုံးအမပေးတော်မူ၏။ အသက်၏အဆုံး၌ ကောင်းမှုပြုသူတို့၏ လားရာ တာဝတိံသာနတ်ပြည်၌ နတ်ဖြစ်တော်မူလေသည်။

## ပူတာအိုခရိုင်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် ကျန်းမာရေးသုံးပစ္စည်းများ ထောက်ပံ့

မြစ်ကြီးနား ဩဂုတ် ၂၃

**ပူတာအိုခရိုင်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဒေသခံများ တွေ့ဆုံပွဲကို ယမန်နေ့က ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပသည်။**




ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၊ အရပ်ဘက်လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ပူတာအိုခရိုင်အနေဖြင့် ပြည်နယ်အတွင်း ကိုဗစ်-၁၉ ဖြစ်ပွားမှုနှင့် သေဆုံးမှုရာခိုင်နှုန်း အနည်းဆုံးဖြစ်ပါကြောင်း၊ ထို့ကြောင့် ဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများ၏ ပူးပေါင်းချိတ်ဆက်မှုကို အရှိန်အဟုန်မပြတ် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နေသကဲ့သို့ ဒေသတွင်း စားနပ်ရိက္ခာပြတ်လပ်မရှိစေရေးအတွက် ရေတိုအောင်မြင်ဖြစ်ထွန်း၍ အကျိုးရှိနိုင်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အလေးထား ဦးစားပေးလုပ်ဆောင်သွားကြရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများနှင့် ရဝမ်၊ လီဆူ၊ ရှမ်းနှင့် ဂျိန်းဖောတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဘာသာရေးအဖွဲ့အစည်းမှ တာဝန်ရှိသူများက ခရိုင်အတွင်း ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့်အခြေနေများနှင့် လိုအပ်ချက်များ၊ အခက်အခဲများကို တင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများအတွက် ငွေကျပ် ၂၆ သိန်း၊ အောက်ဆီဂျင်ထုတ်စက် ၁၇ လုံး၊ နှာခေါင်းစည်း အခု ၃၁၈၀၀၀၊ မျက်နှာအကာ ၂၀၀၀၊ ရောဂါကာကွယ်ရေး ဝတ်စုံ ၂၀၀၀၊ လက်အိတ်အစုံ ၃၆၀၀၀၊ လက်သန့်ဆေးရည်ဘူး ၃၀၀၊ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၁၀ လုံး၊ ကိုဗစ်-၁၉ အတည်ပြုလူနာများအတွက် ဆန်အိတ်၃၀ နှင့် ပူတာအိုမြို့ပေါ် ပန်းလှိုင်၊ ပူတောင်းအုပ်စု၊ မန်စေအုပ်စု၊ မာမူးလဲအုပ်စုနှင့် မူလာရီးဒီရပ်ကွက်တို့ အတွက် စံနမူနာပြအဖြစ် အိမ်ခြံဝင်း ဟင်းသီးဟင်းရွက်စိုက်ခင်းဖြစ်ထွန်းအောင်မြင်စေရေး ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် ငွေကျပ်တစ်သိန်းစီဖြင့် စုစုပေါင်းငွေကျပ် ငါးသိန်းနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ လေးဖွဲ့၊ ဘာသာရေးအဖွဲ့အစည်း ၁၄ ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့ လေးဖွဲ့တို့အတွက် ငွေကျပ် နှစ်သိန်းစီဖြင့် စုစုပေါင်း ငွေကျပ် ၄၄ သိန်းတို့ ထောက်ပံ့ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြို့မရပ်ကွက်ရှိ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်းရှိ ခါကာဘိုရာဇီဒေသဇီဝမျိုးစုံမျိုးကွဲ သုတေသနစခန်းအတွင်း သုတေသနပြုလေ့လာတွေ့ရှိထားရှိမှုများနှင့် ဇီဝမျိုးစုံ ပြတိုက်အတွင်း လေ့လာတွေ့ရှိချက်များနှင့် သုတေသနပြုတွေ့ရှိ ချက်များကို ခင်းကျင်းပြသထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)



## ဝေါမြို့အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအတွက် အရေးပေါ်ဆန်ရိက္ခာများ ပေးအပ်

ဝေါ ဩဂုတ် ၂၃

အာဆီယံအပေါင်း သုံးနိုင်ငံ၏ အရေးပေါ်ဆန်ရိက္ခာအဖွဲ့ အစီအစဉ်အရ ပဲခူးတိုင်းဒေသကြီးအတွက် ထောက်ပံ့ငွေကျပ် ၁၂၄၀၃၀၀၀ ခွဲဝေရရှိပြီး ရောဂါကူးစက်ခံရသူများနှင့် ၎င်းတို့၏မိသားစုဝင်များနှင့် အချိုးကျတွက်ချက်မှုအရ ပဲခူးခရိုင်အတွက် ဆန်အိတ် ၂၅၀၀ ခန့် ရရှိခဲ့သည်။

ထို့ကြောင့် ဝေါမြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ကပ်ရောဂါဒုတိယအကျော့ကြောင့် ရောဂါကူးစက်ခံပြည်သူများနှင့် ၎င်း၏ မိသားစုဝင် ၄၂၉ဦးအတွက် ရရှိသော ဆန်အိတ် ၂၄၈ အိတ်အား ထောက်ပံ့ပေးအပ်ပွဲကို ဝေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မိုးလွင်နှင့် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးလွင်တို့က ဝေါမြို့အတွင်းရှိ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၄၂၉ ဦးအတွက် ဆန်အိတ်များအား ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများမှ တစ်ဆင့် ဖြန့်ဝေပေးကြကြောင်း သိရသည်။

အောင်မြတ်လင်း (ပြန်/ဆက်)

# လူငယ်တွေ နိုင်ငံရေး အသုံးချခံ မဖြစ်ဖို့ဆိုရင် ...

မျိုးငြိမ်းငယ်

**CRPH နဲ့ NUG တို့ဟာ တော်လှန်ရေးအမည်ခံပြီး တိုက်ခိုက်မှုတွေဟာ တော်လှန်ရေးအသွင်ကနေ အကြမ်းဖက်လုပ်ရပ်အသွင်ကို သိသိသာသာ ပြောင်းလဲလာတာကို တွေ့ရပါတယ်။ ဒီတော့တော်လှန်ရေးဆိုတာ ဘာလဲ၊ အကြမ်းဖက်လုပ်ရပ်ဆိုတာ ဘာလဲဆိုတာ ခွဲခြားကြည့်ဖို့ လိုလာပါတယ်။ ဘာကြောင့်လဲဆိုတော့ NUG ဟာ တော်လှန်ရေးဆိုတဲ့ မှိုင်းတိုက်ပြီး လူငယ်တွေကို အသုံးချလာလို့ပဲ ဖြစ်ပါတယ်။ တော်လှန်ရေးနဲ့ အကြမ်းဖက်လုပ်ရပ်ကို လေနဲ့ဝမ်း မကွဲတာကြောင့် ပြောင်းပြန်အကျိုး သက်ရောက်လာနိုင်ပါတယ်။**

အသုံးချလိုသူတွေက ကျိုးကြောင်းမဆီလျော်တဲ့ မျှော်လင့်ချက်တွေ၊ မက်လုံးတွေပေးပြီး တော်လှန်ရေးလို့ ဆိုနေပေမယ့် လက်တွေ့ဖြစ်နေတာကတော့ အကြမ်းဖက်လုပ်ရပ်တွေ ဖြစ်လာတာဟာ အသုံးချခံနေရတဲ့ လူငယ်တွေအတွက်ရော၊ အပြစ်မဲ့ပြည်သူတွေကိုပါ များစွာထိခိုက်စေပါတယ်။ ဒီအတွက် ရေရှည်မှာဖြစ်လာနိုင်တဲ့ နာကြည်းမှုနဲ့ လက်စားချေမှု အကျိုးဆက်တွေကို ကြိုတင်မျှော်တွေးထားဖို့ ဖြစ်ပါတယ်။ နိုင်ငံအတွက် ရေရှည်ဖြစ်လာနိုင်တဲ့ အကျိုးဆက်တွေကို မျက်ကွယ်ပြုပြီး လတ်တလောဖြစ်ချင်တဲ့ ဆန္ဒတစ်ခုတည်းနဲ့ ဆင်ကန်းတောတိုး လုပ်ဆောင်နေတာဟာ ပစ္စုပ္ပန်မကြောက်၊ သံသရာမကြောက် လုပ်ရပ်တွေပဲ ဖြစ်ပါတယ်။

> **“လက်ရှိဖြစ်နေတဲ့ အစိုးရကို ဆန့်ကျင်တိုက်ခိုက်မှုတွေဟာ နိုင်ငံရေး ရည်ရွယ်ချက်အတွက် ဦးတည်လုပ်ဆောင်နေတာထက် အပြစ်မဲ့ပြည်သူတွေ အပေါ် အကြမ်းဖက်တိုက်ခိုက်နေခြင်းလို့ ဥပဒေအရ သတ်မှတ်ရမှာပါ။ ဒီလို အကြမ်းဖက်လုပ်ရပ်တွေမှာ လူငယ်တွေအသုံးချဖို့ လူငယ်တွေအကြား အမုန်း တရားတွေရိုက်သွင်း၊ မျှော်လင့်ချက်တွေပေး၊ ငွေနဲ့စည်းရုံး၊ အကြောက်တရားနဲ့ ဖိအားပေး လုပ်ဆောင်နေတာဟာ လူငယ်တွေရဲ့ဘဝတွေ၊ အနာဂတ်တွေကို ဖျက်ဆီးနေခြင်းသာ ဖြစ်ပါတယ်။ အကြမ်းဖက်လုပ်ရပ်တွေကို စီမံနေသူတွေ ကတော့ အန္တရာယ်ကင်းတဲ့နေရာတွေကပဲ ဦးဆောင်နေတာဟာလည်း ယင်းတို့ရဲ့ နောက်ကွယ်က ရည်ရွယ်ချက်ကို ခန့်မှန်းဖို့ လိုပါလိမ့်မယ်”**

ပြဿနာတစ်ရပ် ဖြေရှင်းနည်းမှာ ဖြစ်ချင်တာတွေ၊ အတ္တတွေ၊ စိတ်ခံစားချက်တွေ၊ သူတစ်ပါးရဲ့ ကြိုးကိုင်မှုတွေ၊ ပတ်ဝန်းကျင်ရဲ့ လွှမ်းမိုးမှုတွေနဲ့ ဖြေရှင်းလို့ အဖြေမှန်ရဖို့ မလွယ်ကူပါဘူး။ ပြဿနာတစ်ရပ်ဖြေရှင်းတယ်ဆိုတဲ့ ရည်ရွယ်ချက်မှာ ပြဿနာကို ပြေလည်စေဖို့၊ ပိုမိုကောင်းမွန်တဲ့ အခွင့်အလမ်းတွေ ဖန်တီးဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေ ပါဝင်ပါတယ်။ ဒီလိုမဟုတ်ဘဲ ပြဿနာကို ပိုမိုဆိုးရွားလာစေပြီဆိုရင်၊ ပဋိပက္ခကို ပိုမိုနက်ရှိုင်းစေနေပြီဆိုရင် အဲဒီဖြေရှင်းနည်းလမ်းမှာ လွဲမှားမှုတွေ ရှိနေနိုင်ပါပြီ။

## ဖြေရှင်းဖို့နည်းလမ်းများစွာရှိ

ပြဿနာတစ်ရပ်ကို ထိထိရောက်ရောက် ဖြေရှင်းဖို့နည်းလမ်းများစွာ ရှိပါတယ်။ အဲဒီထဲမှာမှ ထိရောက်မှန်ကန်တဲ့ ပြဿနာဖြေရှင်းနည်းမှာ ယေဘုယျအားဖြင့် အဆင့်ခုနစ်ဆင့် လိုအပ်ပါတယ်။ ပြဿနာကို သတ်မှတ်ဖော်ထုတ်ခြင်း၊ ဖြစ်နေတဲ့ ပြဿနာကို ပိုင်းခြားသုံးသပ်ခြင်း၊ ပြဿနာကို ပုံဖော်ခြင်း၊ ပြဿနာဖြစ်ရတဲ့ အရင်းခံအကြောင်းတရားတွေကို ရှာဖွေခြင်း၊ အခြားဖြေရှင်းနိုင်တဲ့ နည်းလမ်းတွေကို စဉ်းစားခြင်း၊ ဖြေရှင်းမှုကို အကောင်အထည်ဖော်ခြင်း၊ ထွက်လာတဲ့ အကျိုးဆက်တွေကို အကဲဖြတ်ခြင်းတို့ပဲ ဖြစ်ပါတယ်။

အဲဒီဖြေရှင်းမှုအဆင့်တိုင်းဟာ အရေးကြီးပါတယ်။ အချက်အလက်အခြေပြု ဖြေရှင်းနည်းဖြစ်ဖို့ လိုပါတယ်။ ပြဿနာရဲ့ အရင်းခံအကြောင်းတရားတွေကို မှန်မှန်ကန်ကန် ချဉ်းကပ်ရှာဖွေနိုင်မှ ပြဿနာဖြေရှင်းဖို့ နည်းလမ်းကို ရွေးချယ်နိုင်မှာပါ။ ဖြေရှင်းမှုအဆင့်တိုင်းမှာ အချက်အလက် မစုံလင်တာ၊ စိတ်ခံစားချက်တွေပါဝင်တာ၊ ပြင်ပလွှမ်းမိုးမှု ရှိနေတာတွေဟာ ပြဿနာကို ပိုင်းခြားသုံးသပ်ရာမှာဖြစ်စေ၊ နည်းလမ်းရွေးချယ်ရာမှာဖြစ်စေ လွဲမှားစေပါလိမ့်မယ်။ အဲဒီလိုလွဲမှားသွားမယ်ဆိုရင် နောက်ဆက်တွဲ အဆင့်တွေမှာလည်း ဆက်လက်ပြီး လွဲမှားသွားမှာပါ။

> **“အခုလိုအချိန်ကျမှ လူငယ်တွေကို Gen Z တွေလို့ မြှောက်ပင့်ပြီး အကြမ်းဖက် လုပ်ရပ်တွေမှာ ရှေ့တန်းတင်လာကြတာက အငှားဗိုက်နဲ့ ဓားထိုးခံခိုင်းနေသလိုပါပဲ။ လူငယ်တွေကို နေရာပေးတယ်ဆိုရင် ကိုယ်အာဏာရစဉ်က Gen Z တွေကို ဘယ်လောက်အထိနေရာပေးခဲ့လဲ၊ ဘယ်လောက်ပြုစုပျိုးထောင်ခဲ့လဲဆိုတာ ပြန်စဉ်းစားကြဖို့ လိုပါလိမ့်မယ်။ အကြမ်းဖက်တိုက်ခိုက်ချိန်ကြမှ Gen Z တွေကို ရှေ့တန်းတင်တာဟာ ရိုးသားတဲ့နိုင်ငံရေး ဟုတ်၊ မဟုတ် စဉ်းစားစရာပါ။ လူငယ်တွေ နိုင်ငံရေးကို ပါဝင်ခဲ့တာ၊ ဦးဆောင်ခဲ့တာ မြန်မာနိုင်ငံမှာ အထင်အရှား ရှိပြီးသားပါ”**

## ပဋိပက္ခဆိုတာ ရှိတတ်ကြစမြဲ

လူတစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့အကြား နိုင်ငံရေးအယူအဆ၊ သဘောထားကွဲပြားမှု ရှိတတ်ကြတာမို့ ပဋိပက္ခဆိုတာ ရှိတတ်ကြစမြဲပါ။ ပဋိပက္ခ ရှိတာထက် ဖြစ်လာတဲ့ပဋိပက္ခကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အောင်မြင်အောင် ဘယ်လိုဖြေရှင်းမလဲဆိုတာက ပိုလို့အရေးကြီးပါတယ်။ ပြဿနာတစ်ရပ်ကို ဖြေရှင်းနေတာလား၊ ပြဿနာတွေကို ထပ်ပြီး မီးမွှေးနေတာလားဆိုတဲ့ အဘက်ဘက်က ရေတိုရေရှည် အကျိုးဆက်တွေကို ထည့်သွင်းစဉ်းစားကြရမှာပါ။ ဒီသဘောထားကွဲလွဲမှုတွေကို ဖြေရှင်းဖို့ဆိုပြီး စာသင်ကျောင်းတွေကို မီးရှို့၊ သံဃာတွေကို သတ်ဖြတ်၊ ဓမ္မာရုံတွေကို ဗုံးခွဲတိုက်ခိုက်၊ ကိုယ်နဲ့ သဘောထားမတူသူတွေကို သတ်ဖြတ်၊ အုပ်ချုပ်ရေးမှူးတွေကို သတ်ဖြတ်၊ လစ်ဟာတဲ့နေရာ ဗုံးခွဲဆိုတဲ့ နည်းလမ်းတွေဟာ အထက်မှာဆိုခဲ့တဲ့ တော်လှန်ရေးလုပ်ရပ်လား၊ အကြမ်းဖက်လုပ်ရပ်လား၊ မှန်ကန်တဲ့ပြဿနာ ဖြေရှင်းခြင်းနည်းလမ်းလားဆိုတာ ခွဲခြားဆင်ခြင်ကြရပါလိမ့်မယ်။

နိုင်ငံရေးသိပ္ပံမှာ တော်လှန်ရေးဆိုတာ နိုင်ငံရေးဆိုင်ရာ မကျေနပ်မှုတွေ ဒါမှမဟုတ် အများအားဖြင့် (နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး) ဖိနှိပ်မှုလို့ ယူဆတဲ့အတွက်ကြောင့် အစိုးရကို လူထုက ဆန့်ကျင်တော်လှန်တဲ့အခါ ဖြစ်ပေါ်လာတဲ့ နိုင်ငံရေးအာဏာနှင့် နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်းအတွင်းမှာ အခြေခံကနေဖြစ်ဖြစ်၊ တချို့တစ်ဝက်ဖြစ်ဖြစ် ရုတ်တရက်ပြောင်းလဲမှုလို့ ဆိုပါတယ်။ Oxford Learners Dictionaries မှာတော့ တော်လှန်ရေးကို ကိုယ့်နိုင်ငံရဲ့ နိုင်ငံရေးစနစ်တစ်ရပ် ပြောင်းလဲဖို့အတွက် အထူးသဖြင့် အင်အားသုံးပြီး လူထုအများစုရဲ့ အောင်မြင်သော ကြိုးပမ်းမှုကို တော်လှန်ရေးလို့ ဖွင့်ဆိုထားပါတယ်။ အင်အားသုံးခြင်းဆိုရာမှာ အကြမ်းဖက်တဲ့နည်းလမ်းကို ဆိုလိုခြင်း မဟုတ်ပါဘူး။

## အကြမ်းဖက်မှုဆိုသည်မှာ

အကြမ်းဖက်တိုက်ခိုက်တာနဲ့ ပတ်သက်လို့ နိုင်ငံတကာမှာ တစ်ပြေးညီ တိတိကျကျ အဓိပ္ပာယ်ဖွင့်ဆိုပြဋ္ဌာန်းထားတာ မရှိသေးပါဘူး။ မြန်မာနိုင်ငံမှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ(၂၀၁၄) ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) မှာတော့ အကြမ်းဖက်မှုဆိုသည်မှာ ဆိုပြီး အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)ရဲ့ ပုဒ်မခွဲငယ် (၁၃)မှာ အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှု ဖြစ်ပေါ်စေခြင်း၊ အစိုးရ သို့မဟုတ် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတစ်ခုခုအား ဥပဒေနှင့်မညီသည့်လုပ်ရပ်တစ်ခုကို အတင်းအကျပ်ပြုလုပ်စေခြင်း သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေခြင်းတို့ကိုရည်ရွယ်၍ အရပ်သားကိုဖြစ်စေ၊ လက်နက်ကိုင်ပဋိပက္ခတိုက်ပွဲ ဖြစ်နေသည့်အခြေအနေတွင် စစ်ပြိုင်မှု၌ ပါဝင်တိုက်ခိုက်ခြင်းမရှိသည့် အခြားသူတစ်ဦးဦးကိုဖြစ်စေ သေစေရန် သို့မဟုတ် အပြင်းအထန် နာကျင်စေရန်နှင့် အခြားပြုလုပ်မှုများလို့ ဖွင့်ဆိုပါတယ်။

ဒီတော့ လက်ရှိဖြစ်နေတဲ့ အစိုးရကို ဆန့်ကျင်တိုက်ခိုက်မှုတွေဟာ နိုင်ငံရေးရည်ရွယ်ချက်အတွက် ဦးတည်လုပ်ဆောင်နေတာထက် အပြစ်မဲ့ပြည်သူတွေအပေါ် အကြမ်းဖက်တိုက်ခိုက်နေခြင်းလို့ ဥပဒေအရ သတ်မှတ်ရမှာပါ။ ဒီလိုအကြမ်းဖက်လုပ်ရပ်တွေမှာ လူငယ်တွေအသုံးချဖို့ လူငယ်တွေအကြား အမုန်းတရားတွေရိုက်သွင်း၊ မျှော်လင့်ချက်တွေပေး၊ ငွေနဲ့စည်းရုံး၊ အကြောက်တရားနဲ့ ဖိအားပေး လုပ်ဆောင်နေတာဟာ လူငယ်တွေရဲ့ ဘဝတွေ၊ အနာဂတ်တွေကို ဖျက်ဆီးနေခြင်းသာ ဖြစ်ပါတယ်။ အကြမ်းဖက်လုပ်ရပ်တွေကို စီမံနေသူတွေကတော့ အန္တရာယ်ကင်းတဲ့နေရာတွေကပဲ ဦးဆောင်နေတာ**ဟာလည်း ယင်းတို့ရဲ့ နောက်ကွယ်က ရည်ရွယ်ချက်ကို ခန့်မှန်းဖို့ လိုပါလိမ့်မယ်။**

လူငယ်တွေအနေနဲ့လည်း အမှားအမှန်၊ အကောင်းအဆိုး၊ ဖြစ်သင့် မဖြစ်သင့်၊ လုပ်သင့် မလုပ်သင့် ကိုယ်တိုင် ချင့်ချိန်ဆုံးဖြတ်ကြရမှာပါ။ နိုင်ငံရေးဆိုတာ လှည့်ကွက်များလှပါတယ်။ နိုင်ငံရေးထောက်ခံမှုရဖို့အတွက် ကောင်းတာပဲပြောပြီး မကောင်းတာတွေကို ဖုံးကွယ်ထားတတ်တဲ့ နိုင်ငံရေး လှည့်ဖြားမှုတွေကို သိမြင်ဖို့လိုပါမယ်။ ဒါမှ နိုင်ငံရေးမာယာတွေကြားမှာ လူငယ်တွေအနေနဲ့ ထိုးကျွေးမခံရဖို့ သတိပြုဆင်ခြင်နိုင်မှာပါ။ လူငယ်တွေ ကိုယ့်နိုင်ငံအရေးကို စိတ်ဝင်စားတာဟာ ကောင်းတဲ့လက္ခဏာလို့ ပြောနိုင်ပေမယ့် နိုင်ငံရေးမှာ အသုံးချခံနေရတာကတော့ ကောင်းတဲ့လက္ခဏာလို့ ပြောလို့မရပါဘူး။ အထူးသဖြင့် တက်ကြွလှုပ်ရှားနေကြတဲ့လူငယ်တွေကို Gen Z လို့ဆိုပြီး မြှောက်ပင့်မှိုင်းတိုက် ဆွဲဆောင်နေတာ တွေ့ရပါတယ်။

အခုသတ်မှတ်ပြောဆိုနေတဲ့ Generation သတ်မှတ်တာဟာ ကာလအပိုင်းအခြားနဲ့ သတ်မှတ်ထားတာ အားလုံးအသိပါ။ ဥပမာအားဖြင့် Baby Boomer ဆို ၁၉၄၆ မှ ၁၉၆၄ အတွင်း မွေးဖွားသူတွေကို ခေါ်တာပါ။ ၁၉၆၅ မှ ၁၉၈၀ အကြား မွေးသူတွေကိုတော့ Generation X တွေလို့ သတ်မှတ်ပါတယ်။ Generation Y တွေဟာ ၁၉၈၂ နဲ့ ၁၉၉၄ အကြား မွေးသူတွေဖြစ်ပါတယ်။ Gen Z တွေကတော့ ၁၉၉၅ နဲ့ ၂၀၁၀ အကြား မွေးဖွားသူတွေ ဖြစ်ပါတယ်။ တိုးတက်တဲ့ နည်းပညာခေတ်မှာ မွေးဖွားလာသူတွေလည်းဖြစ်ပါတယ်။

## Gen Z နဲ့ မြန်မာနိုင်ငံရဲ့အခြေအနေ

သတိပြုသင့်တာက အဲဒီသတ်မှတ်ချက်တွေဟာ ခေတ်ကာလအချိန်အပိုင်းအခြားအရ သတ်မှတ်ခဲ့တာပါ။ ဒီတော့ Gen Z ဆိုတိုင်း အားလုံးကို တစ်ပြေးညီလို့ ဆိုလို့မရနိုင်ပါဘူး။ ဥပမာအားဖြင့် အမေရိကန်မှာ မွေးဖွားကြီးပြင်းလာတဲ့ Gen Z နဲ့ မြန်မာနိုင်ငံရဲ့ အခြေအနေအောက်မှာ မွေးဖွားကြီးပြင်းလာတဲ့ Gen Z ရဲ့ အရည်အသွေးအခြေအနေ တူနိုင်ပါ့မလား။ ဒီလိုပြောလို့ ကိုယ့်နိုင်ငံက Gen Z တွေကို နှိမ့်ချလိုတဲ့ ရည်ရွယ်ချက်မဟုတ်ပါဘူး။ မတူညီနိုင်တဲ့ အခြေအနေကို ထည့်သွင်းစဉ်းစားနိုင်ဖို့ပါ။ အမေရိကန်မှာမွေးတဲ့ Gen Z ဟာ မိသားစုပြုစုပျိုးထောင်မှု၊ ပညာရေးအခြေအနေ၊ ဒီမိုကရေစီအလေ့အထစတဲ့ အခြေအနေအောက်မှာ ကြီးပြင်းကျင်လည်ခဲ့ရတာပါ။ ရန်ကုန်က Gen Z အရည်အသွေးနဲ့ တောနယ်က Gen Z အရည်အသွေး မတူနိုင်သလိုပါပဲ။ လူငယ်တစ်ဦးမှာရှိတတ်ကြတဲ့ ပင်ကိုဗီဇအရည်အသွေးချင်း တူနေတောင်မှ ကြီးပြင်းရတဲ့ပတ်ဝန်းကျင် မတူတဲ့အတွက် အသိအမြင်၊ ပညာရေး၊ လေ့လာဆည်းပူးနိုင်မှု၊ အတွေ့အကြုံဆိုတာတွေက မတူနိုင်ပါဘူး။

**ဒါပေမယ့် အခုလိုအချိန်ကျမှ လူငယ်တွေကို Gen Z တွေလို့ မြှောက်ပင့်ပြီး အကြမ်းဖက်လုပ်ရပ်တွေမှာ ရှေ့တန်းတင်လာကြတာက အငှားဗိုက်နဲ့ ဓားထိုးခံခိုင်းနေသလိုပါပဲ။ လူငယ်တွေကို နေရာပေးတယ်ဆိုရင် ကိုယ်အာဏာရစဉ်က Gen Z တွေကို ဘယ်လောက်အထိ နေရာပေးခဲ့လဲ၊ ဘယ်လောက် ပြုစုပျိုးထောင်ခဲ့လဲဆိုတာ ပြန်စဉ်းစားကြဖို့ လိုပါလိမ့်မယ်။ အကြမ်းဖက်တိုက်ခိုက်ချိန်ကြမှ Gen Z တွေကို ရှေ့တန်းတင်တာဟာ ရိုးသားတဲ့နိုင်ငံရေး ဟုတ်၊ မဟုတ် စဉ်းစားစရာပါ။ လူငယ်တွေ နိုင်ငံရေးကို ပါဝင်ခဲ့တာ၊ ဦးဆောင်ခဲ့တာ မြန်မာနိုင်ငံမှာ အထင်အရှား ရှိပြီးသားပါ။**

*စာမျက်နှာ ၂၂ သို့*

# ချောင်းဆုံမြို့နယ်၌ ယခုနှစ်အတွင်း မိုးစပါးစိုက်ပျိုးကေလျာထားချက်ပြည့်မီအောင် ဆောင်ရွက်



**ချောင်းဆုံ ဩဂုတ် ၂၃**

မွန်ပြည်နယ်အနေဖြင့် ၂၀၂၁ ခုနှစ် မိုးစပါးသီးနှံ ၆၈၅၁၀၈ ဧက စိုက်ပျိုးရန် ရည်မှန်းထားပြီး ဩဂုတ် တတိယပတ်အထိ ၆၁၈၃၇၆ ဧက စိုက်ပျိုးနိုင်ခဲ့ရာ ၉၀ ဒသမ ၂၆ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရသည်။ ယခင်နှစ်က စိုက်ဧက ၅၆၅၆၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ယခင်နှစ်ထက် ၅၃၇၁၄ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ရာသီကုန်အထိ ယခုနှစ်အတွင်း စိုက်ပျိုးကေလျာထားချက်ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ချောင်းဆုံမြို့နယ်အနေဖြင့်လည်း မိုးစပါးစိုက်ဧက ၆၅၃၇၆ ဧက စိုက်ပျိုးရန်လျာထားပြီး ဩဂုတ် ၂၃ ရက်အထိ ၆၅၂၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်၍ ၉၉ ဒသမ ၇၅ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးဖြစ်ရာ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် တာဝန်ရှိသူများသည် ချောင်းဆုံမြို့နယ်အတွင်းရှိ မိုးစပါးမျိုးစေ့ထုတ် စံပြစိုက်ပျိုးထားရှိမှုကို ကွင်းဆင်းကြည့်ရှုခဲ့သည်။ **(ယာပုံ)**

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ချောင်းဆုံမြို့နယ် တော်စွန်းကျေးရွာရှိ တောင်သူ ဦးမောင်ဝင်း၏ စိုက်ခင်းကို သွားရောက်ကြည့်ရှုရာ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးက ချောင်းဆုံမြို့နယ်တွင် မိုးစပါးစိုက်ပျိုးထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်သူများနှင့် တွေ့ဆုံကာ တောင်သူများ၏ လိုအပ်ချက်များအား ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ဒေသခံတစ်ဦးက ကျေးရွာတွင် လိုအပ်နေသည့် ကုန်ထုတ်လမ်းပေါ်ရှိ တံတားသုံးစင်း တည်ဆောက်ပေးရန်တင်ပြရာ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

မြို့နယ်(ပြန်/ဆက်)

# ရေတာရှည်မြို့နယ် ညောင်ပင်ကိုင်း- ပိတောက်ခင်- ရွာသစ်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်

**ပဲခူး ဩဂုတ် ၂၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည် မြို့နယ်အတွင်းရှိ ညောင်ပင်ကိုင်း- ပိတောက်ခင်- ရွာသစ်လမ်းသည် ပိတောက်ခင် ကျေးရွာအုပ်စု၊ ခင်တန်ကြီး ကျေးရွာအုပ်စု၊ ဇလုပ်ကြီး ကျေးရွာအုပ်စုရှိ ကျေးရွာများ အဓိကအားထား အသုံးပြုနေရသော ကုန်ထုတ် လမ်းမကြီး ဖြစ်သည့်အပြင် ညောင်ပင်ကိုင်း၊ ပိတောက်ခင်၊ တောင်နီကုန်း၊ သဲကောသ၊ သပြေကုန်း၊ ကြို့ပင်သာ၊ ဘိုးရှမ်းကုန်း၊ ချောင်းခွ၊ ရွာသစ် စသည့်ကျေးရွာ ကိုးရွာ၊ အိမ်ခြေ ၈၈၁ အိမ်၊ လူဦးရေ ၃၃၀၀ ကျော်တို့၏ လူမှုရေး၊ စီးပွားဘဝအတွက် တိုက်ရိုက် အကျိုးပြုပေးလျက်ရှိရာ အဆိုပါ လမ်းအရှည် (၁/၄) မိုင်ကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်နေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့ ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုရာ တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော်လူက အဆိုပါလမ်းကို ဘဏ္ဍာနှစ်အလိုက် အဆင့်မြှင့်တင် ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆောင်ရွက်နေဆဲ အခြေအနေနှင့် ကျန်ရှိလမ်းပိုင်းအား ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးလက်နေ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် အဓိကဖြစ်နေသဖြင့် သတ်မှတ်စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်ကြရန်မှာကြားပြီး စက်ယန္တရားများဖြင့် ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးသည်။ **(ဓါတ်ပုံ)**

ယင်းလမ်းသည် လမ်းဦးစီးဌာနပိုင် ရန်ကုန်- မန္တလေး လမ်းဟောင်းနှင့် ရန်ကုန်- မန္တလေး အမြန်လမ်းမကြီးတို့ကို ချိတ်ဆက်ထားသော Class A အမျိုးအစားဖြစ်ပြီး ရေတာရှည်မြို့မနှင့်(၀/၄) မိုင်အကွာတွင် တည်ရှိကာ စုစုပေါင်းလမ်းအရှည် (၄/၀) မိုင်ရှိကြောင်း သိရသည်။

အဆိုပါလမ်းကို ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၂၇၉ သန်းဖြင့် ရေတာရှည်မြို့နယ် ကျေးလက်လမ်း ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တင်ဒါအောင် ကုမ္ပဏီက တာဝန်ယူကာ ကွန်ကရစ်လမ်းခင်းခြင်း (၁/၄)မိုင် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိပြီး ကျန်လမ်းပိုင်း (၂/၄)မိုင်အား ၂၀၂၁- ၂၀၂၂ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်ရန် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေ၌ လျာထားဆောင်ရွက်ထားကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ဝန်းသိုမြို့နယ်ရှိ ကျေးရွာပေါင်း ၂၅ ရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းပေါင်း ၂၇ ခု ဆောင်ရွက်

**ဝန်းသို ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်အတွင်း ကျေးလက်အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်းပေါင်း ၂၅၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၄၁၂ ဒသမ ၉ သိန်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်း ၂၇ ခုကို ကျေးရွာပေါင်း ၂၅ ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

အဆိုပါကျေးရွာ ၂၅ ရွာတွင် လမ်းလုပ်ငန်း ၁၈ ခု၊ တံတားတစ်စင်း၊ ရေရရှိရေးလုပ်ငန်းနှစ်ခု၊ ပညာရေးအတွက်လုပ်ငန်းနှစ်ခု၊ မီးလင်းရေးလုပ်ငန်းနှစ်ခု၊ အခြားဖွံ့ဖြိုးရေးလုပ်ငန်းနှစ်ခု စုစုပေါင်းဖွံ့ဖြိုးရေးလုပ်ငန်း ၂၇ ခုကို ဆောင်ရွက်လျက်ရှိရာ ကျေးရွာ ၁၈ ရွာတို့မှ စီမံကိန်းလုပ်ငန်းများမှာ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး ကျန်ကျေးရွာခုနစ်ရွာတို့မှ စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင်မြင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်မြိုင်



ကျေးရွာတစ်ရွာအတွင်း ကွန်ကရစ်လမ်းခင်းဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၂၁ မှ*

အခြားသူ မဟုတ်ပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းပါပဲ။ ဗိုလ်ချုပ်အောင်ဆန်းဟာ တက္ကသိုလ်ကျောင်းသားဘဝ အသက် ၂၀ လောက်မှာပဲ နိုင်ငံရေးကို စတင်လုပ်ကိုင်နေပါပြီ။ သူတို့ခေတ် သူတို့အခြေအနေအရလည်း ပါဝင်ပါတယ်။ ဒီနေ့ခေတ်လိုဆို Gen Z အရွယ်ပါပဲ။ ဗိုလ်ချုပ်အောင်ဆန်းတို့ တော်လှန်တိုက်ခိုက်ခဲ့တာ ကမ္ဘာမှာ နေမဝင် အင်ပါယာကို ထူထောင်ခဲ့တဲ့ နယ်ချဲ့အင်္ဂလိပ်ကိုပါ။ နယ်ချဲ့ကို ရနိုင်သမျှ နည်းလမ်းမျိုးစုံနဲ့ တော်လှန်တိုက်ခိုက်ခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့ဟာ ဒီကနေ့လို ကိုယ့်နိုင်ငံအတွင်းမှာ၊ ကိုယ့်နိုင်ငံသားအချင်းချင်းအပေါ် အကြမ်းဖက်နည်းတွေနဲ့ မလုပ်ခဲ့ပါဘူး။ နိုင်ငံရေးမှာ အသုံးချခံ မဖြစ်ခဲ့ပါဘူး။ နိုင်ငံရေးကို လိမ်လိမ်မာမာ ပါးပါးနပ်နပ်နဲ့ smart power ကို သုံးပြသွားခဲ့ပါတယ်။ အဲဒီလို သုံးနိုင်အောင်လည်း ပြည်တွင်း ပြည်ပနိုင်ငံရေးဝမ်းစာပြည့်ဝခဲ့ပါတယ်။

ဒီတော့ လူငယ်တွေအနေနဲ့ နိုင်ငံမှာလက်ရှိဖြစ်နေတဲ့ နိုင်ငံရေးအကျပ်အတည်းတွေကို ဖြေရှင်းဖို့ ကြိုးစားကြရာမှာ ဘယ်လိုနည်းလမ်းနဲ့ဖြေရှင်းကြမလဲဆိုတာ ကိုယ်တိုင်ဝေဖန်စဉ်းစားကြဖို့ လိုပါတယ်။ ရိုးသားတဲ့ နိုင်ငံရေးလား၊ မရိုးသားတဲ့ နိုင်ငံရေးလားဆိုတာ သူတစ်ပါးပြောတာထက် ကိုယ်တိုင်သိရှိမှ သူတစ်ပါး ကြိုးဆွဲခံရတာ၊ အသုံးချခံရတာကို ရှောင်ရှားနိုင်ပါလိမ့်မယ်။ မတူညီတဲ့ နိုင်ငံရေးသဘောထား ကွဲလွဲတာတွေကို သခင်စိုးခေါင်းဆောင်တဲ့ ကွန်မြူနစ်ပါတီ (ဗမာပြည်) ကြွေးကြော်သလို သေရဲတာ အလံနီ၊ သတ်ရဲတာ အလံနီလို့ ဆိုလို့မရပါဘူး။ အဲဒါဟာ မှန်ကန်တဲ့ နည်းလမ်းမဟုတ်ပါဘူး၊ အစွန်းရောက် မိုက်ရူးရဲဆန်တဲ့ နည်းလမ်းပဲဖြစ်ပါတယ်။ အဲဒီလိုမဟုတ်ဘဲ ဒီမိုကရေစီကိုလိုလားလို့ လုပ်ဆောင်တာဆိုရင် ဒီမိုကရေစီကျင့်စဉ်ကို လေးစားလိုက်နာသင့်ပါတယ်။

ဒီမိုကရေစီစနစ်ဟာ ပဋိပက္ခဖြစ်ပွားနိုင်တဲ့ အခြေအနေများ မပါဝင်ဘဲ မတူကွဲပြားမှုတွေကို စီမံခန့်ခွဲတဲ့စနစ်တစ်ရပ်ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ဟာ ပဋိပက္ခကို စီမံခန့်ခွဲခြင်း (managing) နဲ့ အစီအစဉ်ကျနစေခြင်း (Processing) အတွက် စနစ်တစ်ခုဖြစ်ကြောင်း နိုင်ငံရေးသိပ္ပံပါမောက္ခ Adam Przeworski က ဆိုဖူးပါတယ်။ ကြီးကြီးမားမားရှိနေတဲ့ ပြဿနာတွေကို ဖြေရှင်းဖို့အတွက် ပုံသေကားကျနည်းလမ်းသတ်မှတ်ချက်ထက် မိမိနိုင်ငံ၊ မိမိလူမျိုးအခြေအနေ၊ ပဋိပက္ခဇာစ်မြစ်၊ နိုင်ငံရေးအသိရေချိန်၊ ကမ္ဘာ့နိုင်ငံရေးအခြေအနေစတဲ့ အခြေခံအကြောင်းတရားပေါ် မူတည်ပြီး ဖြေရှင်းကြဖို့ လိုပါတယ်။

ဒီလိုအခြေအနေမှာ လူငယ်တွေအနေနဲ့ နိုင်ငံရေးမှာ အသုံးချခံမဖြစ်ဖို့ဆိုရင် ဖြစ်နေတဲ့ပြဿနာတစ်ရပ်ကို ဘယ်လို ထိထိရောက်ရောက် အောင်အောင်မြင်မြင် ဖြေရှင်းကြမလဲဆိုတဲ့ နည်းလမ်းတွေကို ရှာဖွေကြရမှာပါ။ ပြဿနာဖြေရှင်းတဲ့ နည်းလမ်းမှန်မှ ပြဿနာပြေလည်မှာပါ။ ဖြေရှင်းတဲ့နည်းလမ်းများယွင်းတာနဲ့အမျှ ဖြစ်လာမယ့် အကျိုးဆက်တွေဟာ မိမိကိုယ်တိုင်အတွက်ရော၊ အပြစ်မဲ့ပြည်သူအတွက်ပါ အတောမသတ်နိုင် ဖြစ်သွားနိုင်တာကို ထည့်သွင်းစဉ်းစားကြဖို့ လိုအပ်နေပါပြီ။ ။

# ဝါးခယ်မမြို့နယ်၌ ရောဝတီမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှုဖြစ်ပွား

**ဝါးခယ်မ ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ဟသ်ာဒုံး ကျေးရွာတွင် ဩဂုတ်၂၃ ရက်က ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှု ဖြစ်ပွားခဲ့သည်။ (ယာပုံ)



အဆိုပါ ကျေးရွာတွင် ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် မြစ်ကမ်းပါးအရှည်ပေ ၁၈၀၊ အကျယ် ပေ ၄၀ ခန့် ပြိုကျမှုဖြစ်ပွားခဲ့သည်။ မြစ်ကမ်းပါး အနီးတွင်နေထိုင်သော လူနေအိမ်ခြောက်လုံးနှင့် မိသားစုဝင်များအား ရွှေလောင်းနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသားများက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ညောင်ဦးမြို့နယ်၌ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်အနီး ရောက်ရှိ

**ညောင်ဦး ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဩဂုတ်၂၃ ရက် မွန်းတည့် ၁၂ နာရီ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေမှတ်သည် စိုးရိမ်ရေမှတ်သို့ ရောက်ရှိရန် ၈ စင်တီမီတာ သာလိုတော့ကြောင်း ညောင်ဦးမြို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ညောင်ဦးခရိုင် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ယနေ့နံနက် ၆ နာရီ တိုင်းတာချက်အရ ညောင်ဦးမြို့နယ်တွင် ဧရာဝတီမြစ်ရေမှတ်သည် ၂၀၀၉ စင်တီမီတာ နှင့် ယနေ့ မွန်းတည့် ၁၂ နာရီ တိုင်းထွာချက်အရ ၂၀၁၃ စင်တီမီတာသို့ ရောက်ရှိခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ညောင်ဦးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းကာ ဧရာဝတီမြစ်ရေကြီးမှုအခြေအနေ၊ မြစ်ရေကျမှု အခြေအနေများကို နေ့စဉ်သတင်းထုတ်ပြန်ပေးနေကြောင်း သိရသည်။

**မောင်မောင်ထိန်**
**(ကျောက်ပန်းတောင်း)**



ဖောင်းပြင် မြို့နယ်တွင် ဩဂုတ် ၂၃ ရက်က ချင်းတွင်းမြစ်ရေ မြင့်တက်လာမှုကြောင့် မြို့ပေါ် ရပ်ကွက်နှစ်ခုရှိ မြေနိမ့်ပိုင်းတွင် နေထိုင်ကြသည့် နေအိမ်ခြံဝင်းများအတွင်းသို့ ရေဝင်ရောက်နေမှုကို တွေ့ရစဉ်။

ကိုထွန်း(ဖောင်းပြင်)

# မင်းပြားမြို့၌ ကိုဗစ်- ၁၉ ကြောင့် ရပ်နားထားရသည့် ရွှေပြည်တန်အမြန်ရေယာဉ် ဩဂုတ် ၂၄ ရက်တွင် မင်းပြား- စစ်တွေခရီးစဉ် ပြန်လည်ပြေးဆွဲမည်

**မင်းပြား ဩဂုတ် ၂၃**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ ယခုလက်ရှိ ဖြစ်ပွားနေသော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ရောဂါကြောင့် ခေတ္တရပ်နားထားရသည့် ရွှေပြည်တန်အမြန်ရေယာဉ်သည် ဩဂုတ် ၂၄ ရက်မှ စတင်ပြီး မင်းပြား- စစ်တွေ၊ စစ်တွေ- မင်းပြားသို့ နေ့စဉ်ပုံမှန် ပြန်လည်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။



မင်းပြားမြို့နယ်၏ အဓိက ရေလမ်းခရီးသွား ပြည်သူများ၏ အားထားရာဖြစ်သည့် ရွှေပြည်တန်အမြန်ယာဉ် ပြေးဆွဲမှုကို ကိုဗစ်-၁၉ ရောဂါကြောင့် ခေတ္တ ယာယီရပ်နားခဲ့ရာမှ ယခုအခါ ကိုဗစ်- ၁၉ ရောဂါ ကူးစက်မှု လျော့ကျလာသဖြင့် ဩဂုတ် ၂၄ရက် နံနက် ၆ နာရီ တစ်ကြိမ်နှင့် နံနက် ၁၁ နာရီတစ်ကြိမ် ပြန်လည်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

**သိန်းနုအောင်(ပြန်/ဆက်)**

# မိုင်းယုမြို့၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်

**မိုင်းယု ဩဂုတ် ၂၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် နယ်စပ်ဒေသ မိုင်းယုမြို့ ရှေ့တန်းရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှ ဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် ကျေးရွာများသို့ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ယမန်နေ့က တာကြန့်ကျေးရွာအုပ်စု နမ့်နော်(အောက်) ရွာသို့ ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ မိုင်းယုမြို့ ရှေ့တန်းရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တာဝန်ခံ မြို့ဦးစီးမှူး ဦးစိုင်းနေမွန်းငြိမ်းဦးစီးသည့်အဖွဲ့များက ယင်းကျေးရွာရှိ ရွာသူရွာသားများအား ပန်းခင်းစီမံချက်နှင့် ပတ်သက်၍ ရှင်းလင်းဟောပြောခြင်း၊ မှတ်ပုံတင်မရှိသူများကို မှတ်ပုံတင်ပြုလုပ်ပေးခြင်း၊ မှတ်ပုံတင်လဲလှယ်ပေးခြင်း၊ ပျက်စီး/ပျောက်ဆုံးသူများကို မိတ္တူပြုလုပ်ပေးခြင်းနှင့် အိမ်ထောင်စုဆိုင်ရာ မွေးဖွား၊ သေဆုံးအိမ်ထောင်စုလူဦးရေစာရင်း မိတ္တူများကို ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ သွားရောက်ကွင်းဆင်းဆောင်ရွက်ပေးကြသည်။

**ကိုကိုနိုင်(မိုင်းယု)**



# ကော့ကရိတ်မြို့၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး

**ကော့ကရိတ် ဩဂုတ် ၂၃**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ရန် ကျန်ရှိသော ကျေးရွာများဖြစ်သည့် ရန်ကုတ်ကျေးရွာအုပ်စု ကမ္မရာကျေးရွာနှင့် ဆိတ်ဖူးကုန်းကျေးရွာတို့မှ အသက် ၁၆ နှစ်နှင့် ၁၈ နှစ်အကြားနှင့် အသက် ၁၈ နှစ်နှင့်အထက် ကိုင်ဆောင်လက်မှတ်မရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးနိုင်ရေးကို ယနေ့နံနက်ပိုင်းက အမက (ကမ္မာရာ)ကျောင်း၌ ပြုလုပ်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံးမှ ဦးစီးအရာရှိ ဦးသန်းဝင်းအောင်နှင့် ဝန်ထမ်းများက အဆိုပါ ကျေးရွာများရှိ အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် စတင်ပြုလုပ်သူ အမျိုးသားရှစ်ဦး၊ အမျိုးသမီးနှစ်ဦး၊ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် စတင်ပြုလုပ်သူ အမျိုးသား ၆၃ ဦး၊ အမျိုးသမီး ၈၄ ဦးတို့အား ဆောင်ရွက်ပေးကြောင်း သိရသည်။

**စောအောင်မျိုးလွင် (ပြန်/ဆက်)**

# သီပေါမြို့နယ်၌ ပန်းခင်းစီမံချက်နှင့် ပတ်သက်၍ ကောစင်တာဖွင့်လှစ်

**သီပေါ ဩဂုတ် ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြန်မာနိုင်ငံသားများဖြစ်ကြသော တိုင်းရင်းသားများနှင့် ဥပဒေအရ နိုင်ငံသားများအား ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုး ထုတ်ပေးရန် ၃-၅-၂၀၂၁ ရက်မှ ၃-၁၁- ၂၀၂၂ ရက်အထိ ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

သီပေါမြို့နယ်အတွင်း နေထိုင်ကြသော ဒေသခံပြည်သူများအနေဖြင့် ပန်းခင်းစီမံချက်နှင့်ပတ်သက်၍ သိရှိလိုသည်များ၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ရာတွင် အဆင်မပြေမှုများရှိပါက သီပေါမြို့နယ်၏ ကောစင်တာ ၀၈၂၂၉၈၀၀၃ နှင့် ၀၉-၄၂၇၃၀၆၅၅၃ တို့သို့ ဆက်သွယ်မေးမြန်း ဆောင်ရွက်နိုင်ကြောင်း မြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။

**ခင်လေး(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီးမီးသတ်တပ်ဖွဲ့ဝင်များ၏ ရေပြင်ရှာဖွေ ကယ်ဆယ်ရေးလေ့ကျင့်မှု သရုပ်ပြပွဲကြည့်ရှုအားပေး

ပုသိမ် ဩဂုတ် ၂၃
ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနကကြီးမှူး၍ မီးသတ်တပ်ဖွဲ့ဝင်များ ရေပြင်ရှာဖွေ ကယ်ဆယ်ရေး လေ့ကျင့်မှု သရုပ်ပြပွဲကို ယမန်နေ့က ပုသိမ်မြို့ကန်သုံးဆင့် Royal Lake ကန်ရေပြင်၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်းနှင့် ဒုတိယဦးစီးမှူး ဦးပြည့်ဖြိုးလှိုင် ခေါင်းဆောင်သော နိုင်ငံတကာ မီးသတ်တပ်ဖွဲ့ နည်းပညာထူးချွန်ဆုရတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက ရေယာဉ်များ အသုံးပြု၍ Royal Lake ကန်ရေပြင်တွင် ရေပြင်ရှာဖွေကယ်ဆယ်ရေး လေ့ကျင့်မှု သရုပ်ပြပွဲများ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ကြည့်ရှုအားပေးပြီး ဆုငွေများ ချီးမြှင့်ကြောင်း သိရသည်။

**ပုသိမ်လှကြည်**



## မုတ်သုံလေ အားနည်းနေ

နေပြည်တော် ဩဂုတ် ၂၃
ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# ရန်ကုန်မြို့ စိမ်းလန်းစိုပြည်သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၃
ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ယနေ့ နံနက် ၇ နာရီတွင် ရန်ကင်းမြို့နယ် ဆရာစံလမ်း၊ မြောက်မြင်းပြိုင်ကွင်းလမ်းနှင့် အနောက်မြင်းပြိုင်ကွင်းလမ်းဆုံသို့ သွားရောက်၍ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ တာဝန်ယူခင်းနေသည့် ဧရိယာ ၈၀၀၂၈ စတုရန်းပေ၊ ထု ၁၁ လက်မရှိ လမ်းသားတင်ကွန်ကရစ်ခင်းနေမှုနှင့် ရေစီးရေလာ စီမံခန့်ခွဲမှုဌာနမှ ဆောင်ရွက်နေသည့် ဆရာစံလမ်းတစ်လျှောက် လူသွားလမ်း ပလက်ဖောင်းအောက်ရှိ ရေမြောင်းများကို ရေစီးရေလာကောင်းမွန်စေရန် အမှိုက်များ ဆယ်ယူရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ **(အောက်ပုံ)**

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် သာကေတမြို့နယ် (၇) ဈေးလမ်းမကြီး၊ အ.ထ.က (၂)ကျောင်းရှေ့ ရေမြောင်းတစ်လျှောက် ရေစီးရေလာစီမံခန့်ခွဲမှုဌာနမှ Excavator ယာဉ်များဖြင့် အမှိုက်နှင့် မြောင်းချေးများ ဆယ်ယူရှင်းလင်းနေမှုကို လည်းကောင်း၊ ၆/အရှေ့ရပ်ကွက်နှင့် ၆/အနောက်ရပ်ကွက်ကြား ဝေဇယန္တာလမ်းတစ်လျှောက် သန့်ရှင်းရေးဆောင်ရွက်ထားမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ထုတ်ဝေသည့် အသိပညာပေး ဗီနိုင်းပိုစတာများကို သာကေတမြို့နယ် ၆/အရှေ့ရပ်ကွက်နှင့် ၆/အနောက်ရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ ဝေဇယန္တာအနောက် ၁၂ လမ်း အရှည်ပေ ၅၉၀၊ အကျယ် ၁၈ ပေ၊ ထု ၆ လက်မ ကွန်ကရစ်ခင်းကျင်းနေမှုနှင့် အလျား ၁၈ ပေ၊ အကျယ် ၄ ပေ၊ အမြင့် ၄ ပေရှိ Culvert ပြုလုပ်နေမှုတို့ကို လည်းကောင်း၊ ဗဟန်းမြို့နယ် ကန်တော်ကြီး သဘာဝဥယျာဉ် သစ်တောဇုန်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယန်ကျိုးမြို့မှ လှူဒါန်းထားသော လှေကို ပြန်လည်ပြုပြင်တည်ဆောက်နေမှုကို လည်းကောင်း၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ တာဝန်ယူဆောင်ရွက်နေသော Ellipse ကစားကွင်း ပြုပြင်တည်ဆောက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။ **သတင်းစဉ်**



❖ *ကျောဖုံးမှ*

သောပွဲစဉ်တွင်လည်း အသင်းအတွက်ရရှိခဲ့သည့် နှစ်ဂိုးစလုံးကို သွင်းယူပေးခဲ့သည်။ ထို့ကြောင့် အေတီမက်အသင်းသည် လာလီဂါ ပွဲစဉ် (၂) ယှဉ်ပြိုင်ကစားအပြီး နှစ်ပွဲစလုံး နိုင်ပွဲရရှိထားပြီး ခြောက်မှတ် ရရှိထားသည်။ ပထမပိုင်းပွဲချိန် ၃၉ မိနစ်တွင် အေတီမက်အသင်း အဖွင့်ဂိုးရရှိခဲ့ရာ ဒီပေါလ်၏ ဖန်တီးမှုမှတစ်ဆင့် ကော်ရဲရားက သွင်းယူပေးနိုင်ခဲ့သည်။ ယနေ့ပွဲစဉ်တွင် အယ်ချီအသင်းထက် အေတီမက်အသင်း၏ ကစားပုံကောင်းမွန်ခဲ့သည်ကို တွေ့ရသည်။ အေတီမက်ဒရစ်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဩဂုတ် ၃၀ ရက်တွင် ဗီလာရီးရဲအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အခြားသောပွဲစဉ်တွင် လီဗန်တေးအသင်းနှင့် နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး တစ်ဖက်သုံးဂိုးစီဖြင့် သရေကျခဲ့သည်။ လီဗန်တေးအသင်းအတွက် ဂိုးများကို မာတီ၊ ကမ်ပါနာနှင့် ရိုဗာတို့က သွင်းယူပေးနိုင်ခဲ့ပြီး ရီးရဲမက်ဒရစ်အသင်းအတွက် ဂိုးများကို ဘေးလ်နှင့် ဗင်နီစီးယက်စ်တို့က သွင်းယူပေးနိုင်ခဲ့သည်။

ထို့ကြောင့် လီဗန်တေးအသင်းက လာလီဂါပြိုင်ပွဲတွင် နှစ်ပွဲကစားပြီး နှစ်ပွဲစလုံးသရေကျထားသည့်အတွက် ရမှတ် နှစ်မှတ်သာရရှိထားသည်။ ရီးရဲမက်ဒရစ်အသင်းက နှစ်ပွဲကစားထားရာ တစ်ပွဲနိုင်၊ တစ်ပွဲသရေရမှတ် လေးမှတ် ရရှိထားသည်။ လာမည့်ပွဲစဉ်အဖြစ် လီဗန်တေးအသင်းက ဩဂုတ် ၂၉ ရက်တွင် ဆိုစီဒက်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ရီးရဲမက်ဒရစ်အသင်းက ရီးရဲဘက်တစ် အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **အောင်ဇော်**

# ဒလမြို့နယ်၌ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာငွေများ ပုံမှန်ထုတ်ပေးလျက်ရှိ

ရန်ကုန် ဩဂုတ်၂၃

**ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားလစာများ(ပင်စင်) အား အေးချမ်းစွာဖြင့် ပုံမှန်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။**



ဒလမြို့နယ် မြန်မာ့စီးပွားရေးဘဏ်မှ ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများ၏ အငြိမ်းစားလစာ (ပင်စင်) များအား စိတ်အေးချမ်းသာစွာဖြင့် စောစီးစွာ ထုတ်ယူရရှိနိုင်ရေးအတွက် မြန်မာ့စီးပွားရေးဘဏ်(ခွဲ)အား ယနေ့နံနက် ၇ နာရီမှစကာ အငြိမ်းစား လစာ(ပင်စင်)များ ထုတ်ပေးလျက်ရှိသည်။

ဒလမြို့နယ် မြန်မာ့စီးပွားရေးဘဏ်မှ ဝန်ထမ်းများသည် ဘဏ်သို့လာရောက်၍ အငြိမ်းစားလစာ ထုတ်ယူသူ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများနှင့် ဘဏ်နှင့်ပတ်သက်၍ လုပ်ငန်းလာရောက်ဆောင်ရွက်ကြသူ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကူးစက်မှု မရှိစေရေးအတွက် ဘဏ်သို့အဝင် တံခါးပေါက်ရှေ့၌ ကိုယ်ပူချိန်တိုင်းတာခြင်း၊ အယ်ကိုဟောပါဝင်သည့် လက်ဆေးရည်ဖြင့် လက်ဆေးစေခြင်း၊ နှာခေါင်းစည်း တပ်ဆင်စေခြင်းနှင့် နှာခေါင်းစည်းမပါရှိသူများအား နှာခေါင်းစည်းများ အခမဲ့ပေး၍ နှာခေါင်းစည်း တပ်ဆင်ပြီးမှသာ ရုံးအတွင်းသို့ဝင်ရောက်စေကြောင်း၊ ငွေသွင်း/ငွေထုတ်ပြုရာတွင် တစ်ဦးနှင့်တစ်ဦး ခြောက်ပေခြားကာ ကိုဗစ်-၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဒလမြို့နယ် မြန်မာ့စီးပွားရေးဘဏ် (ခွဲ) တွင် နိုင်ငံ့ရေးပင်စင်၊ ကာကွယ်ရေးပင်စင်နှင့် မြို့ပြပင်စင် လစာထုတ်ယူသူ အငြိမ်းစားဝန်ထမ်းဦးရေ ၇၀ ကျော်ရှိကြောင်းနှင့် မြို့နယ်မြန်မာ့စီးပွားရေးဘဏ် (ခွဲ) အား ၂၀၂၀ ပြည့်နှစ်ဒီဇင်ဘာ ၁ ရက်က ဖွင့်လှစ်ပေး ကြောင်း သိရသည်။

**မောင်ယဉ်ဦး**

## မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ပင်စင်စား သက်ကြီးဘိုးဘွားများအား ပင်စင်လစာငွေများ ထုတ်ပေးလျက်ရှိ

**မင်းဘူး ဩဂုတ် ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်းရှိပင်စင်စား သက်ကြီးဘိုးဘွား မိဘပြည်သူများအတွက် ပင်စင်လစာငွေများကို မင်းဘူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ယနေ့ နံနက်ပိုင်းမှ စတင်၍ ကိုဗစ်-၁၉ သတ်မှတ်စည်းကမ်းချက်များနှင့် အညီ ထုတ်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပင်စင်လစာများ မထုတ်ပေးမီ ကျောင်းအဝင် လက်ဆေးဘေစင်များ၌ လက်ဆေးစေခြင်း၊ ကိုယ်ပူချိန်တိုင်းတာခြင်း၊ နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေပေးခြင်း စသည့် ကိုဗစ်-၁၉ သတ်မှတ်စည်းကမ်းချက်များကို မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ယာဉ်အန္တရာယ် ကင်းရှင်းစေရေးတို့အတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့များနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးကြသည်။ ထိုသို့ ဆောင်ရွက်နေမှုများကို ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး တင့်ကျော်နှင့်အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးကြသည်။



အဆိုပါ ပင်စင်လာရောက်ထုတ်ယူသူများအားလုံးကို မင်းဘူးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်စိုးစိုးအိ နှင့် အဖွဲ့ဝင်များက စတုဒိသာအဖြစ် ကြက်သား ဆန်ပြုတ်များ ကျွေးမွေးခဲ့ပြီး ဩဂုတ် ၂၄ ရက်တွင်လည်း စစ်မှုထမ်းဟောင်းအဖွဲ့မှ စတုဒိသာများဖြင့် ဆက်လက်ကျွေးမွေး ညှော့ခံမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**

## ကျောက်ပန်းတောင်းမြို့နယ်၌ စားသောက်ဖွယ်ရာများ ထောက်ပံ့လှူဒါန်း

**ကျောက်ပန်းတောင်း ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ပရဟိတလူငယ်များစုပေါင်း၍ မြို့မိမြို့ဖများ လှူဒါန်းမှုဖြင့် ဒုတိယအကြိမ် ဆန်နှင့် မီးဖိုချောင်သုံး စားသောက်ဖွယ်ရာများ ထောက်ပံ့လှူဒါန်းခြင်းကို ဩဂုတ် ၂၂ ရက်က ကျေးရွာများသို့ သွားရောက်လှူဒါန်းကြသည်။



ကျောက်ပန်းတောင်းမြို့တွင် ဝါသနာတူ ပရဟိတလူငယ်များ စုပေါင်းဆောင်ရွက်နေသည့် အခြေခံလူတန်းစားများအတွက် ဆန်နှင့် မီးဖိုချောင်သုံး ကုန်စိမ်းများ ထောက်ပံ့လှူဒါန်းခြင်းကို ဩဂုတ် ၈ ရက်က ပထမအကြိမ် ဆောင်ရွက်ကြပြီး ထပ်မံရရှိသည့် အလှူငွေများဖြင့် ယနေ့တွင် ကျေးရွာ ၁၄ ရွာနှင့် မြို့ပေါ်ရပ်ကွက် ရှစ်ရပ်ကွက်တို့မှ ထောက်ပံ့ရန် လိုအပ်သည့် အိမ်ထောင်စုများကို ဆန်၊ ကြက်ဥ၊ ခေါက်ဆွဲထုပ်နှင့် ပန်းမုန်လာ၊ ဂေါ်ဖီ၊ ရွှေဖရုံသီး၊ ဂေါ်ရခါးသီး၊ ခရမ်းသီး၊ အာလူး၊ ကြက်သွန်၊ ခရမ်းချဉ်သီး အစရှိသည့် မီးဖိုချောင်သုံး စားသောက်ဖွယ်ရာများကို ဒုတိယအကြိမ် လှူဒါန်းခြင်း ဖြစ်သည်။

ယခု ဒုတိယအကြိမ်လှူဒါန်းမှုတွင် ကျေးရွာ ၁၄ ရွာမှ အိမ်ထောင်စု ၉၈၄ စုနှင့် မြို့ပေါ်ရပ်ကွက်များမှ အိမ်ထောင်စု ၁၃၁၅ စု စုစုပေါင်း အိမ်ထောင်စု ၂၂၉၉ စုအတွက် လှူဒါန်းကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

## တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၌ ပင်စင်လစာငွေများ ထုတ်ပေးလျက်ရှိ

**မန္တလေး**

မန္တလေးအောင်မြေသာစံမြို့နယ် ၂၄ လမ်း ၈၃လမ်းထောင့်ရှိ မြန်မာ့စီးပွားရေးဘဏ် (၂)တွင် ဩဂုတ်လ အငြိမ်းစားဝန်ထမ်း ပင်စင်လစာငွေများကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းမှစတင် ထုတ်ပေးလျက်ရှိသည်။

ယခုလတွင် အငြိမ်းစားဝန်ထမ်း ပင်စင်လစာငွေများ ထုတ်ယူသူများပြားသည်။ ဩဂုတ် ၂၁ ရက်နှင့် ၂၂ ရက်သည် ရုံးပိတ်ရက်ဖြစ်သဖြင့် ၂၃ ရက်တွင် ထုတ်ယူသူ ပိုမိုများရခြင်းဖြစ်သလို အချိန်ကန့်သတ်ချက်ကြောင့် နံနက်စောစောလာရောက်သူများလည်း ရှိသဖြင့် ယခင်လများထက် ပင်စင်ထုတ်ယူသူများပြားရခြင်းဖြစ်သည်ဟုသိရသည်။ ပင်စင်ထုတ်ယူသူများသည် နှာခေါင်းစည်းများတပ်ဆင်၍ ကိုဗစ်-၁၉ စည်းကမ်းနှင့်အညီ စနစ်တကျစောင့်ဆိုင်းရန် ဘဏ်ကလည်း အမိုးများ စီစဉ်ပေးထားပြီး ထိုင်ခုံများကိုလည်း ခြောက်ပေခွာ၍ စီစဉ်ပေးထားသဖြင့် ပင်စင်စားများ အဆင်ပြေစွာထုတ်ယူနိုင်ကြောင်း သိရသည်။

**ခင်ခင်ဝင်း (ပညာရေး)**

**ကွန်ဟိန်း**

ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့ မြန်မာ့စီးပွားရေးဘဏ်၌ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများကို ယနေ့နံနက်ပိုင်းက စတင်ထုတ်ပေးလျက်ရှိသည်။

ကွန်ဟိန်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများကို နိုင်ငံတော်အစိုးရက သတ်မှတ်ထားသောရုံးပိတ်ရက်များမှအပ ရုံးဖွင့်ရက်များတွင် ထုတ်ပေးလျက်ရှိရာ ဩဂုတ် ၂၃ ရက်မှ ၂၇ ရက်အထိ ထုတ်ပေးမည်ဖြစ်ပြီး အငြိမ်းစားဝန်ထမ်း ပင်စင်လစာထုတ်ယူမည့်သူ စုစုပေါင်း ၁၂၀ ရှိသည်။

အဆိုပါအငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများ ထုတ်ပေးခြင်းကို ကိုဗစ်-၁၉ရောဂါကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဆင်ပေါင်ဝဲ**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ယနေ့ နံနက်ပိုင်းတွင် အငြိမ်းစားဝန်ထမ်း ပင်စင်လစာငွေများကို ပုံမှန် ထုတ်ပေးလျက် ရှိသည်။

ထိုသို့ ထုတ်ပေးရာ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဘဏ်အတွင်းသို့ ဝင်ရောက်ရာတွင် နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်စေခြင်း၊ လက်ကို ဆေးကြောစေခြင်းများဆောင်ရွက်စေပြီး ပင်စင်လစာငွေများ ထုတ်ပေးရာတွင်လည်း အလှည့်ကျစနစ်ဖြင့် ထုတ်ပေးလျက်ရှိသည်။

ဆင်ပေါင်ဝဲမြို့နယ်တွင် ပင်စင်စားဝန်ထမ်း ၇၄၇ ဦးရှိပြီး ဩဂုတ် ၂၃ ရက်မှစတင်၍ နေ့စဉ်နံနက် ၇ နာရီခွဲမှ မွန်းလွဲ ၂ နာရီအထိ ပင်စင်လစာငွေများထုတ်ပေးမည် ဖြစ်သည်။

သတ်မှတ်ရက်များတွင် လာရောက်ထုတ်ယူခြင်းမရှိသော ပင်စင်စားဝန်ထမ်းများအား စက်တင်ဘာလဆန်းတွင် ဘဏ်လုပ်ငန်း အချိန်အတွင်း၌ ထုတ်ပေးမည်ဖြစ်ကြောင်း မြန်မာ့စီးပွားရေးဘဏ်မှ သိရသည်။

**ချိုချိုဝင်း (ဆင်ပေါင်ဝဲ)**

# အခက်အခဲများကြားမှ အာဖဂန်ပြည်သူများအတွက် အမေရိကန်တို့ရဲ့ ကယ်တင်ရေးလုပ်ငန်းစဉ်များ

◇◇◇◇◇◇◇◇◇ **ကေကေစိုး** ◇◇◇◇◇◇◇◇◇



အမေရိကန်တပ်ဖွဲ့ဝင်များက အာဖဂန်ကလေးငယ်များအား ကျန်းမာရေးစစ်ဆေးပေးနေစဉ်။

ယခုလကုန်ပိုင်းတွင် အာဖဂန်နစ္စတန်မှ ကယ်ဆယ်ရေးအစီအစဉ်များကို အဆုံးသတ်နိုင်လိမ့်မည်ဟု ယုံကြည်ဆဲဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ဩဂုတ် ၂၂ ရက်တွင် ပြောကြားသည်။

**သတိပေးထား**

သို့သော်လည်း ကဘူးလ်မြို့လေဆိပ်ရှိ လူစုလူဝေးတွင် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်လာနိုင်သည်ဟုလည်း သတိပေးထားသည်။ အန္တရာယ်ရှိသည့် အခြေအနေများကြောင့် ထွက်ပြေးလာသူ အရေအတွက်မှာ တဖြည်းဖြည်း များပြားလာလျက်ရှိသည်။ ထောက်ပံ့ရေးအခက်အခဲများနှင့်မြေပြင်အခြေအနေတွင် တဖြည်းဖြည်းဆိုးရွားလာမှုတို့ကြောင့် ယခုလိုထွက်ပြေးလာသူအရေအတွက်မှာ တဖြည်းဖြည်း များပြားလာခြင်းဖြစ်သည်။

**ဆွေးနွေးနေဆဲ**

သို့သော်လည်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ယခင်က တာလီဘန်တို့နှင့် သဘောတူထားသည့်အတိုင်း ဩဂုတ် ၃၁ ရက်တွင် အမေရိကန်၏ လုပ်ငန်းတာဝန်ကိုအပြီးသတ်ရန် ရည်ရွယ်ထားသည်ဟု ပြောသည်။ သို့သော်လည်း ကယ်ဆယ်ရေးလုပ်ငန်းအတွက် တပ်ဖြန့်ချထားသည့်အချိန်ကို ဩဂုတ် ၃၁ ရက်နောက်ပိုင်း ရက်တိုးချဲ့ရန် အစီအစဉ်ကို တာလီဘန်များနှင့် ဆွေးနွေးနေဆဲ အနေအထားဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ကယ်တင်မှုများပြုလုပ်**

အာဖဂန်မှ လူများကယ်ထုတ်ရန် အစီအစဉ်အပါအဝင် အာဖဂန်တွင် အမေရိကန်၏ လုပ်ငန်းအစီအစဉ်များကို နောက်ထပ် ရက်မတိုးဘဲ အပြီးသတ်လုပ်ဆောင်နိုင်ရေး မျှော်လင့်ထားကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အိမ်ဖြူတော်တွင် ပြောကြားခဲ့သည်။ သတ်မှတ်ထားသည့် ရက်အတိုင်းပြီးမြောက်အောင် လုပ်ဆောင်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ပြီးခဲ့သည့် သီတင်းပတ်မှစတင်ကာ တာလီဘန်များသည် ကဘူးလ်မြို့ကို သိမ်းပိုက်ကာ အာဖဂန်နစ္စတန်နိုင်ငံကို အောင်မြင်စွာ ထိန်းချုပ်သွားနိုင်ခဲ့သည်။ အမေရိကန်သည် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး စစ်ဘက်သုံးလေယာဉ်နှင့် မဟာမိတ်တို့၏ လေယာဉ်များကို အသုံးပြုကာ လူပေါင်း ၃၀၃၀၀ နီးပါးကို ကယ်တင်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်သည်။

**ခြိမ်းခြောက်မှုအဖြစ်ရှိနေဦးမည်**

တာလီဘန်တို့လက်မှ လွတ်မြောက်ရေးအတွက် အာဖဂန်နစ္စတန်မှ ထွက်ခွာသွားနိုင်ရေး ကြိုးပမ်းနေကြသည့် လူအုပ်ကြီး၏ ကြောက်မက်ဖွယ် စိတ်မကောင်းဖွယ်မြင်ကွင်းကို သိရှိပြီးဖြစ်ကြောင်း၊ လက်ရှိအခြေအနေများအရ ယင်းအခြေအနေကို လက်ခံရမည်ဖြစ်ကြောင်း ဘိုင်ဒင်က ပြောသည်။ နာကျင်မှု၊ ဆုံးရှုံးမှုနှင့် ကြေကွဲဖွယ်မြင်ကွင်းများ မမြင်ရဘဲ ယခုလောက် လူအများကြီးကို ကယ်တင်နိုင်ရေးမှာ နည်းလမ်းမရှိဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ထို့ပြင် အိုင်အက်စ်ဟုခေါ်သည့် အကြမ်းဖက်အဖွဲ့အစည်းသည် ခြိမ်းခြောက်မှုတစ်ခုအဖြစ် ရှိနေဦး မည်ဖြစ်သည်။

**လေကြောင်းလိုင်းများကို အမိန့်ပေး**

လက်ရှိအခြေအနေကို အမြတ်ထုတ်မည့် အကြမ်းဖက်အဖွဲ့အစည်းများလည်း ရှိနေဦးမည်ဖြစ်ပြီး ယခုအခြေအနေမှာ အန္တရာယ်များသည့် အခြေအနေတစ်ရပ်ဟု ၎င်းက ဆက်ပြောသည်။ လေယာဉ်ဖြင့် လူများကယ်ထုတ်သည့်လုပ်ငန်း အရှိန်မြှင့်တင်နိုင်ရေးအတွက် အမေရိကန်အစိုးရသည် အရပ်ဘက်လေကြောင်းလိုင်းခြောက်ခုကို အမိန့်ပေးထားသည်။ ခရီးသည်တင်လေယာဉ် ၁၈ စင်း ထောက်ပံ့ပေးရန်နှင့် လေယာဉ်တင်သဘော်ာအုပ်စုတွင် အားဖြည့်ပေးရန် အမိန့်ပေးခဲ့သည်။

**လုံခြုံရေးပေးနေကြ**

အရပ်ဘက် အရန်လေယာဉ်အုပ်စုကလည်း အာဖဂန်နစ္စတန်နိုင်ငံမှ အခြေစိုက်စခန်းရှိရာ ကာတာ၊ ဘာရိန်း၊ ယူအေအီးနိုင်ငံတို့သို့ ပို့ဆောင်ပေးမည့် လူအရေအတွက်ကိုလည်း တိုးမြှင့်သွားမည်ဟု ၎င်းက ပြောသည်။ အရပ်ဘက်လေယာဉ်များနေဖြင့် ကဘူးလ်မြို့သို့ တိုက်ရိုက်ပျံသန်းစရာမလိုဟု သိရသည်။ ထောင်နှင့်ချီသည့် အမေရိကန်တပ်ဖွဲ့ဝင်များသည် တာလီဘန်များက ကဘူလ်းမြို့ အနီးတစ်ဝိုက်ကို သိမ်းပိုက်ထားစဉ် အာဖဂန်မြို့တော်လေဆိပ် လုံခြုံစိတ်ချရရေးအတွက် လုံခြုံရေးပေးနေကြသည်။

**အဆက်မပြတ်ရင်ဆိုင်နေရ**

တာလီဘန်တို့သည် တိုင်းပြည်ကို လျင်လျင်မြန်မြန် သိမ်းယူနိုင်ခဲ့ပြီး အမေရိကန် ဦးဆောင်သည့် အပြည်ပြည်ဆိုင်ရာတပ်ဖွဲ့ဝင်များက ထောက်ပံ့ပေးခဲ့သည့် အာဖဂန်အစိုးရသည် အာဖဂန်မဟာမိတ်များနှင့် နိုင်ငံခြားသားများကို ကယ်တင်ရန် စီစဉ်ခဲ့ခြင်းမရှိဘဲ ပျောက်ကွယ်သွားခဲ့ပြီဖြစ်သည်။ လက်ရှိတွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည်လည်း ဝေဖန်မှုများနှင့် အဆက်မပြတ် ရင်ဆိုင်နေရသည်။

**ခက်ခဲသည့်ဆုံးဖြတ်ချက်**

အာဖဂန်နစ္စတန်နှင့်ပတ်သက်၍ ၎င်း၏ ဆုံးဖြတ်ချက်မှာ ခက်ခဲစွာဖြင့် လိုအပ်သည့်အတွက် ချမှတ်ခဲ့ရခြင်းဖြစ်ကြောင်း ကာကွယ်ပြောဆိုခဲ့သည်။ ယခုအချိန်တွင် အာဖဂန်နစ္စတန်မှ ထွက်ခွာခြင်းမပြုလျှင် နောင်မည်သည့်အချိန်မှ ထွက်ခွာမည်နည်းဟု ၎င်းက ပြောသည်။ အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၁၅၀၀၀ မှာ အာဖဂန်နစ္စတန်မှ ထွက်ခွာရန် လိုအပ်သည်။ အာဖဂန်မဟာမိတ် ၅၀၀၀၀ နှင့် ၎င်းတို့၏ မိသားစုဝင်များ တိုင်းပြည်အတွင်းမှ ထွက်ခွာနိုင်ရေး စီစဉ်ပေးရန် လိုအပ်သည်ဟု သိရသည်။

**ပိုမိုရှုပ်ထွေးလာ**

တာလီဘန်များက ကဘူးလ်မြို့တွင် လေဆိပ်သို့သွားရန်ကြိုးပမ်းသူများကို ခြိမ်းခြောက်ခြင်းနှင့် ရိုက်နှက်ခြင်းတို့ ပြုလုပ်ကြောင်း သတင်းများရရှိသည်ဟု ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်က ပြောသည်။ သို့သော်လည်း အမေရိကန် ပတ်စ်ပို့ ကိုင်ဆောင်ထားသူများကို တာလီဘန်များက လုံခြုံစိတ်ချရစွာပင် သွားခွင့်ပြုခဲ့သည်ဟု ၎င်းက ဆက်ပြောသည်။ လေဆိပ်အနီး ရုန်းရင်းဆန်ခတ် ဖြစ်ပွားပြီးနောက် အာဖဂန်ခုနစ်ဦး သေဆုံးခဲ့ပြီး လုံခြုံရေးအခြေအနေကြောင့် အမေရိကန်နိုင်ငံသားများ အဆိုပါဧရိယာမှ ဝေးဝေးနေကြရန် အမေရိကန်အစိုးရက သတင်းထုတ်ပြန်ပြီးနောက် အခြေအနေများ ပိုမိုရှုပ်ထွေးလာခဲ့သည်။

**လေယာဉ်ပေါ်တွင်ကလေးမွေး**

ဩဂုတ် ၂၂ ရက်တွင် အမေရိကန်စစ်လေယာဉ်ရှစ်စင်းဖြင့် လူပေါင်း ၁၇၀၀ နီးပါးကို ကယ်တင်ပေးနိုင်ခဲ့သည်။ အမေရိကန်တို့၏ မဟာမိတ်လေယာဉ် ၃၉ စင်းဖြင့် လူပေါင်း ၃၄၀၀ နီးပါးကို အာဖဂန်နစ္စတန်နိုင်ငံမှ ထွက်ခွာရေးကယ်တင်နိုင်ခဲ့သည်ဟု အိမ်ဖြူတော်က ပြောသည်။ အာဖဂန်နစ္စတန်နိုင်ငံတွင်းမှ ထွက်ခွာနိုင်ရေး ဆောင်ရွက်ပေးစဉ် အမေရိကန်စစ်လေယာဉ်ပေါ်တွင် အာဖဂန်အမျိုးသမီးတစ်ဦးမှာ ကလေးမွေးဖွားခဲ့သည်ဟု အမေရိကန်တပ်ဖွဲ့က ပြောသည်။ အရှေ့အလယ်ပိုင်းမှ ပျံသန်းလာသည့်ခရီးစဉ်အတွင်း မွေးဖွားခဲ့ခြင်းဖြစ်သည်။

**ကူညီပေးခဲ့**

ဂျာမနီသို့ လေယာဉ်ဆင်းသက်ပြီးနောက် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းတစ်ဦးက လေယာဉ်ပေါ်တက်ခဲ့ပြီး ကလေးမွေးမည့် အမျိုးသမီးကို ကူညီပေးခဲ့သည်။ သမီးမိန်းကလေးမွေးဖွားခဲ့သည်ဟု သိရသည်။ အနီးအနားရှိ ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများဖြင့် အမေရော ကလေးပါ ကျန်းမာသည်ဟု သိရသည်။ အရပ်ဘက်လေကြောင်းလိုင်းများမှ လေယာဉ်များကို အသုံးပြုရန် အစိုးရမှ အမိန့်ထုတ်ခြင်းမှာ နှစ်ကြိမ်သာရှိခဲ့ဖူးပြီး ပထမတစ်ကြိမ်မှာ ၁၉၉၀-၁၉၉၁ ပင်လယ်ကွေ့စစ်ပွဲတွင်ဖြစ်ပြီး ဒုတိယအကြိမ်မှာ ၂၀၀၂-၂၀၀၃ အီရတ်သို့ ကျူးကျော်ရာတွင်ဖြစ်သည်။ ။ **ကိုးကား - အေအက်ဖ်ပီ၊ အင်န်အိတ်ချ်ကေ**

**◆ လေယာဉ်ဖြင့် လူများ ကယ်ထုတ်သည့်လုပ်ငန်း အရှိန်မြှင့်တင်နိုင်ရေးအတွက် အမေရိကန်အစိုးရသည် အရပ်ဘက်လေကြောင်းလိုင်းခြောက်ခုကို အမိန့်ပေးထားသည်။ ခရီးသည်တင်လေယာဉ် ၁၈ စင်း ထောက်ပံ့ပေးရန်နှင့် လေယာဉ်တင်သဘော်ာအုပ်စုတွင် အားဖြည့်ပေးရန် အမိန့်ပေးခဲ့**

# ယင်းမာပင်မြို့နယ်၌ PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က တန်ပိုယာဉ် ဖြတ်သန်းခကောက်ခံရေးဂိတ်အား ဝင်ရောက်ဖျက်ဆီးမီးရှို့၍ ဂိတ်တာဝန်ကျ ကုမ္ပဏီဝန်ထမ်းများကို ဝိုင်းဝန်းရိုက်နှက်ခဲ့သဖြင့် အမျိုးသား တစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဩဂုတ် ၂၃

**စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်၌ PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က တန်ပိုယာဉ် ဖြတ်သန်းခ ကောက်ခံရေးဂိတ်အား ဝင်ရောက်ဖျက်ဆီးမီးရှို့၍ ဂိတ်တာဝန်ကျကုမ္ပဏီဝန်ထမ်းများကို ဝိုင်းဝန်းရိုက်နှက်ခဲ့သဖြင့် အမျိုးသား တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ ယနေ့ နံနက် ၁ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ဘန့်ဘွေးကျေးရွာအနီး မုံရွာ-ယာကြီး-ကလေးဝသွားကားလမ်း မိုင်တိုင် အမှတ် ၅ မိုင် ၃ ဖာလုံရှိ “မုံရွာအုပ်စု” ကုမ္ပဏီပိုင်ဆိုင်သည့် တန်ပိုယာဉ်ဖြတ်သန်းခ ကောက်ခံရေးဂိတ်သို့ PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ အင်အား ၁၀၀ ခန့်က မျက်နှာဖုံးများစွပ်လျက် လက်နက်များ ကိုင်ဆောင်၍ ရောက်ရှိလာပြီး ဂိတ်တာဝန်ကျ ကုမ္ပဏီဝန်ထမ်းများကို ကားလမ်းပေါ်တွင် ခေါင်းငုံ့ဒူးထောက်မှောက်ခိုင်းကာ တန်ပိုယာဉ်ဖြတ်သန်းခကောက်ခံရေး ဂိတ်အဆောက်အအုံ နှစ်လုံးအား






PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ မီးရှို့ဖျက်ဆီးခဲ့သည့် ယင်းမာပင်မြို့နယ်ရှိ တန်ပိုယာဉ်ဖြတ်သန်းခ ကောက်ခံရေးဂိတ်။

တုတ်၊ ဓား၊ ဒေသန္တရလက်လုပ်မိုင်းတစ်လုံးတို့ဖြင့် ထုရိုက်ဖောက်ခွဲဖျက်ဆီး၍ ကုမ္ပဏီဝန်ထမ်းများနေထိုင်သော အဆောက်အအုံလေးလုံးနှင့် မော်တော်ယာဉ်နှစ်စီးတို့ကို ဓာတ်ဆီလောင်း၍ မီးရှို့ဖျက်ဆီးခဲ့ပြီး နံနက် ၂ နာရီခွဲတွင် အဆိုပါ PDF အကြမ်းဖက်အဖွဲ့များ ပြန်လည်ထွက်ခွာခဲ့သည်။

ထိုသို့ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုကြောင့် အဆောက်အအုံခြောက်လုံးနှင့် မော်တော်ယာဉ်နှစ်စီး မီးလောင်ပျက်စီးခဲ့ပြီး အကြမ်းဖက်သူများ၏ ရိုက်နှက်မှုကြောင့် ကုမ္ပဏီဝန်ထမ်း အမျိုးသား တစ်ဦးတွင် ပြင်းထန်ဒဏ်ရာများ ရရှိခဲ့သည်။

အထက်ပါဖြစ်စဉ်မှ PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ကို ဖမ်းဆီးရမိရေး နယ်မြေခံတပ်မတော်စစ်ကြောင်းနှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ရွှေဘိုမြို့နယ်၌ အနှိပ်ခန်းဖွင့်လှစ် လုပ်ကိုင်နေသူများအား ဖမ်းဆီးအရေးယူထား

နေပြည်တော် ဩဂုတ် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ ဩဂုတ် ၂၂ ရက်က တရားမဝင် အနှိပ်ခန်း ဖွင့်လှစ်လုပ်ကိုင်နေသူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၂ ရက် နံနက် ၂ နာရီခွဲက ရွှေဘိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှေဘိုမြို့ အမှတ်(၁၀) ရပ်ကွက် မြတောင်(၁၅)လမ်း၌ အနှိပ်ခန်းဖွင့်လှစ် လုပ်ကိုင်နေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ အနှိပ်ခန်းပိုင်ရှင်/ မန်နေဂျာဖြစ်သူ ဝက်လက်မြို့နယ် ရွာသာကြီးကျေးရွာနေ သိန်းနိုင်မြင့်(၃၆ နှစ်)၊ အလုပ်သမားဖြစ်သူ ရွှေဘိုမြို့ အမှတ်(၁၀)ရပ်ကွက်နေ ထွေးလင်းဦး(၂၂ နှစ်)၊ အနှိပ်သမဖြစ်သူ မကွေးမြို့ သိင်္ဂါရပ်ကွက်နေ မအိအိဌေး(၃၅ နှစ်)ပါ ၁၅ ဦးနှင့် လာရောက်အနှိပ်ခံသူ ဝက်လက်မြို့နယ် ဘေးနံကုန်းကျေးရွာနေ အေးမျိုးထက်(၂၉ နှစ်)ပါ အမျိုးသား ခြောက်ဦး စုစုပေါင်း ၂၃ ဦးတို့အား တွေ့ရှိဖမ်းဆီးရမိသဖြင့် ၎င်းတို့အား ရွှေဘိုမြို့မရဲစခန်း၌ ဥပဒေနှင့်အညီ အမှုဖွင့်လှစ်အရေးယူထားရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

## ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ငွေကျပ်သိန်း ၄၀၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၃

ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ငွေကျပ်သိန်း ၄၀၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



ပြစ်မှုကျူးလွန်သူများနှင့် သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၀ ရက် ညနေ ၅ နာရီခန့်တွင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မော်စီစာကျေးရွာအနီးတွင် သတင်းအရ အိုက်အောင်(၃၆ နှစ်)အား ရှာဖွေရာ ဘိန်းဖြူအလေးချိန် ၃၉၆ ဂရမ် သိမ်းဆည်းရမိခဲ့ပြီး မော်စီစာကျေးရွာရှိ ၎င်း၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၆၀၀၊ ဘိန်းဖြူအလေးချိန် ဂရမ် ၂၉၇၀ ထပ်မံ သိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက်အရ မူးယစ်ဆေးဝါးများ လက်ခံမည့်သူ မအေးညွန့်(၃၆ နှစ်) ကို ဖားကန့်မြို့နယ် လုံးခင်း-ဖားကန့်သွား ကားလမ်း အောင်သာယာရပ်ကွက်တွင် လည်းကောင်း၊ မူးယစ်ဆေးဝါးများ ပို့ပေးခဲ့သူ လီတား(၃၅ နှစ်)ကို မြောက်ဖြူကျေးရွာရှိ နေအိမ်တွင် လည်းကောင်း ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ ည ၇ နာရီခွဲခန့်တွင် မူးယစ်ဆေးဝါးများ ပိုင်ရှင် မျိုးအောင်(၅၃ နှစ်)ကို ဖားကန့်မြို့နယ် လုံးခင်းကျေးရွာ အမှတ် (၅) ရပ်ကွက်ရှိ နေအိမ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၉၅၅၅၀ နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## လောင်းလုံးမြို့နယ် မြန်မာ့ပင်လယ်ပြင်အတွင်း၌ ငါးခိုးဖမ်းလှေတစ်စင်း ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၃

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၂ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် ဟိန်းဇဲကျွန်း၏မြောက်ဘက် ရေမိုင် ၁၁ ဒသမ ၂ မိုင်ခန့်အကွာသို့အရောက်၌ မသင်္ကာဖွယ် လှေတစ်စင်း တွေ့ရှိသဖြင့် သွားရောက်စစ်ဆေးရာ ကမ်းနီးရေပြင်အတွင်း ငါးခိုးဖမ်းနေသော သုတပိုင်အမည်ရှိ စည်းပျက်ငါးဖမ်းလှေပေါ်မှ အောင်စိုး(ဘ) ဦးသံဒုန်း အပါအဝင် အမျိုးသား ရှစ်ဦးအား တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများနှင့် လှေအား လောင်းလုံးမြို့ ငါးလုပ်ငန်း ဦးစီးဌာနသို့ စနစ်တကျလွှဲပြောင်းအပ်နှံမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပျဉ်းမနားမြို့နယ်၌ KTV ဆိုင် ဖွင့်လှစ်လုပ်ကိုင်သူနှင့် လာရောက်သီဆိုသူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေဖြင့် အရေးယူထား

နေပြည်တော် ဩဂုတ် ၂၃

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်၌ ဩဂုတ် ၂၁ ရက်က KTV ဆိုင်ဖွင့်လှစ် လုပ်ကိုင်သူနှင့် လာရောက်သီဆိုသူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေဖြင့် အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၁ ရက် ည ၁၀ နာရီ ၄၅ မိနစ်က ပျဉ်းမနားမြို့ ဘောဂဝတီရပ်ကွက်အတွင်း ရွာကောက်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ဧည့်စာရင်းစစ်ဆေးခဲ့ရာ 145 KTV စားသောက်ဆိုင်၌ ဧည့်စာရင်းတိုင်ကြားခြင်းမရှိဘဲ တည်းခိုနေထိုင်၍ အလုပ်လုပ်ကိုင်နေသူ ဆိုင်မန်နေဂျာဖြစ်သူ ရောဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ဖိုးခမီဒေါင့်ကျေးရွာနေ ဦးဟန်ဝင်းအောင်(၃၆ နှစ်)ပါ အမျိုးသား ၃၀ နှင့် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်နေ မမဇွန်(၂၈ နှစ်)ပါ အမျိုးသမီး ၂၇ ဦးတို့အား KTV ဆိုင် ဖွင့်လှစ်လုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ဆိုင်ပိုင်ရှင်ဖြစ်သူ ကျော်ဌေးနှင့် မန်နေဂျာ ဟန်ဝင်းအောင်တို့အား ရွာကောက်နယ်မြေရဲစခန်း၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၂၅ ဖြင့်လည်းကောင်း၊ ဆိုင်မန်နေဂျာဖြစ်သူ ဟန်ဝင်းအောင်ပါ အမျိုးသား/အမျိုးသမီး ၅၇ ဦးတို့အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၃၀(က) ဖြင့် လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၀ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၁ | ၂၁၈ ကျင်း |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးထွန်းလင်း

### (ရွှေမြင်းပျံရွှေဆိုင်-မော်လမြိုင်မြို့)

### အသက်(၈၅)နှစ်

မော်လမြိုင်မြို့၊ အောက်လမ်းမကြီး၊ စစ်ကဲကုန်းရပ်၊ အမှတ်(၃၃၁/ဘီ)နေ (ဒေါ်ပန်းလှ)၏ခင်ပွန်း၊ ဦးသန်းနိုင်ထွန်း-ဒေါ်ယုယုစန်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ဖြိုးမင်းအောင်၊ ဒေါက်တာသုခိုင်ရွှေ၊ မမြသဇင်ခိုင်တို့၏အဘိုး ဦးထွန်းလင်းသည် ၂၃-၈-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၅:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၂၂ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါ နေအိမ်မှ ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၇-၈-၂၀၂၂ရက် (သောကြာနေ့) နံနက် ၇ နာရီတွင် သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသောကြောင့် အထက်ပါနေအိမ်သို့ တရားတော်နာကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

### ဝမ်းနည်းကြေကွဲခြင်း

## ဦးစောလားဖောဝါး

### ညွှန်ကြားရေးမှူး(ငြိမ်း)၊ ငါးလုပ်ငန်းဦးစီးဌာန

### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာကွေ့၊ အမှတ်(၄)လမ်းမကြီး၊ အမှတ်(၁၀/၄၅)နေ ဦးစောလားဖောဝါး(ညွှန်ကြားရေးမှူး-ငြိမ်း၊ ငါးလုပ်ငန်းဦးစီးဌာန) အသက်(၆၂) နှစ်သည် ၂၃-၈-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၁၁:၀၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးရုံး ဝန်ထမ်းမိသားစုများ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစောလားဖောဝါး

### ညွှန်ကြားရေးမှူး(ငြိမ်း)

### အသက်(၆၂)နှစ်

ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး(ငြိမ်း) ဦးစောလားဖောဝါး သည် ၂၃-၈-၂၀၂၂ရက်(တနင်္လာနေ့) နံနက် ၁၁:၀၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပုစွန်မွေးမြူရေးသင်တန်းသား/သူများ**
**ငါးလုပ်ငန်းဦးစီးဌာန**

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစောလားဖောဝါး

### ညွှန်ကြားရေးမှူး(ငြိမ်း)

### အသက်(၆၂)နှစ်

ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး(ငြိမ်း) ဦးစောလားဖောဝါး သည် ၂၃-၈-၂၀၂၂ရက်(တနင်္လာနေ့) နံနက် ၁၁:၀၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တိုင်း/ခရိုင်/မြို့နယ်/ငါးစခန်းမှ ဝန်ထမ်းများ**
**ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန**

### လက္ခဏာနှင့် နက္ခတ်ဗေဒင်ပညာရှင်

## ကေပီဆရာ ဦးနိုင်ကြည်(ခ)ဦးမြင့်ဆွေ

### ဂဏိတ(ကဏဖလ)ဖလိတ

### ဘီအီးကွမ်း(ပီဒီ) လ/ထညွှန်မှူး(ငြိမ်း) စီမံဘဏ္ဍာ

### အိန္ဒိယဒီပလိုမာ(နက္ခတ်ဗေဒင်)၊ ဘီအေ(နက္ခတ်ဗေဒင်)

### အမ်အေ(နက္ခတ်ဗေဒင်)၊ အမ်ဖေး(နက္ခတ်ဗေဒင်ကျမ်းပြု)

### မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့(သုတေသန)

### အသက်(၇၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၄)လမ်း၊ အမှတ်(၃၆)နေ (ဦးချစ်တင်-ဒေါ်ညို)တို့၏သား၊ ဦးမောင်မောင်-ဒေါ်အေးမြင့်တို့၏ညီ၊ ဒေါ်သန်းငွေ(ခ)ဒေါ်သိန်းတင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးရထက်-ဒေါ်နန်းစိန်ခမ်း၊ ဦးကောင်းမြတ်ထက်-ဒေါ်ခင်အေးလွင်၊ မောင်အောင်မြတ်ဟိန်း၊ မမိုးမြတ်ဆုစံတို့၏ ချစ်ခင်လေးစားရပါသော ဖခင်၊ မြေး (၉)ယောက်၊ တူ၊ တူမ(၇)ယောက်တို့၏ ဦးလေးသည် ၂၂-၈-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁၂:၃၀နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုလ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဥမ္မာကျော်

### စာတည်းမှူး

### မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန

### အသက်(၅၄)နှစ်

ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာနမှ စာတည်းမှူး ဒေါ်ဥမ္မာကျော် အသက်(၅၄)နှစ်သည် ၂၂-၈-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၁၀:၄၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း အမှုထမ်းများ**
**မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၁၁၈)၊ အကျယ်အဝန်း(၁၂x၅၀)ပေရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား၊ ဒေါ်မြင့်အေး ၁၂/ဒပန(နိုင်)၀၀၇၁၆၈၊ အမည်ပေါက်သည့်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ(၃ ၁/၂) ထပ်တိုက်အဆောက်အဦ၏ (၄)လွှာ ခေါင်းရင်းခန်း၊ အကျယ်အဝန်း (၁၂x၅၀)ပေရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းတွင် အမြဲတမ်းအသုံးပြုရန်အလို့ငှာ တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်မြင့်အေး ၁၂/ဒပန(နိုင်)၀၀၇၁၆၈မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု လျက်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် ရောင်းချသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ရောင်းဝယ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုလှဲ့(LL.B,LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၃၈၄/၃၁-၈-၂၀၂၀)**
**အမှတ်(၁၃၄)၊ (၃)လွှာ၊ ၄၆-လမ်း၊**
**(၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊**
**ဖုန်း-၀၉-၂၆၄၈၇၃၂၅၅**

## သင့်သွေးဖြင့် အသက်ကယ်ပါ

# အထူးဝမ်းနည်းကြေကွဲခြင်း

# ဦးကျော်လင်း

## (Golden Palm Co.,Ltd)

## အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၆၇)လမ်း၊ အမှတ်(၃၆)နေ ဒေါ်ခင်သိန်း၏ ခင်ပွန်းဖြစ်သူ ဦးကျော်လင်း အသက်(၅၈)နှစ်သည် ၂၀-၈-၂၀၂၂ရက် (သောကြာနေ့) ည ၉နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရတနာသိန်း**
**PVC ပိုက်နှင့်ပိုက်ဆက်ပစ္စည်းဖြန့်ချီရေး**
**စော်ဘွားကြီးကုန်း**

## ဦးဇော်ညွန့်(ခ)ဂျော်နီဘအေး(ထားဝယ်၊ မြိတ်)

### (စိန်ပေါ်ကျောင်းသားဟောင်း)

### အသက်(၈၃)နှစ်

ရန်ကုန်မြို့နေ (ဦးဘအေး-ဒေါ်ရီရီ)တို့၏ တစ်ဦးတည်းသောသား၊ (ဒေါ် မြမြသီ)၏ ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးမြင့်ဦး-ဒေါ်လှဲ့လှဲ့ထား Bella Interiors Co.,Ltd၊ မြိတ်မြို့ ကန်ဖျားရပ်နေ ဦးမောင်သော်-ဒေါ်ကြူကြူ၊ ဒေါ်အေးစပွါယ်၊ (ကိုကျော်ကျော်အောင်)တို့၏ ဖခင်၊ ကိုဘိုဘိုပိုင်ဦး၊ ကိုရန်နိုင်ဦး၊ ကိုရဲထက်ဝင်း-မဆွေဇင်လှဲ့၊ မဇင်ဝေဖြိုး၊ မသက်နွယ်ဦး၊ မောင်ကျော်ဇောသန့်တို့၏အဘိုး၊ မမှူးထိပ်ထားဦး၊ မောင်ရဲရင့်ဝင်းတို့၏ ဘိုးဘိုးကြီး၊ ဦးဇော်ညွန့်(ခ)ဦးဂျော်နီဘအေးသည် ၂၂-၈-၂၀၂၂ ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် မြိတ်မြို့၊ ကန်ဖျားရပ်နေအိမ်၌ (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါကြောင်းနှင့် ကွယ်လွန်သူ၏ သဘောဆန္ဒအရ မြိတ်မြို့၊ ကလွင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ပိဋကတ်သုံးပုံဒါယကာကြီး

## ဦးမြစိုး

### ပြည်နယ်မန်နေဂျာ(ငြိမ်း)

### ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

### အထွေထွေအတွင်းရေးမှူး

### မအူပင်မြို့နယ်အသင်း(ရန်ကုန်)

### အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ လှည်းတန်း၊ ပဒေသာလမ်း၊ အမှတ်-၁၄(ခ)နေ (ဦးထွန်းလင်း-ဒေါ်ညွန့်ယဉ်)တို့၏သား၊ (ဦးချင်း-ဒေါ်သန်းခင်)တို့၏သားသမက်၊ ဒေါ်ခင်ညို၏ချစ်လှစွာသောခင်ပွန်း၊ ဦးကြည်ဆန်း-ဒေါ်နုယဉ်စိုး၊ ဦးမျိုးသိန်း-ဒေါ်ကေသီစိုး၊ မတိုးတိုးတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ဖြိုးမင်းသန့် (ကိုဖြိုး)၊ မကြည်ဖြူသန့်၊ မကေဇင်လင်းတို့၏အဘိုး ဦးမြစိုးသည် ၂၁-၈-၂၀၂၂ ရက် ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၂၂ ရက် နံနက် ၉:၄၅ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း

### မအူပင်မြို့နယ်အသင်း(ရန်ကုန်)

### ဦးမြစိုး (အထွေထွေအတွင်းရေးမှူး)

### အသက်(၈၂)နှစ်(၂၁-၈-၂၀၂၂)

### ဦးမြသောင်း(အတွင်းရေးမှူးဟောင်း)

### အသက်(၈၁)နှစ် (၉-၇-၂၀၂၂)

မအူပင်မြို့နယ်အသင်းကြီးအပေါ် သံယောဇဉ်ကြီးမားစွာဖြင့် မိမိတို့၏ အသက်အရွယ်ကို မငဲ့ဘဲ စေတနာထားလုပ်ကိုင်ပေးခဲ့ပါသော ဦးမြစိုးနှင့် ဦးမြသောင်းတို့ ကွယ်လွန်ခဲ့ခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ ယူကျုံးမရ ဝမ်းနည်းကြေကွဲရပါသည်။ **အမှုဆောင်အဖွဲ့**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တာမွေမြို့နယ်၊ ၁၄၇ လမ်းနေ ဦးတင်မောင်အေး-ဒေါ်သန်းသန်းဆွေတို့၏သား မောင်အောင်ခိုင်မင်း ၁၂/တမန(နိုင်)၁၁၆၃၄၉ သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ သူ၏သဘောအလျောက် ပြုမူသွားပါသည်။ ထို့အပြင် မိဘအသိုင်းအဝိုင်း၏ စကားကို ဆန့်ကျင်ပြီးသူ၏ စိတ်သဘောအလျောက် ပြုမူဆောင်ရွက်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးတင်မောင်အေး-**
**ဒေါ်သန်းသန်းဆွေ**

## သစ်ပင် နည်းလာ တို့ကမ္ဘာ လွန်စွာ ပူအေး ဥတုဘေး

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး/မြောက်၊ အောင်မေတ္တာလမ်း၊ မြေကွက်အမှတ် (၅၅၀/က) ၊ အကျယ်အဝန်း (၃၅ပေ X ၆၀ပေ) (၂၁၀၀-စတုရန်းပေ) (၀.၀၄၈ဧက) အကျယ်အဝန်းရှိ ဒေါ်ခင်မာဝေ (၁၂/ဗတထ(နိုင်)၀၁၃၂၃၇) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်မာဝေ (၁၂/ဗတထ(နိုင်)၀၁၃၂၃၇) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ (စဉ်-၄၃၆၈၈)
ဖုန်း . ၀၉၄၂၁၇၄၆၉၇၄

အမှတ်(၅၁၅)၊ဗိုလ်သုန်လမ်း၊(၄၉)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့။

### အများသိစေရန်အသိပေးကြေညာခြင်း

နေပြည်တော်၊ မြို့မဈေး၊ အမှတ်(ပ-၁၂၉)တွင်တည်ရှိသော TEACHER SU CO.,LTD ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၃၀၄၁၇၁၆၇)၏ မန်နေဂျင်းဒါရိုက်တာ(FOUNDER)ဖြစ်သူ ဒေါ်ဆုထက်ဇော်၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာလိုက်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် TEACHER SU Language Centre အမည်ဖြင့် အင်္ဂလိပ်စာသင်တန်းများ IELTS သင်တန်းများ ဖွင့်လှစ်ကာ ကျောင်းသားကျောင်းသူများအားသင်ကြားပို့ချပေးလျက်ရှိပါသည်။ ယနေ့ခေတ်ကာလပြောင်းလဲလာမှုနှင့်အညီ Social Platform များမှတဆင့်လည်း Online Class များဖွင့်လှစ်ကာစဉ်ဆက်မပြတ်ကောင်းသောဂုဏ်သတင်းများဖြင့်သင်ကြားပေးလျက်ရှိပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ထိုကဲ့သို့ကောင်းသော ဂုဏ်သတင်းများဖြင့်ပညာရေးသင်တန်းကျောင်းဖွင့်လှစ်ကာသင်ကြားမှုအပေါ် အများမှထင် ယောင်ထင်မှားဖြစ်စေရန်၊ အသရေပျက်စေရန်၊ နာမည်ဂုဏ်သတင်းညှိုးနွမ်းစေရန်နှင့် အကျိုးစီးပွားထိခိုက်နစ်နာစေရန်တမင်ရည်ရွယ်၍ TEACHER SU Language Centre ၏ဂုဏ်သိက္ခာထိပါးစေသည့် မမှန်မကန်ပြောဆိုရေးသားမှုများ၊ ပုဂ္ဂလိက အထင်အမြင်များအား Social Mediaများ၊ Facebook, Comment, Messenger, E-mail,Viber,Wechat, Line, Instgram,Telegram စသည်တို့ကို အသုံးပြုပြီး မိမိတို့၏ကိုယ်ပိုင်အကောင့်များတွင်ဖြစ်စေ၊ Groupများတွင်ဖြစ်စေ Post များတင်ခြင်း၊ Comment များရေးသားခြင်းများ၊ အများသိစေ ရန် Share ခြင်း၊ Private Group Chatများတွင်ပြောဆိုရေးသားကြခြင်းများကြောင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူကိုယ်တိုင်နှင့် TEACHER SU Language Centre ၏ ဂုဏ်သိက္ခာထိခိုက်နစ်နာမှုများဖြစ်ပေါ်လျက်ရှိပါသည်။ (ခိုင်လုံသည့်သက်သေအထောက်အထားများလည်း ရရှိပြီးဖြစ်ပါသည်။)

သို့ဖြစ်ပါ၍ ထိုကဲ့သို့ပြောဆိုရေးသားနေမှုများအား လူမှုကွန်ရက်စာမျက်နှာများတွင်ဖြစ်စေ၊ ပြင်ပ၌ဖြစ်စေ မည်သည့်နည်းလမ်း၊ မည်သည့်အကြောင်းကြောင်းနှင့်မျှတစ်စုံတစ်ရာမပြုလုပ်ကြရန်နှင့်မိမိတို့၏ Postများ၊ Commentများရေးသားခြင်းများအား(၂၄နာရီ)အ တွင်းအပြီးအပိုင်ဖျက်ပေးရန် TEACHER SU Language Centre မှနောက်ဆုံးအကြိမ်အဖြစ်သတိပေးတားမြစ်လိုက်ပါသည်။တားမြစ် ချက်အားဖောက်ဖျက်၍မမှန်မကန်ဝေဖန်ရေးသား အသရေဖျက်တိုက်ခိုက်မှုများ အားဆက်လက်လုပ်ဆောင်နေကြောင်းတွေ့မြင်ကြား သိရပါကမည်သူ့ကိုမဆို ကုမ္ပဏီ၏အကျိုးစီးပွားထိခိုက်စေမှု၊ အသရေပျက်စေမှု၊ နာမည်ဂုဏ်သတင်းညှိုးနွမ်းစေမှု၊ ဆက်သွယ်ရေးလူ မှုကွန်ရက်ကိုအသုံးပြုကာအသရေဖျက်မှုတို့အတွက်တည်ဆဲဥပဒေများနှင့်အညီပြစ်မှုကြောင်းအရဖြစ်စေ၊ ဆက်သွယ်ရေးဥပဒေဖြင့်ဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေလိုအပ်သလိုထိရောက်စွာတရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်အသိ ပေးကြေညာလိုက်ပါသည်။

**TEACHER SU CO.,LTD၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးမင်းမင်းသိမ့်(LL.B,D.B.L,D.I.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇)**

**ဒေါ်ငြိမ်းအိစိုး(LL.B,LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၉၀၇)**

**The Soultion Power Law Firm-အမှတ်(၃၃၊ မြေညီထပ်)၊ (၁၆)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသ ကြီး၊ ဖုန်း-၀၉-၅၀၉၈၉၄၂**

## ဦးလှစိုး
### က.စ.လ(မော်တော်ယာဉ်ဌာန)(အငြိမ်းစား)
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ဟံသာဝတီ (၂၂)လမ်း၊ အမှတ်(၅၁)နေ (ဦးစိန်ဟန်-ဒေါ်အေးတင်) တို့၏သား၊ (လင်းပင်ထိပ်တင်လတ်-ဒေါ်ခင်ခင်သိန်း) တို့၏ သားသမက်၊ ဦးအောင်မြင့်-(ဒေါ်ရီရီမြင့်)တို့၏ညီ၊ (ဦးမြအောင်-ဒေါ်တင်တင်စိန်) တို့၏အစ်ကို၊ (ဒေါ်တင်ဆွေဦး)၏ချစ်လှစွာသောခင်ပွန်း၊ ဦးထွန်းလင်းဦး၊ ဒေါ်မြအေးပွင့်တို့၏ဖခင်၊ တူ၊ တူမလေးယောက်တို့၏ဦးလေး၊ မြေးလေးယောက်တို့၏ အဘိုးသည် ၂၃-၈-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၇:၃၀နာရီတွင် SSCဆေးရုံ၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကျန်ရစ်သူရုပ်ကလာပ်ကို ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ပြုံးမြင့်
### (ဟုမ္မလင်း)
### အသက်(၅၆)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ကုံးကော်အိမ်ရာ၊ တိုက်(၂၅၉)နေ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြဌာနခွဲ-ငြိမ်း) ဗိုလ်မှူးညွှန့်သိန်း(ငြိမ်း)၏ဇနီး၊ သမီးကြီး မပြုံးခိုင်ဇင်၊ သမီးလတ် မသိန်းသန့်ဇင်၊ သမီးငယ် မဆုပိုပိုသန့်တို့၏မိခင်၊ ဟုမ္မလင်းမြို့၊ နောင်ပကျစ်ရပ်နေ ဦးတင်ဝင်း-ဒေါ်ခင်မြင့်ဦး (အထပြ-ငြိမ်း)တို့၏ညီမ၊ ဆရာတော် ဦးပညာ၏ညီမ၊ ဦးအေးကို-ဒေါ်ခင်ကျန်မြင့်၊ ဦးနွယ်သစ်-ဒေါ်ခင်ယုမြင့်တို့၏အစ်မသည် ၂၂-၈-၂၀၂၁ ရက် ၅:၁၇နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၂၃-၈-၂၀၂၁ရက် ညနေ ၃နာရီတွင် နေပြည်တော် ကုန်းဘောသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော ပင့်သံဃာအရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းအမျှအတမ်းပေးဝေလိုပါသောကြောင့် ၂၈-၈-၂၀၂၁ရက် နံနက် ၆နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းသွတ် တရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်ပြုံးမြင့်
### အသက်(၅၆)နှစ်

ဗိုလ်မှူးညွှန့်သိန်း(ငြိမ်း)၏ ချစ်လှစွာသော ဇနီးဖြစ်သူ ဒေါ်ခင်ပြုံးမြင့်သည် ၂၂-၈-၂၀၂၁ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၃)မှ**
**အရာရှိများနှင့်မိသားစုများ**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်တင်သန်း
### အသက်(၇၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးကျွဲ-ဒေါ်ကြီးမြ)တို့၏ ဒုတိယသမီး၊ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်နေ (ဦးဘတင်-ဒေါ်ဖွားမေ)တို့၏ချွေးမ၊ ဦးအောင်ခင်(MPPE-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးကျော်မင်းဦး(စ.စ.စ)-ဒေါ်ယုယုလှိုင်၊ ဦးနိုင်ဦး-ဒေါ်သော်တာဝင်း (PPRD)၊ ဦးအောင်စိုးလင်း(PPRD)တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မောင်မင်းသက်ခန့်(PPRD)၊ မဆုရည်ဦး (Yellowstone Myanmar Co.,Ltd)၊ မောင်ရှိန်းဝေယံဦး(PLC Level-3)တို့၏အဘွားသည် ၂၁-၈-၂၀၂၁ရက် (စနေနေ့) ညနေ၃:၅၃နာရီတွင် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၁၀:၅၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်ဝင်း(Lily Aung)
### ဦးစီးအရာရှိ(ငြိမ်း)၊က.ည.န
### အသက်(၆၇)နှစ်

(သခင်အောင်ဘွင့်-ဒေါ်အုံးတင်)(မော်လမြိုင်)တို့၏ချစ်သမီးထွေး၊ (ဦးကြည်ဝမ်-ဒေါ်ရင်မေ)၊ (ဦးကျော်ရင်)-ဒေါ်တင်တင်အေး၊ ဦးခင်မောင်ဌွေး-ဒေါ်နွယ်မော်အောင်၊ ဦးခင်စိုး-ဒေါ်လှလှဝင်းတို့၏ ချစ်လှစွာသော ညီမအငယ်ဆုံး၊ ဦးမျိုးခင်-ဒေါ်ခင်မျိုးကြွယ်တို့၏ ချစ်ဒေါ်ငယ်သည် ၂၀-၈-၂၀၂၁ရက် (သောကြာနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဝမ်းနည်းစွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသူရမောင်မောင်
### B.Sc(Maths, 1984-1991),B.Ed
### အလယ်တန်းကျောင်းအုပ်
### အလက၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)
### အသက်(၅၄)နှစ်

ဦးမောင်မောင်ထွေး(အငြိမ်းစား၊ အလယ်တန်းကျောင်းအုပ်ဆရာကြီး)-(ဒေါ်အေးသန့်) (အထက်တန်းကျောင်းအုပ်ဆရာမ ကြီး)တို့၏သားကြီး၊ မိတ္ထီလာမြို့နေ (ဦးချော)-ဒေါ်မမကြီးတို့၏သားသမက်၊ ဒုတိယအရာခံဗိုလ် အောင်ဟိန်းမောင်မောင်(ကပစ-၉)-ဒေါ်အေးအေးမော်(ကပစ-၉)၊ ဒေါက်တာအေးမိမိထွေး(တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)တို့၏ ချစ်ခင်လေးစားရပါသော အစ်ကိုကြီး၊ ဒေါ်ရီရီဝင်း(အလပြ၊ ကျောက်ဖြူကုန်း၊ မိတ္ထီလာ)၏ချစ်ခင်ပွန်း၊ မမြတ်သူဝင်း၏ ကျေးဇူးရှင်ဖခင်သည် ၂၂-၈-၂၀၂၁ရက် (တနင်္ဂနွေနေ့) ည ၁၁:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ထန်းပင်ကုန်းရပ်ကွက်၊ စော်ဘွားကြီးကုန်း၊ သဇင်လမ်း၊ အမှတ်(၃၉)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၁၀:၁၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးတင့်လွင်(ခ)ဦးအဘိန်း
### ထွန်းရော်ဘာဆိုလ်းပြားလုပ်ငန်း
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းအောက်လမ်း၊ အမှတ်(၃၄၊ တတိယထပ်)နေ ဒေါ်ကြူကြူစိန်၏ ချစ်လှစွာသောခင်ပွန်း၊ မစန္ဒာလွင်(ခ)အင်ယွဲ့လိန်၏ ကျေးဇူးရှင်မွေးသဖခင်၊ (ဦးဝင်းနိုင်-ဒေါ်စမ်းကြည်)၊ (ဒေါ်ကျင်ဟွာ)၊ ဦးအောကေး၊ ဦးတင်ဦး-ဒေါ်မြမြ၊ ဒေါ်ခင်ကြူကြူ၊ ဒေါ်သန်းရွှေ(ခ)အသုတ်၊ ဦးတင်အောင်(ခ)အင်းယားတို့၏အစ်ကိုကြီးသည် ၂၁-၈-၂၀၂၁ရက် မွန်းလွဲ ၂နာရီတွင် OSC Hospital ၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးဖူးကျန့်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးညီညီထင်ပေါ်
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
### အသက်(၆၉)နှစ် (၂၉-၇-၂၀၂၁)
### ဦးအောင်မင်း
### ညွှန်ကြားရေးမှူး(ငြိမ်း)
### အသက်(၆၅)နှစ် (၅-၈-၂၀၂၁)
### ဒေါ်သီတာဝင်း
### ညွှန်ကြားရေးမှူး(ငြိမ်း)
### အသက်(၆၃)နှစ် (၂၃-၈-၂၀၂၁)

ပြည်တွင်းအခွန်များဦးစီးဌာနမှ အငြိမ်းစားဝန်ထမ်းဟောင်းများသည် ယှဉ်တွဲပါ နေ့ရက်အသီးသီးတွင် ကွယ်လွန်သွားခဲ့ကြကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**ပြည်တွင်းအခွန်များဦးစီးဌာန**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
### ဒေါ်မြင့်မြင့်မော်
### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ (၆) လမ်းအရှေ့၊ အိမ်အမှတ်(၁၂၆၀)နေ ဦးကျော်ဖုံမြင့်၏ ဇနီး၊ မဖူးဖူးသန့်စင်၏မိခင်သည် ၁၇-၈-၂၀၂၁ရက်တွင် တောင်ဒဂုံမြို့နယ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၂၁ ရက်တွင် ရက်လည်ဆွမ်းသွပ်တရားနာ ပြီးစီးပါကြောင်း နှင့်အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆရာဝန်၊ ဆရာမနှင့် မိတ်ဆွေသင်္ဂဟများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးခန့်သူနိုင်
### (LL.B)အထက်တန်းရှေ့နေ
### အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ(ဦးထွန်းဖုံ-ဒေါ်သန်း)၊ အလုံမြို့နယ်နေ (ဦးမြင့်အောင်)-ဒေါ်စန်းတို့၏မြေး၊ လှည်းကူးမြို့နယ်၊ စခန်းကြီးပန်းခြံနေ ဦးကိုကိုနိုင်-ဒေါ်နွဲ့နွဲ့ရီတို့၏တစ်ဦးတည်းသောသား၊ ဒေါ်ဖြိုးဇင်ဝင့် (LL.B ၊ အထက်တန်းရှေ့နေ)၏ ချစ်လှစွာသောအစ်ကို၊ ဒေါ်နွေးနန္ဒာမောင်(LL.B၊ အထက်တန်းရှေ့နေ)၏ချစ်လှစွာသောခင်ပွန်း၊ မဆုနန္ဒာနိုင်၏မွေးသဖခင်ကျေးဇူးရှင်သည် (၁၃၈၃ခုနှစ်၊ ဝါခေါင်လပြည့်) ၂၂-၈-၂၀၂၁ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်သော ကိုယ်ခန္ဓာရုပ်ကလာပ်ကို စခန်းကြီးသုသာန်၌ ကောင်းမွန်စွာ ပို့ဆောင်သင်္ဂြိုဟ်ပြီး ကျန်ရစ်သောအရိုးပြာအားဂူသွင်းပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဦးခန့်သူနိုင်(LL.B၊ အထက်တန်းရှေ့နေ) အသက်(၃၇)နှစ်သည် ၂၂-၈-၂၀၂၁ရက်တွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့်ထပ်တူအထူးဝမ်းနည်းကြေကွဲမိပါသည်။

**ညီလေး**
**စိုးမိုးဦး**

## ဝမ်းနည်းကြေကွဲခြင်း

ဦးခန့်သူနိုင်(LL.B၊ အထက်တန်းရှေ့နေ) အသက်(၃၇)နှစ်သည် ၂၂-၈-၂၀၂၁ရက်တွင် ကွယ်လွန်သွားပါသဖြင့် ရင်မှာအတိုင်းမသိကြေကွဲရ၏။ နောင်ဘဝများသာရှိခဲ့ပါသော် ညီမလေးတို့ရင်ခွင်ပြန်ခိုဝင်နော်။

**ချစ်တဲ့ညီမလေး**
**ဖြိုးဇင်ဝင့်**
**(LL.B၊ အထက်တန်းရှေ့နေ)**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဘဒ္ဒန္တခေမာဝံသ
### သက်တော် (၆၄)နှစ်၊ သိက္ခာတော် (၄၄)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ပေါက်တန်း-ဒိတ်ကုန်းကျေးရွာ၊ ပေါက်တန်း-ဒိတ်ကုန်းပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဖြစ်တော်မူသော ဘဒ္ဒန္တခေမာဝံသ ဆရာတော်ကြီး သက်တော် (၆၄)နှစ်၊ သိက္ခာတော် (၄၄)ဝါသည် ၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်နေ့ (၂၂-၈-၂၀၂၁) တနင်္ဂနွေနေ့ ညနေ ၅ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပြီဖြစ်ပါကြောင်း တပည့်ရဟန်းရှင်လူပြည်သူအပေါင်းတို့အား အသိပေးအပ်ပါသည်။

**ပေါက်တန်းဒိတ်ကုန်း၊ ပရိယတ္တိစာသင်တိုက်**
**တပည့်သံဃာတော်များ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ညွှန့်ညွှန့်ရီ
### အသက်(၈၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နေ (ဦးဖိုးဒန်-ဒေါ်ဆင့်)တို့၏သမီး၊ (ဒေါက်တာမောင်မောင်မြင့်)၏ဇနီး၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၄၉)လမ်း၊ အမှတ်(၁၇၈)နေ ဦးမိုးမြင့်-ဒေါ်နီလာမောင်မောင်မြင့်၊ ဒေါက်တာအောင်မျိုးသန့်- ဒေါက်တာသီတာမောင်မောင်မြင့်တို့၏ ချစ်လှစွာသောမိခင်၊ ဦးကျော်ဘိုဘိုလင်း၊ ဒေါ်စောမို့မို့ကျော်၊ ဦးဖြိုးကျော်ကျော်-ဒေါ်စုမြတ်နိုး၊ ဦးသန်းလွင်စိုး-ဒေါ်ဝင်းသူတို့၏အဒေါ်၊ မအိကြာဖြူ၏ ချစ်လှစွာသောဘွားဘွားကြီး ဒေါ်ညွှန့်ညွှန့်ရီသည် ၂၃-၈-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၄:၅၀ နာရီတွင် Sakura Hospital ၌(၉၆)ပါးသော ရောဂါဖြင့်ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ကျန်ရစ်သူမိသားစုမှ အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးစိုးမြင့်(ခ)ဦးကွာစိ
### (၁၉-၇-၂၀၂၁)ရက်
### အသက်(၇၂)နှစ်
### ဦးကြည်ဝင်း(ခ)ဦးကြီးဝင်း (ထားဝယ်)
### (၂၀-၇-၂၀၂၁)ရက်
### အသက်(၇၈)နှစ်
### ဦးတင်ဝင်း(M.G.M Hotel Group)(၂၀-၈-၂၀၂၁)ရက်
### အသက်(၆၂)နှစ်

အထက်ဖော်ပြပါ မိတ်ဆွေသုံးဦးတို့သည် ယှဉ်တွဲပါနေ့ရက်များတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားခဲ့ပါသဖြင့် ကျန်ရစ်သူ မိသားစုများနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဝါးတန်းလမ်း Doreen Tea Group မှမိတ်ဆွေသူငယ်ချင်းများ**

## ဦးကြည်သိန်း(စာရေးဆရာချစ်နှင်းဆွေ)
### LL.B, D.B.L(တရားလွှတ်တော်ရှေ့နေ)စဉ်-၃၀၀၀
### အလုပ်အမှုဆောင်(လူမှုကူညီရေးအသင်း၊ ရန်ကုန်)
### အသက်(၇၀)

ရန်ကုန်မြို့နေ(ဦးသန်းအောင်-ဒေါ်အုန်း)တို့၏ သား၊ (ဦးခင်မောင်-ဒေါ်သုဆွေ)တို့၏ သားသမက်၊ ဦးစိုးတင့်အောင်-ဒေါ်ရီရီစံတို့၏အစ်ကို၊ (ဒေါ်မိမိလေး) အထက်တန်းပြ(ငြိမ်း)၏ခင်ပွန်း၊ ဦးရန်နိုင်အောင်(ခ)ဒေါက်တာဖိုးဖြူ၊ ဦးစစ်နိုင်(လက်ထောက်ညွှန်ကြားရေးမှူး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန)-ဒေါ်ခင်မိမိအောင်(B.Econ Economics) တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၂၀-၈-၂၀၂၁ရက်(သောကြာနေ့) နံနက် ၀၀:၀၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၂၁ရက်(သောကြာနေ့) မွန်းလွဲ ၂:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## ဩဂုတ် ၂၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၁၈၆ ဦး တွေ့ရှိ

**ထပ်မံသေဆုံးသူ ၁၂၅ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၄၄၉၉ ဦးရှိ**

(၂၃-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊

စာမျက်နှာ ၁၅ ကော်လံ ၁ ❒

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## အခြေခံစားကုန်နှင့် အိမ်သုံးဆေးဝါးများ ရွှေ့လျားဈေးကား Mobile Market စနစ်ဖြင့် ဈေးနှုန်းသက်သာစွာဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၃

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများတွင် အခက်အခဲအမျိုးမျိုး ကြုံတွေ့ရလျက်ရှိပြီး စားရေးအခက်အခဲများနှင့် အခြေခံအိမ်သုံးဆေးဝါးအခက်အခဲများကိုလည်း ရင်ဆိုင်ကြုံတွေ့လျက်ရှိကာ နည်းလမ်းအမျိုးမျိုးဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေး အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထု ရင်ဆိုင်ကြုံတွေ့နေရသည့် စားရေးနှင့်

စာမျက်နှာ ၂ ကော်လံ ၃ ❍

## စပိန်လာလီဂါတွင် အက်သလက်တီကိုတို့ ကော်ရဲရား၏ သွင်းဂိုးဖြင့် နိုင်ပွဲဆက်



စပိန်လာလီဂါပွဲစဉ် (၂) အဖြစ် အက်သလက်တီကို မက်ဒရစ်အသင်းနှင့် အယ်ချီအသင်းတို့ပွဲစဉ်ကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက အက်သလက်တီကို မက်ဒရစ်အသင်းအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အက်သလက်တီကို မက်ဒရစ်အသင်းက ကော်ရဲရား၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ကော်ရဲရားသည် ပွဲစဉ်(၁)တွင်လည်းအက်သလက်တီကိုမက်ဒရစ်အသင်းက ဆဲလ်တာဗီဂိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့

စာမျက်နှာ ၂၄ ကော်လံ ၅ ❖

## ချင်းတွင်းနှင့် သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်

နေပြည်တော် ဩဂုတ် ၂၃

ယနေ့ နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးလက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည်နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**တစ်လက်မခန့် ကျော်လွန်ရောက်ရှိ**

အလားတူ ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

မိုး/ဇလ

**ယနေ့ မာတိကာ**

**ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်(ဟောင်း) ဒေါက်တာခက်အောင်၊ ပြည်နယ်ဝန်ကြီး(ဟောင်း)များဖြစ်ကြသော ဦးဝေလင်း၊ ဦးဝင်းညွန့်၊ ဦးလဆိုင်း(ခ)ဦးဒါရှီလဆိုင်း၊ ဦးနော်လီ(ခ) ဇခေါင်ခမ်းရယ်၊ ဦးဇော်ဝင်းနှင့် ဦးနေဝင်း၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးနိုင်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူ** စာမျက်နှာ - ၁၁

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးဆိုင်ရာ ဆေးဝါး၊ ဆေးပစ္စည်းများနှင့် ပတ်သက်၍ တိုက်ရိုက်ချိတ်ဆက်ဝယ်ယူနိုင်စေရန် တင်သွင်းဆေးဝါးများ၏ Price List များအား မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ Website နှင့် Facebook Page များတွင် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်** စာမျက်နှာ - ၁၂